# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၉)၊ အမှတ် (၃၂၈)


# ထန်တလန်မြို့နယ်ရှိ မြို့နှင့်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ၆၆ ကေဗွီ နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျာထားတောင်းခံ တည်ဆောက်ပေးမည်

နေပြည်တော် ဩဂုတ် ၂၅

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၏ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅) ပေါ်တွင် တည်ရှိသည့် ကယားဂေဟာ အမည်ရှိသော အဆောက်အဦနှင့် မြေအား ကယားပြည်နယ် အစိုးရထံသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၃၅)ရှိ Pansea Hotel (The Governor's Residence) ဖွင့်လှစ်ထားသော မြေနှင့် အဆောက်အဦသည် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်သို့ လွှဲပြောင်းပေးထားခြင်းမဟုတ်ဘဲ ဟိုတယ်လုပ်ငန်း လုပ်ကိုင်ရန် နိုင်ငံခြားကုမ္ပဏီသို့ (B.O.T) စနစ်ဖြင့် စာချုပ်ချုပ်ဆို ငှားရမ်းထားခြင်းဖြစ်ပါသဖြင့် စာချုပ်သက်တမ်းကုန်ဆုံးပါက နိုင်ငံတော်ပိုင်အဖြစ် ရှိနေမည်ဖြစ်ခြင်း၊ အဆိုပါမြေသည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအမည်ပေါက် အစိုးရမြေဖြစ်ခြင်း၊ နိုင်ငံတော်အတွက် နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းဖြစ်ခြင်း၊ ချုပ်ဆိုထားသော (B.O.T) စာချုပ်သက်တမ်းတွင် ၂၀၆၅ ခုနှစ်အထိ ရှိနေမည်ဖြစ်ခြင်းတို့ကြောင့် ကယားပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း၏ ထန်တလန်မြို့အတွက် ၆၆ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း တည်ဆောက်ခြင်းသည် မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိလိုခြင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများကိုပါ လျှပ်စစ်ဓာတ်အားလိုင်း ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ထန်တလန်မြို့နယ်အတွင်းရှိ မြို့နှင့် ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ဘဏ္ဍာနှစ်အလိုက်


*စာမျက်နှာ ၇ ကော်လံ ၁* ❍




ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်။

## ရခိုင်ပြည်နယ်အတွင်း ကျောက်ဖြူမြို့နယ်၊ အမ်းမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၉၆/၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် အချို့သောမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အတွင်း အောက်ပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) ကျောက်ဖြူမြို့နယ်၊
(ခ) အမ်းမြို့နယ်၊
(ဂ) တောင်ကုတ်မြို့နယ်၊
(ဃ) သံတွဲမြို့နယ်။

၃။ အဆိုပါ မြို့နယ် ၄ မြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများ မပါ)
(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊
(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊


*စာမျက်နှာ ၇ ကော်လံ ၁* ❖


### ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်း ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ


*စာမျက်နှာ – ၄*


### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ


*စာမျက်နှာ – ၁၇*



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# အလုပ်အကိုင်အခွင့်အရေးနှင့် အလုပ်သမားဘဝ အာမခံချက်

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးဟုဆိုသည်နှင့် ရှေ့တန်းရောက်ပြဿနာဖြစ်နေသည့် ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းရေး၊ အလုပ်အကိုင် အခွင့်အလမ်းပေါများအောင် ဖန်တီးနိုင်ရေး စသည်ဖြင့် ဖြေရှင်းစရာ စိန်ခေါ်မှုအများအပြား ရှိနေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းဆိုရာ၌လည်း အလုပ်သမားတို့၏ လုပ်ခလစာ သင့်တင့်မျှတပါ၏လော၊ အလုပ်သမားတို့ နေ့စဉ်ဘဝများ ပြေလည်ပါ၏လော၊ မိသားစုရေရှည်ဘဝအာမခံချက် ရှိပါ၏လော ဆိုသည်တို့ကိုလည်း ဆန်းစစ်ကြရပါသည်။

ပမာအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးမြှင့်ရေးတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အခန်းကဏ္ဍက အထူးအရေးပါသည်ဟုဆိုသော် ရနိုင်ပါ၏။ သို့သော်လည်း ဖြတ်သန်းခဲ့သည့် ကာလတစ်လျှောက်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ တိုးတက်များပြားသည်နှင့်အပြိုင် ဆောက်လုပ်ရေးကဏ္ဍတွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နေကြသော လက်သမား၊ ပန်းရန်၊ အုတ်သယ်၊ သဲသယ်၊ သံချည်သံကွေး အစရှိသည့် အလုပ်သမားများ၏ လုပ်ခများ မည်မျှတိုးတက်လာသည်ဆိုသည်မှာ စိတ်ဝင်စားစရာ ဖြစ်ပါသည်။ လုပ်ငန်းရှင်တို့၏ ချမ်းသာကြွယ်ဝမှု တိုးတက်လာသည်နှင့် အလုပ်သမားတို့၏ ဘဝများ တိုးမြင့်လာမှုများက အချိုးကျ ဖြစ်၏၊ မဖြစ်၏ ဆိုသည်ကလည်း အရေးပါပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်မှ အခြေခံအလုပ်သမားများ၏ဘဝများ မည်မျှတောက်ပြောင်လာသနည်း။ ၎င်းတို့၏ သားသမီး ကလေးငယ်များ၏ ပညာသင်ကြားရေး၊ ကျန်းမာရေး အစောင့်အရှောက်တို့ကို မည်သို့ အာမခံပေးနေသနည်း စသည်ဖြင့် ငဲ့စောင်းကြည့်သင့်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက အခွန်အခလျှော့ပေါ့ရေး၊ ပရောဂျက်များ များများဖော်ထုတ်ရေးတို့ကို အားစိုက်နေသည်နှင့်အတူ ဆောက်လုပ်ရေးနယ်ပယ်မှ အခြေခံအလုပ်သမားတို့၏ဘဝ အာမခံနိုင်ရေးစနစ်များကိုလည်း စီမံကြရန် လိုပါမည်။

ထို့အတူပင် အခြားသော စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း စသည့်လုပ်ငန်းအသီးသီးတို့ရှိ အခြေခံအလုပ်သမားများအတွက် လုပ်ငန်းရှင်များက လုပ်ခလစာ၊ နေ့စားခ စသည်တို့သာမက မိသားစု၏ ကျန်းမာရေး၊ ပညာရေး အာမခံချက်ရှိစေရေးကို ထည့်သွင်းဆင်ခြင်သင့်ပါသည်။

ယခုအခါ အချို့သော ခေတ်မီသည့် လုပ်ငန်းရှင်များက အလုပ်သမားများ၏ နေရေးထိုင်ရေးအစ သားသမီးတို့၏ ပညာရေး၊ မိသားစုကျန်းမာရေးအာမခံစနစ်များကို ဆောင်ရွက်နေကြ၊ တာဝန်ယူရန် နည်းလမ်းများ ရှာဖွေနေကြဟူသည့် သတင်းများပေါ်ထွက်လာခြင်းမှာ နိုင်ငံတိုးတက်မှု၏ အရေးပါသော လမ်းစများဟု မြင်ပါသည်။

အစိုးရဝန်ထမ်းများဖြစ်စေ၊ ပုဂ္ဂလိက ကဏ္ဍမှ ဝန်ထမ်းများဖြစ်စေ၊ လယ်ယာစိုက်ပျိုးရေးနယ်ပယ်မှ လယ်လုပ်သားများဖြစ်စေ၊ တပ်မတော်သားများဖြစ်စေ ဘဝရှင်သန်ရေးအတွက် အလုပ်လုပ်နေကြသူများအားလုံးအတွက် စားဝတ်နေမှု နေရေးထိုင်ရေး၊ သားသမီးများ၏ ပညာရေး၊ မိသားစုကျန်းမာရေး စသည့် အာမခံစနစ်များ ခိုင်မာမှုသည် ဝန်ထမ်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ ဘဝခရီးအတွက် အရေးကြီးသော အထောက်အပံ့များ ဖြစ်စေရပါမည်။

ခေတ်မီတိုးတက်သောနိုင်ငံတော် တည်ထောင်သည်ဆိုရာတွင် အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်းများသည် ရှေ့ဆုံးတန်းက လက်တွေ့အကောင်အထည်ဖော်ရသူများ ဖြစ်ပါသည်။

အနိမ့်ဆုံးတန်းစားတစ်ရပ်လုံး၏ ဘဝများ ပြေလည်ခိုင်မာပါမှ တိုးတက်ရေးယန္တရားတို့ အားရှိခိုင်မာကာ နိုင်ငံတော် အမှန်တကယ် တိုးတက်ဖွံ့ဖြိုးသည်ဟု ဂုဏ်ယူနိုင်မည် ဖြစ်ပါကြောင်း။ ။

## ဆရာတိုက်စိုး(၁၉၂၀-၂၀၀၃) ရာပြည့်အထိမ်းအမှတ် စာပေစကားဝိုင်း ရက်ရွှေ့ဆိုင်း

နေပြည်တော် ဩဂုတ် ၂၅

စာပေဗိမာန် (၇၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်းနှင့်ပူးတွဲလျက် ဆရာတိုက်စိုး(၁၉၂၀-၂၀၀၃) ရာပြည့်အထိမ်းအမှတ်စာပေစကားဝိုင်းကို ဩဂုတ် ၂၈ ရက် (သောကြာနေ့)တွင် ကျင်းပရန်လျာထားခြင်းကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့အလင်း

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ Video Conference ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅




အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကိစ္စနှင့်စပ်လျဉ်း၍ ယမန်နေ့ နံနက်ပိုင်းက Video Conference ဖြင့် ကျင်းပရာ (ယာပုံ) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ CTFMR ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Ola Almgren ၊ မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ကိုယ်စားလှယ် Ms. June Kunugi နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နှစ်စဉ်အစီရင်ခံစာ၌ ကလေးစစ်သည် စုဆောင်းမှုနှင့် အသုံးပြုခြင်းစာရင်းတွင် ထည့်သွင်းထားရှိခဲ့သည့် မြန်မာ့တပ်မတော်အား ၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် အဆိုပါစာရင်းမှ ပယ်ဖျက်ပေးခဲ့သည့် ကိစ္စရပ်နှင့် ပတ်သက်၍ မြန်မာ့တပ်မတော်နှင့် CTFMR တို့ကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ သတင်းစဉ်

# သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေခေါင်းစဉ်ဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ် စီမံကိန်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း အောင်မြင်စွာရေးဆွဲနိုင်ရေးအတွက် မဟာဗျူဟာ၏ လျာထားအခန်း (၆)ခန်း



အနက် အခန်း(၅) ဖြစ်သည့် သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီအစည်းအဝေးအား ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေက အမှာစကားပြောကြားပြီး ဆပ်ကော်မတီအတွင်းရေးမှူးဖြစ်သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးက အစည်းအဝေးခေါ်ယူရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက အုပ်စုဖွဲ့ဆွေးနွေးခြင်းများပြုလုပ်ကြပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးကို Video Conferencing ဖြင့် ကျင်းပခဲ့ပြီး သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီဝင်များ၊ အခြားဆပ်ကော်မတီ (၈) ခုမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်ကော်မတီဝင်များနှင့် UNICEF (မြန်မာ)မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# အောင်ပန်းနှင့်တောင်ကြီးမှ အာလူးနှင့် ကြက်သွန်ဖြူများကို ကရင်ပြည်နယ် သမဝါယမအသင်းစုချုပ်က ဖြန့်ဖြူးရောင်းချ

ဘားအံ ဩဂုတ် ၂၅

ကရင်ပြည်နယ် သမဝါယမအသင်းစုချုပ်အနေဖြင့် ရှမ်းပြည်နယ် အောင်ပန်းမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့မှထွက်သော အာလူးနှင့် ကြက်သွန်ဖြူများကိုဝယ်ယူ၍ ဩဂုတ် ၂၃ ရက်မှ စတင်ကာ ကရင်ပြည်နယ်အတွင်း မြို့နယ်များ၌ ဖြန့်ဖြူးရောင်းချပေးနေကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသား အသင်းသူများထံသို့ အာလူး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ နှုန်းဖြင့် စုစုပေါင်း အာလူးပိဿာချိန် ၁၉၀၀ နှင့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ နှုန်းဖြင့် စုစုပေါင်း ကြက်သွန်ဖြူပိဿာချိန် ၁၉၀၀ တို့ကို ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဖြန့်ဖြူးရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရွှေကူမြို့ရှိ ရွှေအင်းတော် သမဝါယမအသင်းက အင်းတော်လဟာကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်

ရွှေကူ ဩဂုတ် ၂၅

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ငါးမျိုးစိတ်များ ရေရှည်တည်တံ့စေရန်နှင့် ငါးရိက္ခာများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်ရည်ရွယ်၍ ရွှေကူမြို့နယ် ရေလဲကျေးရွာရှိ ရွှေအင်းတော် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ အင်းတော်လဟာကြီးအင်းအတွင်း၌ တန်ဖိုးငွေကျပ်သိန်း ၅၀ နှင့်ညီမျှသော ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူနှင့် ငါးမုတ် ငါးသားပေါက်များကို ရွှေကူမြို့နယ် သမဝါယမဦးစီးဌာနနှင့် ဌာနပေါင်းစုံပါဝင်သောအဖွဲ့က ဩဂုတ် ၂၄ ရက်က မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)



သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုက COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် မိသားစုက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ငွေကျပ် ၃၆ သိန်းအား Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ယနေ့မွန်းလွဲပိုင်းက လှူဒါန်းရာ ဗဟိုကော်မတီ အတွင်းရေးမှူး (၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ သည်။ (ယာပုံ)

သတင်းစဉ်



## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စစ်တွေမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**စစ်တွေ ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေး အတွက် စစ်တွေမြို့နယ်အတွင်း Stay at Home ကာလ ပုံမှန်ဝင်ငွေ မရှိသော ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက ပြည်နယ်အစိုး ရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ တွင် လတ်တလောအသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ Corona-virus Disease– 2019 (COVID–19) ရောဂါပိုး အတည်ပြုလူနာများ တွေ့ရှိလာရသည့်အတွက် ရောဂါ ကူးစက်ပျံ့နှံ့မှု ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေ မြို့နယ်အား Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်၍ ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စုများ၏ စားဝတ် နေရေး အထောက်အပံ့ဖြစ်စေရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေး အတွက် စစ်တွေမြို့နယ်အတွင်း Stay at Home ကာလ ပုံမှန်ဝင်ငွေမရှိ သော အခြေခံပြည်သူ အိမ်ထောင်စု ၂၉၉၀၇ စုအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၉၈၁၄၀၀၀၀ (ကျပ် ငါးထောင်ကိုးရာ ရှစ်ဆယ် တစ်သိန်းလေးသောင်းတိတိ) အား ထောက်ပံ့နိုင်ရန် လွှဲပြောင်းပေးအပ် ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ငွေများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လွှဲပြောင်းပေးအပ်ခဲ့ရာ စစ်တွေခရိုင် Coronavirus Disease – 2019 (COVD–19) ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး က လက်ခံယူသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် စစ်တွေခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အုပ်ချုပ်ရေး မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ များအား ရပ်ကွက်အုပ်ချုပ်ရေးမှူး များအား လွှဲပြောင်းပေးအပ် ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေး မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သည် ရပ်ကွက်အတွင်းရှိ Stay at Home ကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံပြည်သူများအား အိမ်တိုင် ရာရောက် သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## အားကစားတိုးတက်ရေးအတွက် ရှေ့လာမည့် ငါးနှစ်အတွင်း ဆောင်ရွက်မည့်အစီအစဉ်များအား အပိုင်းအခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

အားကစားတိုးတက်ရေး အတွက် ရှေ့လာမည့် ငါးနှစ်အတွင်း ဆောင် ရွက်မည့် အစီအစဉ်များကို အပိုင်း အခြားအလိုက် စီမံချက်ရေးဆွဲခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေး ခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးသိန်းထွန်းလတ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်း မြင့်ဦး၊ ဌာနခွဲညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများ ၊ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီး များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ယနေ့မှ စတင်၍ပြုလုပ်မည့် လုပ်ငန်းစဉ်များ သည် လွန်စွာအရေးကြီးပါကြောင်း၊ အားကစားဖွံ့ဖြိုးလာမည့် ငါးနှစ် အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ် များ၊ လုပ်ငန်းများနှင့် နှစ်စဉ် အသေးစိတ် ဆောင်ရွက်ရမည့် လုပ်ငန်းများ တင်ပြရန် လိုအပ်ပါ ကြောင်း၊ ယခုအခါ ငါးနှစ်အတွင်း ပြုလုပ်မည့် လုပ်ငန်းစဉ်များကို ယေဘုယျတင်ပြကြရန်၊ ယခု ဆောင်ရွက်မည့် အစီအစဉ်များတွင် အဆင့်(၂)ဆင့်ရှိပါကြောင်း၊ ပထမ အဆင့်အနေဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ ဖွဲ့စည်း ရာတွင် သက်ဆိုင်ရာ ဝန်ကြီးချုပ်များ ဦးဆောင်၍ လူမှုရေးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင် ဆောင်ရွက်နေသည်ကို တွေ့ရပါ ကြောင်း၊ မိမိတို့ဌာနမှ တိုင်းဒေသကြီး နှင့်ပြည်နယ် ညွှန်ကြားရေးမှူးများ အနေဖြင့်လည်း ထိုသို့ ပံ့ပိုးမှုအားကို ယူ၍ မိမိတို့ဒေသရှိ လူ့စွမ်းအားအရင်း အမြစ်များ၊ အခြေခံအဆောက်အအုံ များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ဒုတိယ အဆင့်အနေဖြင့် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ခေါင်းဆောင် သော ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့များသည် တင်ပြလာသည်များကို စိစစ်၍ ကောင်းမွန်သော အစီအစဉ် သစ်တစ်ခုရေးဆွဲပြီး ဆောင်ရွက်စေ မည် ဖြစ်ပါကြောင်း၊ ယခုအစည်း အဝေးတွင် မိမိတို့၏ အားကစား လုပ်ငန်းအတွေ့အကြုံများ၊ စိတ်ကူး များ၊ အကြံဉာဏ်များဖြင့် မိမိတို့ဒေသ၊ မိမိတို့ဌာနခွဲများအတွက် အကောင်း ဆုံးဖြစ်စေရန် တင်ပြဆွေးနွေးစေလို ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယ ပညာဦးစီးဌာန စီမံ/ဘဏ္ဍာဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်/လေ့(၁)ဌာနခွဲ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်/လေ့(၂) ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး တို့က လုပ်ငန်းများ ဆောင်ရွက် ထားရှိမှုကို ဆွေးနွေး တင်ပြကြ သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိဂုံးချုပ် ပြောကြားရာတွင် အကြောင်းအရာ ကိစ္စများကို ဆောင်ရွက်ရာတွင် သေချာစွာ သုတေသနပြု၍ ဆောင် ရွက်ရန် လိုအပ်ပါကြောင်း၊ ထွက်ပေါ် လာသော ရလဒ်ပေါ် မူတည်၍ အားနည်းချက်၊ အားသာချက်များကို တွေ့ရှိနိုင်မည် ဖြစ်ပါကြောင်း၊ ထိုမှသာ ထွက်ပေါ်လာသော ရလဒ်များနှင့် မြေပြင်ဖြစ်ပေါ်နေသော အခြေအနေ ကိုနှိုင်းယှဉ်၍ အကောင်းဆုံး ထိရောက်သော နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အစည်းအဝေး တက်ရောက်သူများက တင်ပြလာသည့် အစီအမံများနှင့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်း ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၅
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်း ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ ကုသရေးကာလအတွင်း ကျင်းပရမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အဓိကကျသော မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် ထိရောက်သော အကျိုးသက်ရောက်မှု ရှိစေရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် ဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ တင်ပြခဲ့ကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေတို့ကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြသော ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်း ကိုးဖွဲ့မှာ Generation Tree၊ Myanmar Independent Living Initiative (MILI)၊ MYNFREL၊ Panna Institute၊ Kadu Youth Development Association၊ Rainmaker၊ New Myanmar Foundation၊ Civil Development Institute (CDI)၊ Bago Observers Group တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်း ကိုးဖွဲ့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံစဉ်။

# ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဘက်စုံဆန်းစစ်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

**ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ဆရာဝန်များ၊ ကျန်းမာရေးမှူးများနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်များက ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဘက်စုံဆန်းစစ်သုံးသပ်တင်ပြမှုအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရခိုင်ပြည်နယ်၌ ယခုလ ၁၆ ရက်နေ့၌ တွေ့ရှိသော လူနာမှာ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်နေမှုအား မသိရှိမီကာလတွင် ခရီးသွားလာမှုများပြားကာ ထိတွေ့ခဲ့သူများပြားခဲ့သည့်အတွက် ယခုကဲ့သို့ အစကနဦး၌ ကိုဗစ်-၁၉ လူနာများ များပြားနေခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့်ကျန်းမာရေးဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်နေသဖြင့် မကြာခင်ကာလတွင် ထိန်းချုပ်နိုင်မည်ဟု ယူဆပါကြောင်း။

ဗဟိုမှ ကွင်းဆင်းအဖွဲ့ကလည်း ဤကပ်ရောဂါဖြစ်စဉ်ကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်လျက်ရှိပြီး လိုအပ်သည့် ကာကွယ်ထိန်းချုပ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုမှဆက်လက်၍လည်း အထောက်အကူပြုအဖွဲ့များ ထပ်မံစေလွှတ်သွားမည်ဖြစ်ပါကြောင်း၊ ရောဂါပျံ့နှံ့မှုအတိုင်းအတာနှင့် ပျံ့နှံ့နေမှုပုံစံကို ပိုမိုတိကျစွာသိရှိနိုင်ရန်နှင့် ရောဂါထိန်းချုပ်မှု လုပ်ငန်းများကို စနစ်ကျစွာဆောင်ရွက်နိုင်ရန်အတွက် လူအများနှင့်ထိတွေ့မှုများပြားသော လူအုပ်စုများနှင့် ကူးစက်နိုင်ခြေမြင့်မားသော လူအုပ်စုများအတွင်း ကျပန်းစနစ်ဖြင့်ရွေးချယ်ကာ ဓာတ်ခွဲစစ်ဆေးခြင်းကို ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ ယာယီစခန်း (IDP camp)များနှင့် ပြန်လည်လက်ခံရေးစခန်းများ၌ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်နိုင်ခြေမြင့်မားသဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးအလေးထား အားထည့်၍ ဆောင်ရွက်ရန် အသေးစိတ်ညွှန်ကြားထားပြီး ပြည်နယ်အစိုးရနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ အရေးပေါ်ကွပ်ကဲမှုဌာနဖွင့်လှစ်ကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဗဟိုကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကွပ်ကဲမှုဌာနနှင့် အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ညှိနှိုင်း၍ ကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးမွန်မွန်ကျော်က ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေများနှင့် ပတ်သက်၍ ဘက်စုံခြုံငုံ ဆန်းစစ်သုံးသပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမိုမိုကျော်မင်းက ရခိုင်ပြည်နယ်တွင် ယနေ့နံနက်အထိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၈၀ တွေ့ရှိခဲ့မှု၊ မြန်မာနိုင်ငံတွင် လက်ရှိ၌ စောင့်ကြည့်လူနာအားလုံး၊ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူအားလုံးနှင့် အသွားအလာကန့်သတ်ထားသူများအား ဓာတ်ခွဲစစ်ဆေးနေမှု၊ ဓာတ်ခွဲနမူနာစစ်ဆေးမှုနှင့် လူနာတွေ့ရှိမှုအချိုး၊ စစ်တွေဆေးရုံတွင် GeneXpert စက် နှစ်လုံးဖြင့် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးနေမှုအခြေအနေနှင့် စစ်တွေမြို့တွင် လူနာသစ်များတွေ့ရှိရမှုအခြေပြမြေပုံ၊ လူနာများ၏ ကျား/မ၊ အလုပ်အကိုင်၊ အသက်အရွယ်၊ ရောဂါလက္ခဏာ ဆန်းစစ်သုံးသပ်မှုတို့ကိုလည်းကောင်း၊ ကူးစက်ရောဂါဗေဒဆိုင်ရာဆရာဝန် ဒေါက်တာဝေလျှံဖြိုးမောင်က ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများနှင့်ထိတွေ့သူများအား ရှာဖွေထောက်လှမ်းမှုနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုနှင့် ဆန်းစစ်တွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများ၊ ကူးစက်ရောဂါဗေဒဆိုင်ရာပညာရှင်များ၊ ကျန်းမာရေးမှူးများနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်များက ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဘက်စုံဆန်းစစ်သုံးသပ်ကာ အကြံပြုဆွေးနွေးရာတွင် ယခုလ ၁၆ ရက်နေ့မှ ယခုအထိ တွေ့ရှိရသော ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများ၏ ရောဂါလက္ခဏာ တွေ့ရှိချက်များအရ "စောင့်ကြည့်လူနာအဖြစ် အဓိပ္ပာယ်သတ်မှတ်ချက်"ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များနှင့်အညီ မွမ်းမံပြင်ဆင်ရန်၊ ဆေးရုံအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုမှု၊ အသွားအလာကန့်သတ်ရာနေရာတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုတို့အပြင် လူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုမှုကို တိုးမြှင့်လုပ်ဆောင်ရန်၊ သတင်းအချက်လက်ပို့ဆောင်ချိတ်ဆက်မှုစနစ်အား ယခုထက်ပိုမိုလျင်မြန်ကောင်းမွန်စေရေးအတွက် အားဖြည့်ဆောင်ရွက်ရန်၊ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်လာသူများအား နှစ်ပတ်တာကာလ ဆက်လက်၍ အသွားအလာကန့်သတ်ခြင်းလုပ်ဆောင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဆေးရုံများတွင် လိုက်နာဆောင်ရွက်မှုများ အားကောင်းစေရေးအတွက် ဆန်းစစ်မှု၊ ပံ့ပိုးမှုနှင့် မွမ်းမံမှုများ ပြုလုပ်ရန်၊ မိမိအိမ်တွင်သာ နေထိုင်ရန် လုပ်ငန်းများတွင်၊ ရပ်ကွက်များတွင် လူထုအခြေပြုစေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်ပါက ပိုမိုကောင်းမွန်ထိရောက်မည် စသည့်ကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဘက်စုံဆန်းစစ်သုံးသပ်ကာ အကြံပြုမှုများလုပ်ဆောင်ကြသည့် ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ အကြံပြုချက်များအား အလေးထားစဉ်းစား၍ အရေးတကြီး ဆောင်ရွက်သင့်သည့် အချက်များကို ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများထံ အသိပေး၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပူးပေါင်းကာ စစ်တွေမြို့မှ အခြားမြို့များသို့ သွားရောက်သူများအား ရှာဖွေထောက်လှမ်းကာ အသွားအလာ ကန့်သတ်ခြင်းတို့ကို ယခုထက်ပိုမိုအားဖြည့်ကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စစ်တွေမြို့နယ်ရှိ ရပ်ကွက်များနှင့် အခြား ကိုဗစ်-၁၉ လူနာသစ်တွေ့ရှိရာ မြို့နယ်များတွင် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို အသံချဲ့စက်အသုံးပြုကာ တစ်နေ့လျှင် အနည်းဆုံး ငါးကြိမ်အထိလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲအနေဖြင့် ရရှိလာသော ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒသတင်းအချက်အလက်များအား ဘက်စုံဆန်းစစ်မှုများပြုလုပ်ကာ လိုအပ်သော အကြံပြုချက်များပေးခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ပြုစုထုတ်ပြန်ပေးရမည် ဖြစ်ပါကြောင်း၊ ရပ်ကွက်များ၊ လမ်းများ၊ ဈေးများတွင် လူများ သွားလာလှုပ်ရှားနေမှုနှင့် စည်းကမ်းလိုက်နာမှု အခြေအနေများကို စောင့်ကြပ်ကြည့်ရှုမှုများပြုလုပ်ကာ ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြံပြုချက်များ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ ယာယီစခန်း (IDP camp) များနှင့် ပြန်လည်လက်ခံရေးစခန်းများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်းအပြင် အဖျားရောဂါဆေးခန်းများကိုပါ စနစ်တကျဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကိုဗစ်-၁၉ သံသယလူနာများ ရှိ/ မရှိ စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့နှင့် ပိုမိုပူးပေါင်းချိတ်ဆက်ကာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်ရာတွင် "နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ"၊ "နိုင်ငံပြင်ပသို့ တရားမဝင်သွားရောက်ကာ ပြန်လာသူများ" ထံမှ ရောဂါကူးစက်နိုင်သဖြင့် ၎င်းတို့ကိုတွေ့ရှိပါက ရပ်ရွာပြည်သူများက သက်ဆိုင်ရာသို့ သတင်းပေးပို့စေရေး အထူးအလေးထား တိုက်တွန်းနှိုးဆော်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၂၅
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**






# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၅၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း သည် ယနေ့နံနက် ၈ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၅၂) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက်သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် အာဆီယံစီးပွားရေးဝန်ကြီးများက လက်ရှိကမ္ဘာနှင့် ဒေသတွင်း ပြောင်းလဲတိုးတက်မှုများ၊ ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ပြီးစီးမှုများ၊ ဗီယက်နမ်နိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ကုသ ထိန်းချုပ်ရေးနှင့် စီးပွားရေးကုစားမှုအစီအစဉ်များကို ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP) ရေးဆွဲ၍ တစ်မျိုးသားလုံး လက်တွဲပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ အာဆီယံနှင့် အနာဂတ်တွင် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ စာချုပ်ချုပ်ဆိုရန် အလားအလာရှိသည့်နိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းမှုအခြေအနေများ၊ စည်းမျဉ်းအခြေခံကုန်သွယ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အာဆီယံနိုင်ငံများအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုများ၊ အေအီးစီကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ကျန်အဖွဲ့ဝင်နိုင်ငံများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးတွင် စီးပွားရေးဝန်ကြီးများက ဒေသတွင်းကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စားသုံးသူကာကွယ်ပေးရေး၊ Electronic Commerce၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးများသို့ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသဘာပတိ ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး Tran Tuan Anh နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ ကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှု ဒေသကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုနှင့်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၅**

မြန်မာနိုင်ငံ၌ တရားဝင်ခရီးရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစု ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ဂျပန်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# နိုင်ငံတော်အရေးပေါ်ရိက္ခာ ဆန်များအား ပြည်ပ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်သည့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်အရေးပေါ် ရိက္ခာဆန်များအား Export တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားလာပါက ပြည်သူများသို့ အရေးပေါ်ရိက္ခာများ ချက်ချင်းဖြန့်ဝေနိုင်ရန်အတွက် ပြည်ပတင်ပို့မည့် ဆန်၏ ၁၀ ရာခိုင်နှုန်းကို အရေးပေါ်ရိက္ခာအဖြစ် နိုင်ငံတော်သို့ ပေးသွင်းသည့်စနစ်ဖြင့် ဝယ်ယူထားသည့် အရေးပေါ်ရိက္ခာဆန်များအား ပြည်တွင်း၌ ရောင်းချနိုင်မည့်ပမာဏ၊ ပြည်ပသို့တင်ပို့ရန် Exporter များသို့ ရောင်းချမည့်ပမာဏနှင့် နိုင်ငံတော်၌ ထားရှိမည့် အရေးပေါ် ဆန်ပမာဏ တို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်

**ကျုံပျော် ဩဂုတ် ၂၅**

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူများလက်ဝယ် အသုံးပြုနေသော လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ မောင်းနှင်ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ရေကြည်နှင့် ကျုံပျော်မြို့တို့တွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းကို ဩဂုတ်လ ဒုတိယပတ်မှ စတုတ္ထပတ်အထိ ၁၂ ရက်ကြာ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် လက်ရှိတောင်သူများ အသုံးပြုနေသည့် ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များအတွက် ထိန်းသိမ်းကြံ့ခိုင်မှုနည်းပညာများ၊ နေ့စဉ်အပတ်စဉ်နာရီအလိုက် ထိန်းသိမ်းမှုလုပ်ငန်းစဉ်များကို ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးအရာရှိ ဦးသန်းကိုနှင့် ကျုံပျော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်လတ်တို့က ဦးဆောင်ကာ သင်တန်းနည်းပြ ငါးဦးတို့က သင်ကြားပို့ချကြောင်း သိရသည်။

သင်တန်းသို့ ကျုံပျော်မြို့နယ်အတွင်းရှိ ထော်ဦး၊ သဲကုန်းနှင့် အနီးဝန်းကျင်ကျေးရွာတို့မှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းဖွင့်လှစ်မှုကို အမှတ်(၁၇) စက်မှုလယ်ယာစခန်း ရေကြည်မြို့တွင် လက်တွေ့နှင့် ကျုံပျော်မြို့နယ် သဲကုန်းကျေးရွာအုပ်စုတို့တွင် စာတွေ့အဖြစ် ဩဂုတ် ၁၂ ရက်မှ ၂၃ ရက်အထိ သင်ကြားခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ကျုံပျော်)**

# ကိုယ်ကျင့်တရား၊ ရောင့်ရဲတင်းတိမ်ခြင်း၊ ရိုးသားခြင်းနှင့် အဂတိလိုက်စားမှု

**အောင်မြတ်**

အဂတိလိုက်စားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် စိုးရိမ်နေရသော အရေးကြီးသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ကိုယ်ကျိုးစီးပွားရှာဖွေခြင်းပြဿနာမှ စတင်လာကာ နေရာဌာနများစွာနှင့် ပတ်သက်နေသဖြင့် စီမံဖြေရှင်းရန် ခက်ခဲလှသည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်၊ နိုင်ငံ အများအပြားတွင် အသီးသီးဖြစ်ပေါ်လျက်ရှိနေသောကြောင့် အဂတိလိုက်စားခြင်းကို အပြည်ပြည်ဆိုင်ရာ ပြဿနာအဖြစ် သတ်မှတ်နိုင်သည်။ ဖွံ့ဖြိုးတိုးတက်သည့်တိုင်းပြည်များ၊ ဖွံ့ဖြိုးတိုးတက်ဆဲ တိုင်းပြည်များတွင် တိုင်းပြည်အဆင့်၊ ဒေသအဆင့်အလိုက် ပရဟိတအဖွဲ့အစည်းများ၊ ဆင်းရဲချို့တဲ့သူများကို ကူညီပေးသော အဖွဲ့အစည်းများတွင်ပင် အဂတိလိုက်စားမှုများရှိနေသောကြောင့် အမှုတိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းများကို ယနေ့ခေတ်တွင် တွေ့မြင်နေရသည်။

သို့ဖြစ်၍ အဂတိလိုက်စားမှုသည် အလေးထားဖြေရှင်းရန် တာဝန်တစ်ရပ်ဖြစ်လာသည်။ တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသော ပြဿနာကြီးတစ်ခုဖြစ်၍ တိုင်းပြည်တိုင်း၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် အရေးကြီးသည့် အချက်တစ်ချက်မှာ အဂတိလိုက်စားမှုအား နှိမ်နင်းရန်ဖြစ်ကြောင်း သိရှိလာကြပြီးဖြစ်သည်။ အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးအားလုံး အစဉ်သတိပြုမိစေရန် လိုအပ်သည့် အရေးကြီးဆုံးအချက်မှာ ကိုယ်ကျင့်တရားတည်ဆောက်ရန် ဖြစ်သည်။

**ကိုယ်ကျင့်တရားဖြင့် အဂတိကိုကာကွယ်ခြင်း**

ကိုယ်ကျင့်တရားသည် လူ့အဖွဲ့အစည်းနှင့် မိမိကိုယ်တိုင်၏အကျိုးအတွက်ကောင်းသောအပြုအမူဖြစ်ပြီး မည်သည့်အရာအား လုပ်သင့်သည်/မလုပ်သင့်သည်ကို သိခြင်းဖြစ်သည်။

ကိုယ်ကျင့်တရားသည် လူတို့၏အတွင်းစိတ်ခတ်အသိတရားအားဖြင့် ဖြစ်လာခြင်းဖြစ်ပြီး အကြောင်းအရာတိုင်း၏ အကောင်းအဆိုးကို ခွဲခြားနိုင်၍ လုပ်သင့်သည်/မလုပ်သင့်သည်ကို ရွေးချယ်ဆုံးဖြတ်နိုင်သော အပြုအမူဖြစ်သည်။ လူကောင်းတို့၏ အမူအကျင့်အဖြစ် သတ်မှတ်နိုင်သည်။

လူတို့တွင် ကောင်းမွန်သည့်ကိုယ်ကျင့်တရားကို ဖြစ်စေနိုင်သည့် အကြောင်းအကျိုး သိမြင်ဆင်ခြင်နိုင်ခြင်းဆိုသည်မှာ အမှန်တရားအား နားလည်ခြင်း၊ ခွဲခြားနိုင်ခြင်း၊ မည်သည့်အရာက မှန်သည်/မှားသည် စသည်ဖြင့် တွေးခေါ်ဆုံးဖြတ်နိုင်ခြင်းဖြစ်သည်။ ကောင်းဆိုး၊ ယုံကြည်ချက်အား နည်းလမ်းအဖြစ် လက်ခံကျင့်သုံးခြင်းဖြစ်သည်။ ဖော်ထုတ်ပြုမူရာတွင် လူတို့သည် ဆုံးဖြတ်ထားသည့်အတိုင်း လုပ်ဆောင်ကြပြီးနောက် မှားသည်/မှန်သည်ဟု ထင်မြင်ယူဆချက်ပေးမှုမှာ ပတ်ဝန်းကျင်အခြေအနေနှင့်သာ သက်ဆိုင်သည်။

အောက်ဖော်ပြပါ ကိုယ်ကျင့်တရား(၇)ပါးသည် လူသားတို့ထံတွင် အဂတိမှုလျော့နည်း၊ ကင်းစင်သွားစေရန် အထောက်အကူပြုသည်။

**ကြိုးစားခြင်း**

လုပ်ငန်းတာဝန်အပေါ် စိတ်ပါဝင်စားစွာဖြင့် ကြိုးစားဆောင်ရွက်ကာ ဘေးအန္တရာယ်တို့နှင့် တွေ့ကြုံသောအခါ နောက်ဆုတ်ခြင်းမရှိ မဆုတ်မနစ် ကြိုးစားခြင်းဖြစ်ပြီး ကြိုးစားခြင်းနှင့် ဉာဏ်ပညာအား ပူးပေါင်းအသုံးချခြင်းဖြင့် အခက်အခဲ ပြဿနာများကို ဖြေရှင်းနိုင်ကာ ရည်မှန်းထားသောအောင်မြင်မှုကို ရယူခြင်းဖြစ်သည်။

**ချွေတာခြင်း**

မိမိပိုင်ပစ္စည်းများကို တန်ဖိုးထားအသုံးပြု၍ စုဆောင်းမှုပြုလုပ်ရန်သိရှိခြင်း ဖြစ်သည်။ ဆင်ခြင်တုံတရားရှိခြင်းသည် မိမိအား အကျိုးဖြစ်စေပြီး အသုံးအဖြုန်းကြီးမှုကို ကာကွယ်ပေးသည်။

**ရိုးသားခြင်း**

အဂတိဘက်သို့ စိတ်ယိုင်ခြင်းမရှိ၊ အပြုအမူအားဖြင့်လည်း တိမ်းစောင်းခြင်းမရှိသော စိတ်ရင်းဆန္ဒမှန်များ လူသားတို့ထံတွင် တည်ရှိရန် လိုအပ်ပါသည်။

**စည်းကမ်း**

လူ့အဖွဲ့အစည်း၏စည်းကမ်း၊ မိမိကိုယ်တိုင်သတ်မှတ်ထားသောစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာပြုမူခြင်းဖြစ်သည်။

**ယဉ်ကျေးမှုရှိခြင်း**

ဂါရဝတရားရှိပြီး ကောင်းမွန်သည့် လိမ္မာယဉ်ကျေးသော အပြုအမူ၊ သိမ်မွေ့သော ပြောဆိုနေထိုင်မှုတို့ဖြင့် ပြည့်စုံခြင်းဖြစ်သည်။

**သန့်ရှင်းမှု**

မိမိ၏ စိတ်နှင့်ခန္ဓာကိုယ် ပြုမူနေထိုင်မှုတွင် အပြစ်အနာဆာကင်းပြီး မိမိကို မြင်တွေ့ရသူတို့အား စိတ်ချမ်းသာ ပျော်ရွှင်မှုကို ဖြစ်ပေါ်စေ၍ မိမိကလည်း ပျော်ရွှင်သော ပတ်ဝန်းကျင်ကို မြင်တွေ့နိုင်ခြင်းဖြစ်သည်။

**ညီညွတ်ခြင်း**

တစ်သားတည်းဖြစ်ခြင်း၊ ဝိုင်းဝန်းခြင်း၊ စည်းလုံးခြင်း၊ စိတ်တူကိုယ်တူဖြစ်ခြင်းဖြင့် လုပ်ငန်းလုပ်ဆောင်ချက်များ၊ လုပ်ငန်းအသစ်များကို အောင်မြင်တိုးတက်လာစေပြီး ခိုက်ရန်ဖြစ်ပွားခြင်းမှ ကင်းဝေးစေခြင်းဖြစ်သည်။

**စေတနာရှိခြင်း**

မိမိအတွက် လုံလောက်ပြည့်စုံရန်အတွက်သာမမြင်ဘဲ အမှန်တကယ် စိတ်ရင်းဖြင့် အခြားသူတို့အား တန်ဖိုးထားခြင်း၊ အခြားသူတို့လိုအပ်သော အကူအညီ၊ ဂရုစိုက်မှု၊ ဖေးမမှုများပေးခြင်း၊ အချင်းချင်း ကူညီဖေးမရန် အဆင်သင့်ရှိနေခြင်းဖြစ်သည်။

**ရောင့်ရဲတင်းတိမ်တတ်သည့် ကိုယ်ကျင့်တရား**

မိမိကိုယ်ကိုယ် ရောင့်ရဲတင်းတိမ်တတ်စေရန် လေ့ကျင့်ခြင်းသည် ကိုယ်ကျင့်တရားစောင့်ထိန်းမှုမြင့်မားစေရန် လူသားတို့အနေဖြင့် မိမိတို့၏စွမ်းရည်ကို တိုးတက်အောင်ပြုလုပ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦးချင်းစီ၏စွမ်းရည် ဖွံ့ဖြိုး တိုးတက်လာခြင်းဖြင့် မိမိ၏ အပြုအမူများကို ကိုယ်စီ ထိန်းချုပ်နိုင်လာမည်ဆိုလျှင် လူသားတို့၏အပြုအမူသည် လူ့အဖွဲ့အစည်း၏ စည်းဘောင်အတွင်းသို့ ရောက်ရှိလာလိမ့်မည်။ ပုံမှန်အခြေအနေ၊ ပြဿနာဖိတ်ခေါ်မှု အခြေအနေ၊ သဘောထားကွဲလွဲမှုအခြေအနေ အားလုံးအတွက်လည်း မိမိ၏ ကိုယ်ကျင့်တရား တိုးတက်လာစေရန် လေ့ကျင့်သင့်သည်။

**တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်းကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။**



လူတို့၏စွမ်းရည် တိုးတက်စေရန် အောက်ပါအချက်များကို လေ့ကျင့်ပျိုးထောင်သင့်ပါသည်။

**အခြေခံအဆင့်လေ့ကျင့်ခြင်း**

သာဓကအားဖြင့် ချွေတာစုဆောင်းရန် သိရှိခြင်း၊ ရိုးသားခြင်း၊ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ အချိန်တိကျခြင်း၊ ဂါရဝတရားရှိခြင်း၊ နိုင်ငံအား ချစ်မြတ်နိုးခြင်း စသော အခြေခံကိုယ်ကျင့်တရားများ မိမိထံတွင်တည်စေရန် အားထုတ်သင့်သည်။

**မိမိယုံကြည်ကိုးကွယ်သည့် ဘာသာသာသနာအား စောင့်ရှောက်ခြင်း**

မိမိတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာတရား၏ မှတ်ချက်များမှ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းရှိရန် တွေးခေါ်နိုင်သည့်အလျောက် လူပီသလာပြီး စိတ်ထဲမှ မကောင်းမှုပြုလိုစိတ်များကို ရှောင်ဖယ်နိုင်ပါသည်။

**အာရုံစူးစိုက်ခြင်း**

အာရုံစူးစိုက်ခြင်းသည် စိတ်တည်ငြိမ်စေရန် လေ့ကျင့်မှုဖြစ်ပြီး စိတ်ကို တစ်နေရာတည်းတွင် အာရုံစူးစိုက်မှုဖြစ်ပေါ်စေကာ သန့်ရှင်းငြိမ်းချမ်းသော စိတ်အင်အားတို့ကို ဖြစ်ပေါ်စေသည်။ ခိုင်မာသောစိတ်၊ ယုံကြည်မှုရှိသောစိတ်၊ သေချာသောစိတ်ဆန္ဒတို့သည် ပကတိ အခြေအနေနှင့် အဖြစ်အပျက်အားလုံး၊ ပြဿနာအားလုံးတို့ကို ဖြေရှင်းနိုင်စွမ်း မြင့်မားစေသည်။

**ပေးဆပ်သူအဖြစ် လေ့ကျင့်ခြင်း**

အကျိုးတစ်စုံတစ်ရာကို ပြန်လည်ရယူရန် မျှော်လင့်ခြင်းမရှိဘဲ အများအကျိုးအတွက် စိတ်ရောကိုယ်ပါ ပေးဆပ်နိုင်သူဖြစ်အောင် ကြိုးစားခြင်းဖြစ်သည်။ သာဓကအားဖြင့် ခွင့်လွှတ်ခြင်း၊ ဝေမျှခြင်း၊ ပေးလှူရခြင်းတို့ကို နှစ်သက်စွာ အဖန်ဖန်ဆောင်ရွက်၍ အလေ့အထ၊ အထုံပါရမီ ဖြစ်စေခြင်းဖြစ်သည်။

**ရိုးသားခြင်း/ အခြေခံအကျင့် တည်ဆောက်မှုဖြင့် အဂတိကိုကာကွယ်ခြင်း**

ရိုးသားခြင်းသည် အဂတိလိုက်စားခြင်းကဲ့သို့ ဘက်လိုက်သည့်ခံစားမှု ကင်းရှင်းပြီး စိတ်ရင်းမှန်ရှိခြင်း၊ ပရိယာယ်မရှိခြင်း၊ တိမ်းညွတ်မှုမရှိခြင်း စသည့်အပြုအမူများရှိသည်။ ရိုးသားဖြောင့်မတ်သူသည် အသက်မွေးဝမ်းကျောင်း အလုပ်တာဝန်အားလုံးတို့အပေါ် ဖြောင့်မတ်သည့်အပြုအမူရှိသည်။ သာဓကအားဖြင့် အချိန်တိကျမှန်ကန်ခြင်း၊ ပရိယာယ်မာယာသုံး၍ လိမ်လည်လှည့်ဖြားခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ခြင်း၊ မိမိတာဝန်ကို အပြည့်အဝ အမှန်အကန် ထမ်းဆောင်ခြင်း စသည့် အပြုအမူများ ပိုင်ဆိုင်၍ လူနေမှုဘဝတွင် အမှန်တကယ် ယုံကြည်ထိုက်သူများဖြစ်သည်။ မိမိကိုယ်တိုင်နှင့် အခြားသူများအပေါ် စိတ်ရင်းအမှန်ဖြင့်သာ ပြုမူဆက်ဆံပြီးကိုယ်၊ နှုတ်၊ စိတ်၊ အပြုအမူတိုင်းတွင် မှားယွင်းသည့်အပြုအမူကို ရှက်ရွံ့အားနာကြောင်း မြင်တွေ့နိုင်သည်။

ရိုးသားဖြောင့်မတ်သော အပြုအမူများကို ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာအားဖြင့် ဖော်ပြရလျှင် -

**ကိုယ်အားဖြင့် ရိုးသားခြင်း။** ။ကိုယ်ကာယလုပ်ဆောင်မှုပိုင်းတွင် ရိုးသားခြင်းဖြစ်သည်။ ပြုမူလုပ်ဆောင်ချက်များ မှန်ကန်ကောင်းမွန်ပြီး အပြုအမူကောင်းများရှိခြင်း၊ ဖိနှိပ်မှုကို ရှောင်ကြဉ်ခြင်း၊ အခွင့်အရေးမယူခြင်း၊ မေတ္တာ ကရုဏာထားရှိခြင်း၊ အချင်းချင်း ကူညီရိုင်းပင်းခြင်း၊ လုယက်/ခိုးဆိုးမှုကို ရှောင်ကြဉ်ခြင်း၊ တစ်ဦး၏အခွင့်အရေးကို တစ်ဦးက လေးစားခြင်း၊ အခြားသူများကိုလည်း ချစ်ခင်ပြီး စိုးရိမ်ပေးခြင်း၊ သူတစ်ပါးအားဖျက်ဆီးမှုမပြုခြင်း အပြုအမူများသည် ကိုယ်အားဖြင့် ရိုးသားခြင်းဖြစ်သည်။

**နှုတ်အားဖြင့် ရိုးသားခြင်း။** ။ပြောဆိုပြုမူလုပ်ဆောင်ချက်များသည် မှန်ကန်ကောင်းမွန်ပြီး မှန်ကန်သော စကားကိုပြောဆိုခြင်း၊ လိမ်လည်ပြောဆိုမှုမပြုခြင်း၊ ကိုယ်ကျိုးအတွက် အမှန်ကို အမှားဖြစ်စေရန် လုပ်ကြံပြောဆိုမှု မရှိခြင်း၊ သဘောထားကွဲလွဲရှုပ်ထွေးစေမည့် သွေးခွဲစကား မပြောခြင်း၊ ဖွံ့ဖြိုးတိုးတက်စေသည့် ညီညွတ်ရေးစကားကိုသာ ပြောဆိုခြင်း၊ ညစ်ညမ်းပြီး အကျိုးမရှိသော စကားများကို ရှောင်ကြဉ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့သည့် စကားကိုသာ ပြောဆိုခြင်းမှသည် ကျိုးကြောင်းဆီလျော် မှန်ကန်မှု ရှိသည့်စကား၊ ကာလဒေသအလိုက် အကျိုးရှိပြီး သင့်လျော်လျောက်ပတ်သည့်စကားကိုသာ ပြောဆိုခြင်းတို့ကို ဆိုလိုသည်။

**“အဂတိလိုက်စားမှုသည် အလေးထား ဖြေရှင်းရန် တာဝန်တစ်ရပ် ဖြစ်လာသည်။ တိုင်းပြည် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသော ပြဿနာကြီး တစ်ခုဖြစ်၍ တိုင်းပြည်တိုင်း၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် အရေးကြီးသည့် အချက်တစ်ချက်မှာ အဂတိ လိုက်စားမှုအား နှိမ်နင်းရန်ဖြစ် ကြောင်း သိရှိလာ”**

**စိတ်နှလုံးအားဖြင့်ရိုးသားခြင်း။** ။စိတ်နှလုံး ရိုးသားခြင်းဆိုသည်မှာ လောဘမရှိခြင်း၊ အနစ်နာခံခြင်း၊ သဘောထားကြီးခြင်း၊ အခွင့်အရေးယူလိုသည့်အတွေးဆိုးများ ကြံစည် တွေးတောမှုမပြုခြင်း၊ ကောင်းမွန်သောဆန္ဒများရှိခြင်း၊ ခင်မင်ရင်းနှီးမှုရှိခြင်း၊ စိတ်ချမ်းသာမှုများကိုသာ ဖြစ်ပေါ်စေခြင်းတို့ ဖြစ်သည်။

လောကသဘောတရားကို မှန်ကန်စွာသိမြင်ပြီး အဓိကအားဖြင့် နားလည်လက်ခံထားသည်မှာ "ကောင်းသည့်အပြုအမူကိုပြုလျှင် ကောင်းမှုကို ခံစားရမည်၊ မကောင်းမှုပြုလျှင် မကောင်းမှုကို ခံစားရမည်"ဟု နှလုံးသွင်း၍ သက်ရှိ ကမ္ဘာလောက၏ သဘောသဘာဝ အမှန်တရားများကို သိရှိနားလည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့လူသားများသည် အခြားလူများ၏ ပတ်ဝန်းကျင်ဖြစ်သည်။ မိမိကိုယ်တိုင်သည် အခြားသူများ၏ ပတ်ဝန်းကျင်ဖြစ်ပြီး အခြားသူများသည် မိမိ၏ပတ်ဝန်းကျင်ဖြစ်သည်။ ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိ အပေါင်းအသင်း လူသား မိတ်ဆွေများအတွက် အချင်းချင်း အပြန်အလှန်မေတ္တာများ ထားရှိသင့်လှပါသည်။

မိမိတို့သည် လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ဆက်စပ်နေထိုင်ရသောကြောင့် အတူတကွ လက်တွဲနေထိုင်ကြသော မိသားစုဝင်တိုင်းသည် ဘဝစီမံမှုအတွက် လူ့အဖွဲ့အစည်း၏ စည်းကမ်းများကို လိုက်နာရမည်။ အခြားသူများကို အခွင့်အရေးယူ နှောင့်ယှက်မှု မပြုသင့်ပါ။ အခြားသူတို့၏ ထင်မြင်ယူဆချက်များကိုလည်း နားထောင်ပေးပြီး စည်းလုံးညီညွတ်မှုရှိကာ ရိုးသားဖြောင့်မတ်ရမည်။ မိမိတာဝန်ကိုသိရှိပြီး တစ်ပါးသူတို့ကို ကူညီ၍ သဘောထားကွဲလွဲခြင်း ပြဿနာများ ကြီးထွားစေမှုကို ရှောင်ကြဉ်သင့်လှပါသည်။

မိမိ၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တရား(သစ္စာ)၊ စိတ်ထိန်းချုပ်ခြင်း(ဓမ္မ)၊ သည်းခံခြင်း(ခန္တီ)နှင့် စွန့်လွှတ်အနစ်နာခံခြင်း(အလောဘ) တရားလေးပါးသည် မိမိကိုယ်ကို တန်ဆာဆင်အပ်သော ကိုယ်တိုင် လိုက်နာသင့်သည့် အပြုအမူကောင်းများဖြစ်သည်။

အချုပ်အားဖြင့် ဖော်ပြပါများသည် အဂတိမှုကင်းစင်စေရေးအတွက် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် နေ့စဉ်ဘဝတွင် လိုက်နာသင့်သည့်အရာများဖြစ်သော်လည်း လူသားတို့၏စိတ်သဘောသည် အချိန်တိုင်းပြောင်းလဲမှုရှိနေနိုင်သောကြောင့် အဆိုပါ အပြုအမူအားလုံးကို အလေ့အကျင့်ဖြစ်စေရန် လုပ်ဆောင်ရသည်မှာ လွယ်ကူမည်တော့မဟုတ်ပါ။ သို့ရာတွင် အသက်အရွယ် အပိုင်းအခြားမရွေး လူသားအားလုံးသည် ဘဝတန်ဖိုးကို သိပြီး အဂတိလိုက်စားမှုကို ကာကွယ်တိုက်ဖျက်ရန် ရည်ရွယ်ချက်ထားရှိသင့်လှပေရာ လူတိုင်းကိုယ်စီ တာဝန်ယူမှုရှိရှိဖြင့် မည်သည့်အရာက ကောင်းသောအပြုအမူ ဖြစ်သောကြောင့် ပြုမူသင့်သည်၊ မည်သည့်အရာက မပြုမူသင့်ပါ စသည်ဖြင့် အသိစိတ်မွေးမြူ၍ ကိုယ်ကျင့်တရား၊ ရောင့်ရဲတင်းတိမ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံအား အဂတိကင်းစင်သောနိုင်ငံ ဖြစ်လာစေရန် ကိုယ်စီကိုယ်စီ ကာကွယ်တည်ဆောက်သင့်လှပေသည်။ ။



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း



လှိုင်ကော်မဲဆန္ဒနယ်မှ
ဒေါက်တာ ခင်စည်သူ



ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း



ထန်တလန်မဲဆန္ဒနယ်မှ
ဒေါ်နီရွှေလျန်း

❍ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လျာထားတောင်းခံ တည်ဆောက်ပေးမည်ဖြစ်ပါကြောင်းနှင့် ပြည်နယ်ရန်ပုံငွေဖြင့် ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာများ အချိန်ကိုက်ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ ရွှေကျင်မြို့နယ် တောင်ဘက်ကျေးရွာအုပ်စုရှိ အမှတ်(၂) သတ္တုတူးဖော်ရေးလုပ်ငန်းက သိမ်းဆည်းခဲ့သည့် မြေ ၄၁၈ ဧကအနက် သိမ်းဆည်းခံခဲ့ရသည့် ပုဂ္ဂိုလ်များနှင့် သိမ်းဆည်းခံရသည့် တစ်ဦးချင်း၏ မြေဧရိယာများကို ထုတ်ပြန်ပေးနိုင်ခြင်းရှိ၊ မရှိ ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ က အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက စွန့်လွှတ်အပ်နှံပြီးဖြစ်သည့် မြေ ၄၁၈ ဒသမ ၉၈ ဧကအတွက် သိမ်းဆည်းခံခဲ့ရသည့် ပုဂ္ဂိုလ်များနှင့် သိမ်းဆည်းခံရသည့် တစ်ဦးချင်းမြေဧရိယာများကို စာရင်းဇယားနှင့်တကွ ထုတ်ပြန်ကြေညာပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်သော မြေ ၄၁၈ ဧက နှင့်စပ်လျဉ်း၍ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနတို့ကသာ စိစစ်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ ၂၀၂၀ ပြည့်နှစ်အတွင်း အင်းစိန် မြို့နယ်အတွင်းရှိ လမ်းမီးများအားလုံး ထွန်းလင်းနိုင်ရေးကို အပြီးသတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက လည်းကောင်း၊ ရှင်းမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၏ ရှင်းမြို့နယ် မြို့ကြီးတောရကေလာသတောင်ကြိုးပြင်ကာကွယ်တော ဧက ၁၄၀၀ အား အစိုးရအသိအမှတ်ပြု ကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ ရန်ကင်းမြို့နယ် အမှတ်(၆) ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၈၇/ ကံဘဲ့) တွင် တည်ရှိသည့် မြေကွက်အမှတ်(၂) မြေနေရာအား ရန်ကင်းမြို့နယ်အတွက် Community Center နှင့် မြို့နယ်ခန်းမ ဆောက်လုပ်နိုင်ရန် ဝန်ကြီးဌာနလွှဲပြောင်း၍ အသုံးပြုခွင့်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဂွ မဲဆန္ဒနယ်မှ ဦးမြင့်ဝေ၏ ဂွမြို့နယ် တောင်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တိုင်ကြားခံကျောင်းအုပ်ကြီးအား ပညာရေးဌာနမှ မြို့နယ်နှင့် ခရိုင်အဆင့် တာဝန်ရှိသူများက လာရောက်စစ်ဆေးမေးမြန်းခဲ့ပြီး မည်ကဲ့သို့ အရေးယူထားသည်ကို သိလိုခြင်း မေးခွန်း၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ အားကစားပညာသိပ္ပံဘွဲ့ (B.Sc Sports) သင်တန်းနှင့် ယင်းသင်တန်းများမှ မွေးထုတ်ပေးခဲ့သော ဘွဲ့ရများသည် လက်ရှိတွင် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးဆပ်အကျိုးပြုခဲ့သည်နှင့် ယင်းသင်တန်းမှ ထွက်ပေါ်လာမည့် ဘွဲ့ရများ၏အနာဂတ် မည်သို့ရှိမည်ကိုသိလိုခြင်း မေးခွန်း၊ ညောင်ရွှေ မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး၏ သတ္တမတန်း မြန်မာစာ သင်ရိုးသစ်ကျောင်းသုံးစာအုပ် စာမျက်နှာ ၅ နှင့် ၆ တွင် ပါဝင်သော အချက်အလက်များသည် တိုင်းရင်းသားအရေး ထိခိုက်စေနိုင်ခြင်းနှင့် သမိုင်းအမှန် အချက်အလက်များ လူငယ်များအတွင်း မှားယွင်းစွာ သိမြင်သွားနိုင်ခြင်းတို့ကြောင့် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ထီးလင်း မဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ ထီးလင်းမြို့နယ်ရှိ အခြေခံပညာကျောင်း ရှစ်ကျောင်းတွင် ကျောင်းဆောင်သစ်များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

## နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကြမ်းကို တင်သွင်းပြီး အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ထို့နောက် ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးတင်ထွန်းနိုင်က နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကြမ်းကို တင်သွင်းပြီး ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပုလော မဲဆန္ဒနယ်မှ ဦးအုန်းခင်က မြန်မာနိုင်ငံအနှံ့ နှစ်စဉ်တိုး၍ ဖြစ်ပွားလာနေသော ရေကြီးရေလျှံမှုများ လျော့ပါးသွားစေရန် ရေတိုရေရှည် စီမံချက်များဖြင့် သက်ဆိုင်ပတ်သက်သောဌာနများ ပူးပေါင်းဆောင်ရွက်၍ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းကာကွယ်မှုများကို စွမ်းအားရှိသမျှ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် မိမိတို့သည် ကြီးမားသည့် တောင်တန်းဖြစ်သည့် ဟိမဝန္တာ တောင်ခြေတွင် မြစ်ဖျားခံခဲ့သည့် မြစ်ချောင်းများ စီးဆင်းသည့်နိုင်ငံဖြစ်ပါကြောင်း၊ မိုးရွာသွန်းခြင်းကို စီမံခန့်ခွဲ၍ မရနိုင်သေးပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းတွင်ရှိသည့် မြစ်ရေ၊ သဲ၊ ကျောက် ထုတ်ယူမှုများကို သင့်လျော်သည့် နေရာများ၌သာ ထိန်းချုပ်ထုတ်ယူစေခြင်းအားဖြင့် ကြပ်မတ်ရမည် ဖြစ်ပါကြောင်း၊ ချောင်းဖျား၊ မြစ်ဖျားများ၊ တောင်ဖြိုမြေဖြိုသည့် နေရာများ၊ တောင်ယာခုတ်သူများ၊ မြို့ရွာမြေအသုံးချသူများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ခရီးသွားလာရေး စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်နေသူများက ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ စေတနာရှင်များပါဝင်သည့် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်း ပြုပြင်ထိန်းသိမ်းကာကွယ်မှုများကို စွမ်းအားရှိသမျှ ဆောင်ရွက်ပေးမှသာလျှင် မိုးရာသီရောက်တိုင်း စိတ်ပူပန်မှုမရှိဘဲ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက အဆိုအား ထောက်ခံဆွေးနွေးသည်။

## အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးသောင်းအေးက နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေဖြင့် ထူထောင်ထားသည့် လူမှုကွန်ရက် စောင့်ကြည့်ထိန်းကျောင်းရေးအဖွဲ့ (SMMT) နှင့် Facebook Team တို့၏ ဆောင်ရွက်မှုသည် လူမှုကွန်ရက်များ အသုံးပြုသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအပေါ် မျှတမှုမရှိခြင်းကြောင့် လူမှုကွန်ရက်တွင် မကျေနပ်မှု အမုန်းစကားများ တိုးပွားလာပြီး အမျိုးသားရင်ကြားစေ့ရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရေးတို့ကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် SMMTနှင့် Facebook Team တို့က မည်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများဖြင့် မည်သို့အရေးယူဆောင်ရွက်နေသည်ကို ပွင့်လင်းစွာ ရှင်းလင်းတင်ပြပြီး တရားမဲ့မှုများမဖြစ်အောင် အချိန်မီ ထိန်းကျောင်း ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

ထို့နောက် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း က အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း တင်သွင်းသည့် မြန်မာနိုင်ငံတစ်ဝန်းတွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆ ဖြစ်ပွားမှုများကြောင့် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများ တဖြည်းဖြည်း မြင့်တက်လာနေပါသောကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ အရေးယူခြင်းများကို ယခုထက်ပို၍ ထိထိရောက်ရောက် အရှိန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဝင်းမင်းထွန်းတို့က ဆွေးနွေးကြသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ဆိုင်ကယ်သုံးစွဲမှုများ ထပ်တိုးနေခြင်းကို လျော့နည်းသွားစေရေးအတွက် မည်သို့စီစဉ်ပေးမည်နှင့်စပ်လျဉ်း၍ ယာဉ်လိုင်းများ ပုံမှန်စီစဉ်ပေးခြင်းဖြင့် ဆိုင်ကယ်စီးမှု လျော့နည်းလာစေနိုင်မည်ဖြစ်ပါကြောင်း၊ မြို့နယ်အလိုက် အမှန်တကယ်လိုအပ်နေမှုအပေါ် ယာဉ်လိုင်းများ ပုံမှန်ရှိစေရန် သက်ဆိုင်ရာဌာနမှ ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်းကိုလည်း အကြံပြုလိုပါကြောင်း၊ ဆိုင်ကယ်မတော်တဆ ဖြစ်ရခြင်း၏ အကြောင်းမှာ လမ်းများ၏ လမ်းပခုံးသားများ ပျက်စီးနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် လမ်းပျက်စီးမှုများကိုလည်း အချိန်မီ ပြုပြင်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် မော်တော်ဆိုင်ကယ်ကြောင့် အသက်ဆုံးရှုံးနေရသော အကြောင်းတရားကို အဖြေရှာပြီး ကဏ္ဍအလိုက် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council – NRSC) အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများ၊ ဆပ်ကော်မတီများအလိုက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည့်အပြင် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ ကျွမ်းကျင်ပညာရှင်များနှင့် အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုရှင် ဆွေးနွေးသွားသကဲ့သို့ အသိပညာပေးရမည့် ကိစ္စ၊ အရေးယူရမည့်ကိစ္စတို့သည် အစိုးရ၏ တာဝန်ဖြစ်သည်ကို ကောင်းစွာနားလည်လက်ခံထားသည့်အတွက် NRSC အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် ပြည်သူများအား အသိပညာပေးမှုနှင့် စစ်ဆေးအရေးယူ ကြပ်မတ်မှုများကို အစဉ်တစိုက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အရှိန်အဟုန် တိုးမြှင့်တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## NRSC ၏ ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်နိုင်စေရန်အတွက် ပူးပေါင်းပါဝင်

ထို့ကြောင့် NRSC ၏ ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်နိုင်စေရန်အတွက် ပြည်သူကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင် ကူညီစည်းရုံးပေးနိုင်ရေးအတွက် မေတ္တာရပ်ခံလိုပါကြောင်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) အနေဖြင့် နိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ မြေပြင်လိုအပ်ချက်များကို အခြေခံလျက် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ အသိပညာပေး စစ်ဆေးကြပ်မတ်အရေးယူခြင်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိခြင်း၊ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်ကို အထူးအလေးထား၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစဉ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး စစ်ဆေးကြပ်မတ် အရေးယူမှုများ ပိုမိုထိရောက်အောင်မြင်မှုရှိစေရေးနှင့် ပိုမိုအရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သောကြောင့် အဆိုအား အတည်ပြုသင့်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

## အဆိုအား အတည်ပြုရန်

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက် မြောက်နေ့ကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask) တပ်ရန်၊

( င ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

( စ ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ၊ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ) နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့ ၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့် မပြုရန်ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၆-၈-၂၀၂၀ ရက်၊ နံနက် ၆ နာရီအချိန်မှ စတင်သက်ရောက်သည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

● *ကျောဖုံးမှ*

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း ဥပဒေအရ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ သတင်းစာ (၄၇) စောင်၊ ဂျာနယ် (၅၈၉)စောင်၊ မဂ္ဂဇင်း (၄၉၄) အုပ်၊ အထွေထွေထုတ်ဝေခြင်း လုပ်ငန်းရှင် (၁၇၅၃)ဦးတို့နှင့် အင်တာနက်အသုံးပြုပြီး သတင်းဖြန့်ချိရေးလုပ်ငန်း လုပ်ကိုင်သည့် အွန်လိုင်းသတင်းအေဂျင်စီလုပ်ငန်း (၃၀၉) ခုတို့ကို ခွင့်ပြုထားရှိခဲ့ပြီး ဖြစ်ပါကြောင်း။

သို့သော် လက်ရှိအခြေအနေတွင် သတင်းစာ (၂၃)စောင်၊ ဂျာနယ်စောင်ရေ (၆၀)၊ မဂ္ဂဇင်း (၂၃)အုပ်တို့သာ ဈေးကွက်တွင် ရပ်တည်လျက်ရှိသည်ကို တွေ့ရသည့်အတွက် ပုံနှိပ်မီဒီယာများ ထိခိုက်ကျဆင်းလာနေသည်မှာ သိသာထင်ရှားပါကြောင်း၊ အွန်လိုင်းသတင်းအေဂျင်စီလုပ်ငန်းများတွင် (၃၂၁)ခု အထိလည်ပတ်လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရပြီး အွန်လိုင်းသတင်းမီဒီယာများမှတစ်ဆင့် ပြည်သူအများ၏ သတင်းအချက်အလက် ရယူသုံးစွဲမှု တိုးတက်လာနေသည်ကိုလည်း တွေ့ မြင်နိုင်ပါကြောင်း။

ယခုဆက်လက်ပြီး စက္ကူအသုံးပြု ပုံနှိပ်သတင်းစာလုပ်ငန်း ကျဆင်းလာရပုံကို အနည်းငယ်သုံးသပ် တင်ပြလိုပါကြောင်း၊ ပုံနှိပ်သတင်းစာများ ရပ်တည်ရေးအတွက် အဓိကဝင်ငွေကို သတင်းစာများ ရောင်းချခြင်းနှင့် သတင်းစာတွင် ဖော်ပြသည့် ကြော်ငြာများမှရရှိပါကြောင်း၊ ပြည်သူအများစုက သတင်းအချက်အလက် ရှာဖွေဖတ်ရှုခြင်းကို ပုံနှိပ်မီဒီယာများထက် ဘက်ပေါင်းစုံမှ သာလွန်ကောင်းမွန်သည့် အွန်လိုင်းမီဒီယာများပေါ်တွင် ပိုမိုပြုလုပ်လာကြသဖြင့် သတင်းစာရောင်းချရာတွင် ရရှိသည့်ဝင်ငွေများစွာ ကျဆင်းခဲ့ရပါကြောင်း။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်

စီးပွားရေးကြော်ငြာအများစုမှာလည်း ကုန်ကျစရိတ်များစွာ သက်သာပြီး စည်းကမ်းတင်းကျပ်မှု လျော့နည်းကာ သုံးစွဲသူ လျင်မြန်စွာ တိုးပွားလာနေသည့် အွန်လိုင်းမီဒီယာများသို့ ပြောင်းရွှေ့သွားကြသည့်အတွက် ကြော်ငြာများမှ ရရှိသည့် ဝင်ငွေသည်လည်း များစွာကျဆင်းလာရခြင်း ဖြစ်ပါကြောင်း၊ အကျိုးဆက်အနေဖြင့် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသကဲ့သို့ ပုံနှိပ်သတင်းစာများ စီးပွားရေးအရ မရပ်တည်နိုင်ကြတော့ဘဲ တစ်စောင်ပြီး တစ်စောင် ပိတ်သိမ်းရပ်တန့်သွားခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင်သတင်းစာများသည်လည်း ယင်းစိန်ခေါ်မှုကြောင့် ဝင်ငွေများစွာ ကျဆင်းခဲ့ရပါကြောင်း။

ကမ္ဘာတစ်ဝန်း ယခုကဲ့သို့ ပုံနှိပ်မီဒီယာများ ကျဆင်းသွားခဲ့ရသည့် အကြောင်းရင်းကို ဆန်းစစ်ကြည့်ပါက ဒီဂျစ်တယ်နည်းပညာ တစ်ဟုန်ထိုး တိုးတက်လာပြီး တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အနာဂတ်တွင် နည်းပညာများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်၍ ပုံနှိပ်မီဒီယာများအနေဖြင့် ယခုထက်ပိုမိုကြီးမားသည့် နစ်နာဆုံးရှုံးမှုများ မလွဲမသွေ ကြုံတွေ့လာကြရမည်ဖြစ်ပါကြောင်း။

## COVID-19 ကူးစက် ကပ်ရောဂါ ဟန့်တားကာကွယ်ရေးအတွက် လူများသွားလာနေထိုင်မှုကို ကန့်သတ်မှုများရှိလာခဲ့ခြင်းက နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာများ၏ ကျဆင်းမှု ပိုမိုလျင်မြန်စေခဲ့သည်ကို တွေ့ရှိခဲ့

ယခုနှစ်အစောပိုင်းတွင် ကမ္ဘာအနှံ့ပြန့်ပွားလာခဲ့သည့် COVID-19 ကူးစက် ကပ်ရောဂါ ဟန့်တားကာကွယ်ရေးအတွက် လူများသွားလာနေထိုင်မှုကို ကန့်သတ်မှုများရှိလာခဲ့ခြင်းက နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာများ၏ ကျဆင်းမှု ပိုမိုလျင်မြန်စေခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ အခြားတစ်ဖက်တွင် ဒီဂျစ်တယ်နည်းပညာအခြေခံသည့် Online Media (ခေါ်) New Media (မီဒီယာအသစ်) များ၏အခန်းကဏ္ဍသည် တစ်နေ့တခြား ပိုမိုကျယ်ပြန့်လာနေပြီး ရှေ့ဆက်၍လည်း ပိုမိုအရေးပါလာမည်ဖြစ်ပါကြောင်း၊ ထင်ရှားသည့် သာဓကအဖြစ် တစ်ခု တင်ပြရပါက မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံး New Media Platform တစ်ခုဖြစ်သည့် Facebook ဟုခေါ်သည့် Social Media အသုံးပြုသူ အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်တွင် (၂၂)သန်းကျော်ရှိခဲ့ရာမှ နောက်ခြောက်လအကြာ ဇူလိုင်လကုန်တွင် (၂၈)သန်း ကျော်အထိတစ်ဟုန်ထိုး တိုးတက်



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ဒုတိယဝန်ကြီး ဦးကြည်မင်း



ဒုတိယဝန်ကြီး ဦးတင်မြင့်

လာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ တစ်နည်းပြောရပါက နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်အထိ Facebook Social Media ကို သုံးစွဲလျက်ရှိသည်ကို နိုင်ငံတကာသုတေသနအစီရင်ခံစာများအရ သိရှိရပါကြောင်း။

နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာအများအပြားသည် မီဒီယာအသစ်သို့ ကူးပြောင်းသွားခဲ့ကြပြီး ဖြစ်ပါကြောင်း၊ အချို့လည်း ပုံနှိပ်မီဒီယာနှင့် မီဒီယာအသစ်ကို ပူးတွဲလုပ်ကိုင်လျက်ရှိပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအတွင်း အွန်လိုင်းမီဒီယာအဖြစ် စတင်ထူထောင်ပြီး အောင်မြင်စွာ လည်ပတ်နေကြသည့် မီဒီယာအချို့ တွေ့မြင်လာရသကဲ့သို့ ယခုအချိန်အထိ ကြံ့ကြံ့ခံရပ်တည်နေကြသည့် ပုံနှိပ်မီဒီယာအချို့ကလည်း မီဒီယာအသစ်အဖြစ် ကူးပြောင်းရန် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရသည့်အတွက် ဝမ်းသာအားရ ဖြစ်ရပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင်ပုံနှိပ်မီဒီယာများလည်း မီဒီယာအသစ်ကို ပူးတွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားရမည်ဆိုပါက အရှိန်အဟုန်ဖြင့် ကျဆင်းလာနေသည့် ပုံနှိပ်မီဒီယာအဖြစ် ရေရှည်ရပ်တည်နိုင်စေရန် ကြိုးစားခြင်းထက် တစ်ဟုန်ထိုး တိုးတက်လာနေသည့် မီဒီယာသစ်အသွင်ဖြင့် ဆက်လက်ရှင်သန်နိုင်အောင် စနစ်တကျ ကြိုးစားဆောင်ရွက်ခြင်းသည် မြန်မာ့မီဒီယာလောကကို ဆက်လက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု အကြံပြုလိုပါကြောင်း။

## မြန်မာပြည်တွင်းမှ အွန်လိုင်းမီဒီယာလုပ်ကိုင်သူများသည် ထိုက်သင့်သည့် အကျိုးအမြတ် မရရှိနိုင်သေးသည်ကို တွေ့ရ

ယင်းသို့ဆောင်ရွက်ရာတွင် ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းကို ခွဲခြားစဉ်းစားရန် လိုအပ်ပါကြောင်း၊ ပုံနှိပ်လုပ်ငန်းဆိုသည်မှာ မီဒီယာလုပ်ငန်း လုပ်ကိုင်သည့် Platform တစ်ခုသာ ဖြစ်ပါကြောင်း၊ ဒီဂျစ်တယ်နည်းပညာ တိုးတက်ပြောင်းလဲလာသည့်အတွက် အသစ်ဖြစ်ပေါ်လာသည့် Platform အသစ်ဖြစ်သော Online သို့ မီဒီယာလုပ်ငန်းက ကူးပြောင်းသွားခြင်းသာ ဖြစ်ပါကြောင်း၊ ကျဆင်းခဲ့သည်မှာ မီဒီယာလုပ်ငန်းမဟုတ်ပါကြောင်း၊ ကျဆင်းခဲ့သည်မှာ ပုံနှိပ်လုပ်ငန်းသာဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားခဲ့သည့် အစိုးရမီဒီယာများ မရှိအပ်ဘူးဆိုသည့် ကိစ္စကို အနည်းငယ်ရှင်းလင်း ခွင့်ပြုစေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် သတင်းမီဒီယာလွတ်လပ်ခွင့်သည် များစွာနုနေသေးပါကြောင်း၊ မိမိတို့သည် မူလက ဒီမိုကရေစီနှင့် မီဒီယာလွတ်လပ်ခွင့် ခိုင်မာခဲ့သော်လည်း ၁၉၆၂ ခုနှစ်ကစပြီး ဒီမိုကရေစီနှင့် သတင်းမီဒီယာလွတ်လပ်ခွင့် (၂) ခုစလုံးသည် ဆိတ်သုဉ်းခဲ့ပါကြောင်း၊ မိမိတို့ ယခု တစ်ကျော့ပြန် ဒီမိုကရေစီအနေဖြင့် (၁၀)နှစ်ခန့်သာရှိပါကြောင်း၊ မီဒီယာလုပ်ငန်းသည်လည်း (၇)နှစ်သားခန့်သာ ရှိပါကြောင်း။

တစ်ချိန်တည်းတွင် မိမိတို့၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှု များပြားပါကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်မီဒီယာသည် တစ်စုံတစ်ရာသော အတိုင်းအတာဖြင့် တည်ရှိသင့်ပါကြောင်း၊ မြန်မာနိုင်ငံအကြောင်း ကမ္ဘာကို တင်ပြသည့် Myanmar Nerrative ကို လတ်တလောတွင် ပုဂ္ဂလိကမီဒီယာများအနေဖြင့်လည်း ဆောင်ရွက်နိုင်စွမ်းမရှိသေးပါကြောင်း၊ သို့သော် ပုဂ္ဂလိကမီဒီယာကို ပြုစုပျိုးထောင်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကမီဒီယာ ခိုင်မာရင့်သန်လာသည့် တစ်နေ့တွင် နိုင်ငံပိုင်မီဒီယာသည် တဖြည်းဖြည်း နောက်ဆုတ်သွားမည်ဖြစ်ပါကြောင်း၊ သို့သော် လွှတ်တော်ကိုယ်စားလှယ်က ပြောသွားပါကြောင်း၊ တချို့နိုင်ငံများတွင် နိုင်ငံပိုင်မီဒီယာမရှိဘူးဆိုခြင်းမှာ သေချာသုံးသပ်ကြည့်ပါက အပြည့်အဝမမှန်ကန်ဟု ယူဆပါကြောင်း၊ နိုင်ငံပိုင်မီဒီယာသည် ပုံစံတစ်စုံတစ်ရာဖြင့် ရှိကြပါကြောင်း၊ ဒီမိုကရေစီနိုင်ငံကြီးများတွင်လည်း ရှိကြပါကြောင်း၊ သို့သော် ပုံစံတစ်စုံတစ်ရာဖြင့် ရှိကြပါကြောင်း၊ အသွင်အမျိုးမျိုးဖြင့် ရှိကြပါကြောင်း၊ အနည်းဆုံး Public Service Media ဟုခေါ်သည့် နိုင်ငံတော်က ဘဏ္ဍာငွေကြေးထောက်ပံ့ပေးပါကြောင်း၊ သို့သော် မီဒီယာ၏ မူဝါဒကို ဝင်ရောက်စွက်ဖက်ခြင်း မရှိပါကြောင်း၊ ယင်းကို ဗဟုသုတအဖြစ် တင်ပြလိုပါကြောင်း၊ နိုင်ငံပိုင်မီဒီယာသည်လည်း အသွင်ကူးပြောင်းရေးကာလတွင် တစ်စုံတစ်ရာအထိ ရပ်တည်ရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

ယခုကဲ့သို့ အသွင်ကူးပြောင်း ဆောင်ရွက်ရာတွင် ကြုံတွေ့လာရမည့် ပြဿနာအခက်အခဲ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆက်စပ်လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပညာရှင်များ စသည်တို့ဖြင့် ချိတ်ဆက်လျက် လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်း ကူညီဆောင်ရွက်ပေးနိုင်ရန် အဆင်သင့်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေ၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံးများတွင် ဦးစီးအရာရှိရာထူးအဆင့်ရှိ ဝန်ထမ်းများနှင့် ခရိုင်ရုံးများတွင် လက်ထောက်ညွှန်ကြားရေးမှူး ရာထူးအဆင့်ရှိပုဂ္ဂိုလ်များ တာဝန်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရှင်းလင်းဖြေကြားသည်။

## ဒီဂျစ်တယ်မီဒီယာကို ယခုအခါတွင် မြန်မာမီဒီယာအများစု အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိ တချို့မီဒီယာအသစ်များသည် ပုံနှိပ်မှ မစတင်တော့ဘဲ အွန်လိုင်းမီဒီယာအဖြစ် စတင်လည်ပတ်နေသည်ကို တွေ့ရှိရ

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်က ဆက်စပ်မေးခွန်းအဖြစ် ဒီဂျစ်တယ်မီဒီယာသို့ ပုံနှိပ်မီဒီယာများ မပြောင်းလဲနိုင်မီကာလတွင် နိုင်ငံတော်အနေဖြင့် မည်သို့ကူညီပံ့ပိုးပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်းအပေါ် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မိမိတင်ပြခဲ့သည့်အတိုင်း ဒီဂျစ်တယ်မီဒီယာကို ယခုအခါတွင် မြန်မာမီဒီယာအများစု အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိပါကြောင်း၊ တချို့မီဒီယာအသစ်များသည် ပုံနှိပ်မှ မစတင်တော့ဘဲ အွန်လိုင်းမီဒီယာအဖြစ် စတင်လည်ပတ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ပုံနှိပ်မီဒီယာတချို့ကျန်ရှိနေသည်မှာ ပုံနှိပ်ခြင်းနှင့် မီဒီယာလုပ်ငန်းတွဲ၍ လည်ပတ်နေခြင်းဖြစ်ပါကြောင်း၊ ယင်းပုံနှိပ်လုပ်ငန်းကို ကူညီရန်အတွက် မိမိတို့ဆောင်ရွက်နေသည့် ကိစ္စရပ်များရှိပါကြောင်း၊ ဥပမာအနေဖြင့် Covid Relief နှင့်ပတ်သက်သည့် အထူးချေးငွေများပေးသည့်ကိစ္စနှင့် အခွန်အကောက်များ လျှော့ပေးသည့်ကိစ္စများ ရှိပါကြောင်း၊ ယင်းကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားလာမည်ဆိုပါကလိုအပ်သလို ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

## ဖောဓိကုန်းလျှိုပိတ်ဆည် ရေဝပ်ဧရိယာအတွင်းပါဝင်သွားသော လယ်မြေဧက ၁၆ ဒသမ ၅ ဧကအတွက် နစ်နာကြေး၊ လျော်ကြေးပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ မောင်တောမြို့နယ်၊ (ဒု) ချီးရားတန်း ကျေးရွာအုပ်စုအတွင်း ဖောဓိကုန်းလျှိုပိတ်ဆည်ငယ် တည်ဆောက်ရာ၌ ဖောဓိကုန်းကျေးရွာနှင့် ကံသာယာကျေးရွာတို့မှ သိမ်းဆည်းရာတွင် ပါဝင်သော လယ်ယာမြေနှင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ လျော်ကြေး၊ နှစ်ရှည်ပင်အတွက် နစ်နာကြေး မြေပြန်လည်အစားထိုး ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဖောဓိကုန်းလျှိုပိတ်ဆည် ရေဝပ်ဧရိယာအတွင်း ပါဝင်သွားသော လယ်မြေဧက ၁၆ ဒသမ ၅ ဧကအတွက် မိမိတို့ဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နစ်နာကြေး၊ လျော်ကြေးပေးနိုင်ရေးကို ခရိုင်၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး ထိုမှတစ်ဆင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့်လည်း ရေဝပ်ဧရိယာအတွင်း ပါဝင်သွားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ဧရိယာ ၄ ဒသမ ၅ ဧကအတွက် လက်ရှိတည်ထောင်ဆောင်ရွက်လျက်ရှိသည့် ဧရိယာနှင့် တစ်ဆက်တစ်စပ်တည်း ခွင့်ပြုနိုင်မည့် မြေဧရိယာ ရှိပါက အစားထိုးခွင့်ပြုနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်ရှိ "အမြင့်" မြို့ဟောင်းသည် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းအမျိုးမျိုးတို့အား နေရာအတည်တကျ ဂုဏ်ယူပြသထားရှိနိုင်ရန် အမြင့်မြို့ဟောင်းယဉ်ကျေးမှုပြတိုက် အဆောက်အဦတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အမြင့်မြို့ဟောင်း၏ အထိမ်းအမှတ် မင်းလက်ဝါး၏ ရုပ်တုပုံတော် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်ကျော်ဇံ ၏ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ လက်ဝဲဒက်ပုဇွန်ချောင်းကျေးရွာအုပ်စု၊ သစ်တောကျေးရွာအား ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမည်ပေါက် ကျေးရွာအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စေတောင်ကျေးရွာအုပ်စု၊ လေ့မ်းပြင်ကျေးရွာအုပ်စု၊ စံဂိုးတောင်ကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာတို့အား မူလအမည်မှန်ဖြစ်သည့် စည်တောင်ကျေးရွာအုပ်စု၊ ငွေတောင်ကျေးရွာအုပ်စု၊ စံဂိုးတောင်ကျေးရွာအုပ်စု၊ အောင်ဇေယျကျေးရွာအဖြစ် ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးတင်ဝေ၏ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြိတ်တောင် ကျေးရွာ၊ အင်းလေးမြိုင်ရပ်ကွက်၊ စက်မှုဇုန်အတွင်းရှိ ငါးအမှုန့်ကြိတ်စက်ရုံများအား အပြီးအပိုင်ပိတ်သိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် နှစ်စဉ်နိုင်ငံတော်သို့ အခွန်မည်မျှ ထမ်းဆောင်နေရသည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်းမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အသိပေးတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၏ ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းက ဆွေးနွေးသည်။

## ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်၍ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး ဦးစိုးဝင်းက က လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ၏ ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၃ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ ဒေါ်ထုမေက ဆွေးနွေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးက လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဝင် ဦးထိန်ဝင်းက ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၂၀) ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ရက်မြောက်နေ့ကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ "မိမိဆန္ဒအလျောက်" ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများ စစ်တွေမြို့သို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ရခိုင်ပြည်နယ်၏ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများ၌ "မိမိဆန္ဒအလျောက်" ယာယီတာဝန် ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများပါဝင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယအသုတ်အနေဖြင့် မြန်မာ အမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ထပ်မံရောက်ရှိကြသည်။

အဆိုပါအဖွဲ့ကို ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဝင်းဇော်လှိုင်၊ စစ်တွေပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး၌ "မိမိဆန္ဒအလျောက်" ယာယီတာဝန် ထမ်းဆောင်ကြမည့် ဆရာဝန်နှင့် သူနာပြုများ ပါဝင်သည့် ဒုတိယ အသုတ်တွင် လက်ထောက်ဆရာဝန် သုံးဦး၊ သွားနှင့် ခံတွင်းဆရာဝန် တစ်ဦး၊ ပြည်သူ့ကျန်းမာရေး ဆရာမကြီး တစ်ဦး၊ အထက်တန်း သူနာပြု ငါးဦး၊ သူနာပြု ၁၂ ဦး ပါဝင်ကြောင်းနှင့် "မိမိဆန္ဒအလျောက်" ယာယီတာဝန် ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စစ်တွေမြို့သို့ ထပ်မံပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိမိဆန္ဒအလျောက်" ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများကို ပို့ဆောင်ပေးသည့် အထူးလေယာဉ်၌ ရခိုင်ပြည်နယ်၏ ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်း ကိရိယာများကိုလည်း ပို့ဆောင်ပေးခဲ့သည်။ **သတင်းစဉ်**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ပဲခူး၌ ကျင်းပ

**ပဲခူး ဩဂုတ် ၂၅**

သဘာဝပတ်ဝန်းကျင် သာယာလှပစိမ်းလန်းရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်းဒေသကြီး ကျောက်တန်းစံပြကျေးရွာ ပန်းပျိုးလက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝန်းကျင်ဒေသများတွင် ယမန်နေ့က ကျင်းပသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ပန်းပျိုးလက် သစ်မာစိုက်ခင်းတွင် ပျဉ်းကတိုး၊ ယင်းမာ၊ သရက်၊ ဝါး စသည့်တို့အပြင် သစ်သီးဝလံ ပန်းမန်မျိုးစုံ ၁၀၀၀ ကျော်ကိုလည်း စိုက်ပျိုးခဲ့ပြီး ပန်းပျိုးလက် ဘုန်းတော်ကြီးသင် စာသင်ကျောင်းကိုလည်း နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။ ယင်းအပြင် အဆိုပါပညာသင်ကျောင်းရှိ ကလေးများအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းများကိုလည်း ကူညီထောက်ပံ့ပေးသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဂလိုဘယ် ဝေါ(လ်) အာမခံကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိုးဝင်းသန့်နှင့်အဖွဲ့က ဦးဆောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ယင်းဂလိုဘယ်ဝေါ(လ်) အာမခံကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ကာ အာမခံဝန်ဆောင်မှုများကို ၂၄ နာရီ ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးလျက်ရှိသည့်အပြင် နိုင်ငံတော်နှင့် တောင်သူလယ်သမားဦးကြီးများအတွက် အကျိုးရှိစေမည့် သီးနှံအာမခံ အမျိုးအစားသစ်ကိုလည်း ၂၀၁၈ ခုနှစ်ကတည်းက စတင်မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **မင်းခေတ်**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဆင်း

**တပ်ကုန်း ဩဂုတ် ၂၅**

နေပြည်တော်တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၈) စက်မှုလယ်ယာစခန်းမှ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၀)သင်တန်းဆင်းပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးရန်ပိုင်စိုးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းတွင် သင်တန်းကာလအတွင်း ထွန်စက်ကြီး၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်များ မောင်းနှင်ထိန်းသိမ်းနည်းပညာများကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။ **တင်စိုးလွင်**

# သူရဲကောင်းများသို့

➤ တိုင်းပြည်အတွက်
အသက်ကိုရင်း
စေတနာချင်းပြိုင်
ကိုယ့်နိုင်ငံအရေး
တုံ့နှေးမနေကြ
သတ္တိပြ၍
"ဆန္ဒ အလျောက်"
ရှေ့တန်း ရောက်သူ
သည်လိုလူသား
"ဆေးဝန်ထမ်းများကို"...
လေးစားဂုဏ်ပြု
ပြည်သူ့ရင်မှ
ယိုစီးကျသည့်
"မြန်မာ့သူရဲကောင်း"...
သရဖူဆောင်းရန်
ထိုက်ထိုက်တန်တန် အပ်နှင်းမည်။

ဟသ်ာတမြင့်ငွေ

❂ *ကျော်ဖုံးမှ*

စုစုပေါင်း လူဦးရေ ၁၃၂၆၂၈ ဦးအတွက် စားအုန်းဆီပုံး ၁၅၇၁ ပုံး ရောက်ရှိပြီဖြစ်ပါကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးသန်းရွှေက ဆက်လက်ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် နိုင်ငံတော်အရန်ရိက္ခာ စားအုန်းဆီပုံးများကို ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားနှုန်းမြင့်မားပြီး အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နိုင်ငံသားများကို ရိက္ခာချက်ချင်းဖြန့်ဝေနိုင်ရန် သိုလှောင်ထားရှိခြင်းဖြစ်ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူးက ဆက်လက်ပြောသည်။

**မွေးကြူဇင်**

# ပုသိမ်တံတားကြီးကြောင့် ပုသိမ်မြို့နှင့် ဒေသပတ်ဝန်းကျင် လမ်းပန်းလည်းချောမွေ့စေ၊ မြို့ပြလူမှုစီးပွားလည်း တိုးတက်စေ

*ကိုတင့်(မြို့ပြအင်ဂျင်နီယာ)*

**ပုသိမ်တံတားသစ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ခြင်း**

ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့သည် ပုသိမ်ခရိုင်အတွင်းတည်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်တို့ ရုံးစိုက်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ကောင်းမွန်သော မြို့နယ်တစ်ခု ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများသွားလာရေး၊ နေထိုင်ရေးအဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ပုသိမ်မြို့၏တိုးတက်လာမှု မြန်ဆန်လာသည်နှင့် ပုသိမ်မြစ်၏အနောက်ဘက်ခြမ်းတွင် မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း ရည်ရွယ်ချက်များဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပုသိမ်တံတားတည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

**ပန္နက်တော်တင်မင်္ဂလာအခမ်းအနား**

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် ပုသိမ်တံတားသစ်ကြီးဖြစ်သော ပုသိမ်တံတားအမှတ်(၂) ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ နိုင်ငံတော်သမ္မတက အမှတ် (၁) ပန္နက်တော်ရတနာပိုင်တွင် (Stand Pile) ကို စက်ခလုတ်နှိပ်ပန္နက်တော်တင်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

**တာဝန်ယူတည်ဆောက်သည့် တံတားအထူးအဖွဲ့**

ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၆) မှ အင်ဂျင်နီယာ ဒေါ်သစ်သစ်အောင် (ညွှန်ကြားရေးမှူး)က ဦးဆောင်၍ မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ရေသန့်အင်ဂျင်နီယာ ၁၉ ဦး (ညွှန်မှူးမှ ငယ်ယာ ၄ အဆင့်အထိ) ငွေစာရင်းနှင့် အုပ်ချုပ်မှုဝန်ထမ်း ၁၀ ဦး၊ လုပ်ငန်းပြအင်ဂျင်နီယာ ၁၇ ဦး၊ ပညာသည် ဝန်ထမ်းခြောက်ဦးနှင့် ကျွမ်းကျင်လုပ်သားများ အပါအဝင် ကာယ၊ ဉာဏလုပ်သား ၂၀၀ တို့ဖြင့် တံတားတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်။

**ပုသိမ်တံတားနှင့် ပတ်သက်သည့်အချက်အလက်များ**

ပုသိမ်တံတားအမှတ်(၂) ၏ တံတားအရှည်မှာ ပေ ၂၃၈၀ (၇၂၅ ဒသမ ၅ မီတာ) ရှိသည်။ တံတားခန်းဖွင့်ဖွဲ့စည်းပုံမှာ ပင်မတံတားတွင် သံပေါင်သုံးခုံးပါဝင်ပြီး ရေလယ်သံပေါင်ခုံးမှာ အရှည် ၄၅၉ ပေ (၁၄၀ မီတာ) နှင့် ဘေးနှစ်ဖက်တွင် ၃၁၁ ဒသမ ၅ ပေ (၉၅ မီတာ)ရှိ သံပေါင်ခုံး နှစ်ခုံးအပါအဝင် စုစုပေါင်း ၁၀၈၂ ပေ (၃၃၀ မီတာ) အရှည်ရှိသည်။ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားအရှည်မှာ ၅၇၂ ဒသမ ၅ ပေ (၁၇၄ ဒသမ ၅ မီတာ) နှင့် စိန်ကုန်းဘက်ကမ်း ချဉ်းကပ်တံတားအရှည်မှာ ၇၂၅ ပေ(၂၂၁ မီတာ) ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ (၈ ဒသမ ၅ မီတာ)နှင့် တစ်ဖက်လျှင် ၅ ပေ (၁ ဒသမ ၅ မီတာ) အကျယ်ရှိသော လူသွားလမ်းနှစ်ဖက်ပါရှိသည်။ တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ် Bored Pile များဖြင့် ဆောင်ရွက်သည်။ တံတားကိုယ်ထည် တံတားတိုင်များမှာ သံကူကွန်ကရစ်(RC Concrete) များ ဖြစ်သည်။ တံတားအပေါ်ထည် (Super Structure) မှာ သံမဏိသံပေါင်ခုံးတံတား (Nielsen Arch, Cable Hanger) ကြိုးတင်အားဖြည့် သံကူကွန်ကရစ်ရက်မ(P–C Girder) နှင့် ယာဉ်သွားလမ်းမှာ သံကူကွန်ကရစ်ကြမ်းခင်း (RC Slab) တို့ဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ်မှာ ၄၁၆ ပေ (၁၂၇ မီတာ)နှင့် ရေလမ်းကင်းလွတ်အမြင့်ပေ ၆၀ (၁၈ ဒသမ ၃ မီတာ) ရှိသည်။ တံတားခံနိုင်ဝန်မှာ HS 25 Load Class (ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်) ဖြစ်ကြောင်း သိရှိရသည်။ ခန့်မှန်းစီမံကိန်းတန်ဖိုးမှာ ပင်မတံတား၊ ချဉ်းကပ်တံတားများ အပါအဝင် ကျပ်သန်း ၂၈၅၀၀ ရှိကြောင်း သိရှိရသည်။



တည်ဆောက်ပြီးစီးနေပြီဖြစ်သော ပုသိမ်တံတားကြီးကို တွေ့ရစဉ်။

> “ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများသွားလာရေး၊ နေထိုင်ရေးအဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ပုသိမ်မြို့၏တိုးတက်လာမှု မြန်ဆန်လာသည်နှင့် ပုသိမ်မြစ်၏အနောက်ဘက်ခြမ်းတွင် မြို့ပြအိမ်ရာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း ရည်ရွယ်ချက်များဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပုသိမ်တံတားတည်ဆောက်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်”

**တံတားတည်ဆောက်ရေးလုပ်ငန်းစဉ် မှတ်တမ်းနှင့် ကြာမြင့်ချိန်ကာလ**

ပုသိမ်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၇-၁၀-၂၀၁၈ ရက်နေ့က ဆောင်ရွက်ခဲ့သည်။ တံတားကြီး၏ ပင်မကမ်းကပ်ခုံမှ ပထမဆုံး ပင်မသံပေါင်ကြီးကို ၂၁-၁-၂၀၂၀ ရက်နေ့တွင် စတင်တပ်ဆင်ခဲ့ကြသည်။ ပင်မတံတားကြီးနှင့် အလယ်သံပေါင်ခုံး နောက်ဆုံးအဆက်သံပေါင်ကို ၂၃-၅-၂၀၂၀ ရက်နေ့ နံနက် ၁၀ နာရီတွင် တပ်ဆင်ထားကြောင်း သိရှိရသည်။ တံတားကြီး၏ လုံခြုံရေး၊ မြို့လုံခြုံရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် CCTV ကင်မရာ ၃၂ လုံးကို ၇-၇-၂၀၂၀ ရက်နေ့တွင် တပ်ဆင်ပြီးစီးကြောင်း သိရှိရသည်။

ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းတွင် သံမဏိသံပေါင်ခုံးများ၊ သံမဏိကေဘယ်လ်ကြိုးများ တပ်ဆင်ပြီးဖြစ်၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် တံတားခံနိုင်ဝန်စမ်းသပ်ခြင်း(Load Test)ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းများတွင် ဖတ်ရှုရသည်။ တံတားသစ်ကြီးကို တည်ဆောက်ချိန်ကာလမှာ ၂၂ လသာ အချိန်ကြာမြင့်ခဲ့ကြောင်းနှင့် ပုသိမ်တံတားသစ်ကြီးကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ပင်မတံတား၊ ချဉ်းကပ်တံတားပေါ် နိုင်လွန်ကတ္တရာခင်းခြင်းနှင့် ချဉ်းကပ်လမ်းများဆောင်ရွက်ခြင်း**

ပုသိမ်တံတား၏ ပုသိမ်ဘက်ချဉ်းကပ်လမ်းနှင့် စိန်ကုန်းဘက်ချဉ်းကပ်လမ်းများကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်က ကြီးကြပ်၍ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် လမ်းဦးစီးဌာနက ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ တံတားကြီးပေါ် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကိုလည်း ပုသိမ်မြို့နယ် လမ်းဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ပထမပတ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။ ပုသိမ်ဘက် ချဉ်းကပ်လမ်းအရှည် ၁၄၂ ပေနှင့် စိန်ကုန်းဘက်လမ်း ၁၂၈ ပေကို ဘေးနှစ်ဖက်မှ ယာဉ်သွားလမ်းအကျယ် ရရှိစေရန် အသင့်ပြုလုပ်ပြီး ကွန်ကရစ်ပြားများ (Pre–Cast Concrete Slab) များကို အသုံးပြု၍ Reinforced Earth Wall Method (REW Wall Panels)နည်းစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ စိန်ကုန်းဘက် ချဉ်းကပ်လမ်းထိပ်မှ ပုသိမ်–ငွေဆောင်လမ်း (စိန်ကုန်းလမ်းဆုံ)အထိ လမ်းအရှည်(၂ မိုင် ၅ ဖာလုံ) ရှိသည်။ ရရှိခွင့်ပြုရန်ပုံငွေဖြင့် တံတားထိပ်မှလမ်းအရှည် ၁ မိုင် ၂ ဖာလုံအရှည်ကို ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်လမ်းဦးစီးဌာနမှ သိရှိရသည်။

**ကိုဗစ်–၁၉ ကာလနှင့် ပုသိမ်တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်**

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်–၁၉ ကပ်ရောဂါပြင်းထန်နေသည့်ကာလ ၂၀၂၀ ပြည့်နှစ် မတ်လမှ ဇွန်လ အချိန်ကာလအတွင်း ပုသိမ်တံတားတည်ဆောက်ရေးဆောင်ရွက်နေသည့်အချိန်နှင့် ကြုံကြိုက်ခဲ့ရသည်။ တံတားစီမံကိန်းကို ဦးဆောင်၍ ဆောင်ရွက်နေသည့် တံတားစီမံကိန်းအင်ဂျင်နီယာ ဒေါ်သစ်သစ်အောင်သည် အင်ဂျင်နီယာဝန်ထမ်းများနှင့်အတူ အရေးကြီးသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ကာလအတွင်း လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်အညီ အင်ဂျင်နီယာများနှင့် ရုံးအဖွဲ့များ၊ ကာယ၊ ဉာဏလုပ်သားများအတူတကွ စနစ်တကျ လိုက်နာဆောင်ရွက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများကို မရပ်မနား နေ့၊ ညစဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြသည်။ ကိုဗစ်–၁၉ ကာလတွင် ဆောင်ရွက်နေသော တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိ အင်ဂျင်နီယာများနှင့် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ တံတားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက Video Conferencing Meeting စနစ်ဖြင့် ၂-၅-၂၀၂၀ ရက်နေ့နှင့် ၆-၆-၂၀၂၀ ရက်နေ့တို့တွင် တံတားတည်ဆောက်ရေးနှင့် ပတ်သက်သည့် လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ကိုဗစ်– ၁၉ ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလည်း အနီးကပ်ကြီးကြပ်၍ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

*စာမျက်နှာ ၁၁ သို့*



သံပေါင်ခုံးတပ်ဆင်ခြင်း ဆောင်ရွက်နေစဉ်။

*စာမျက်နှာ ၁၀ မှ*

ကိုဗစ်-၁၉ ကာလ၌ ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်းတွင် အရေးကြီးသော သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများကို မရပ်မနားဘဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် စီမံကိန်းရည်မှန်းချက်အချိန်အတိုင်း ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း ပုသိမ်တံတားတည်ဆောက်ရေးလုပ်ငန်းအချိန်မီပြီးစီးရခြင်း ဖြစ်သည်။ ကိုဗစ်-၁၉ ကာလအတွင်း တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သော ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်းမှ စီမံကိန်းအင်ဂျင်နီယာနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာများ၊ ရုံးအဖွဲ့နှင့် ကျွမ်းကျင်ကာယ၊ ဉာဏ လုပ်သားများကို လေးစားစွာ အထူးဂုဏ်ပြုအပ်ပါသည်။

**တံတားကြီး ရေရှည်တည်တံ့ခိုင်ခံ့ရေး၊ လှပရေး၊ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများ**

ပုသိမ်တံတားသစ်ကြီး ရေရှည်တည်တံ့ခိုင်ခံ့နေစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားထိန်းသိမ်းရေးအဖွဲ့က တံတားထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ တံတားကြီးကို ပုသိမ်မြို့လယ်တွင် တည်ဆောက်ထားခြင်းကြောင့် ညဘက်လှပနေစေရန် လျှပ်စစ်မီး (Decorative Lighting) များ တပ်ဆင်ပေးထားကြောင်း သိရှိရသည်။ တံတားကြီးမှာ ပုသိမ်မြစ်ကို ဖြတ်ကူးတည်ဆောက်ထားသည်ဖြစ်၍ ညဘက်မြစ်အတွင်း သွားလာသောရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရေကြောင်းပြမီးများ (Navigation Lighting)လည်း တပ်ဆင်ပေးထားကြောင်း၊ တံတားကြီး၏ လုံခြုံရေး၊ ပုသိမ်မြို့နှင့် မြို့နေပြည်သူများ လုံခြုံရေးအတွက် တံတားကြီးပေါ်တွင် CCTV လုံခြုံရေးကင်မရာ ၃၂ လုံးကိုလည်း တပ်ဆင်ပေးထားကြောင်း သိရှိရသည်။

**ပုသိမ်ရွှေမုဋ္ဌောဘုရား၊ ပုသိမ်တံတားသစ်ကြီးနှင့် လှပခံ့ညားနေသော ပုသိမ်မြို့**

တန်ခိုးကြီးပုသိမ်ရွှေမုဋ္ဌောဘုရားကြီး အနီးတွင် တည်ဆောက်ထားသော ပုသိမ်တံတားသည် ပုသိမ်မြို့ကမ်းနားလမ်း၌ လှပစွာ မြင်တွေ့မည်ဖြစ်သည်။ ပုသိမ်တံတားသစ်ကြီးအနီးတွင် ပုသိမ်မြို့တော် ခန်းမကြီးမှာ ခံ့ညားလှပစွာ တည်ရှိနေသည်။ ပုသိမ်တံတားသစ်ကြီး လမ်းနှစ်ဖက်ရှိ ပင်မတံတားတိုင်ခြေ ကမ်းစပ်များတွင် ကွန်ကရစ်အခင်း (Plat Form) များကို လှပစွာပြုလုပ်ထားကြောင်း သိရှိရသည်။ ပုသိမ်ဘက်ခြမ်းရှိ တံတားကြီးအနီးတွင် ပုသိမ်မြို့နေပြည်သူများ အပန်းဖြေနားနေစဉ် တံတားအလှကိုကြည့်ရှုနိုင်ရန် ခုံတန်းများ၊ ရှုခင်းသာနေရာများနှင့် အားကစားလေ့ကျင့်ခန်းပစ္စည်းများ ထားရှိသောကြောင့် ပုသိမ်မြို့နေပြည်သူအများ အပန်းဖြေနားနေ၍ တံတားကြီးအလှကို ကြည့်ရှုခံစားလျက်ရှိကြောင်း သိရှိရသည်။




ပုသိမ်တံတားအမှတ်(၂) တည်နေရာပြမြေပုံ

**ဖွံ့ဖြိုးတိုးတက်လာတော့မည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပုသိမ်မြို့နယ်ပတ်ဝန်းကျင်ဒေသ**

ပုသိမ်မြို့နယ်တွင် လူဦးရေပေါင်း သုံးသိန်းကျော်ရှိသည်။ ပုသိမ်မြို့နယ်တွင် ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့နယ်၊ ချောင်းသာမြို့နယ်နှင့် ရွှေသောင်ယံမြို့နယ်တို့ ပါဝင်သည်။ မြို့နေအိမ်ခြေ ၃၇၆၁၆ ခုနှင့် ကျေးလက်နေအိမ်ခြေ ၃၈၉၅၉ ခု၊ မြို့နယ်ချုပ်အိမ်ခြေ စုစုပေါင်း ၇၆၅၇၅ ခုရှိကြောင်း သိရှိရသည်။ ပုသိမ်မြို့တွင် ရပ်ကွက် ၁၅ ခု၊ ကျေးရွာအုပ်စု ကိုးခုနှင့် ကျေးရွာ ၄၅ ရွာရှိသည်။ ပုသိမ်မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်အနက် ရပ်ကွက် ၉ နှင့် ၁၀ သည် ပုသိမ်တစ်ဖက် စိန်ကုန်းဘက်ကမ်းတွင် တည်ရှိသည်။ ပုသိမ်တံတားသစ်ကြီး တည်ဆောက်ပြီးစီးပါက ပုသိမ်တစ်ဖက်ကမ်းရှိ ရပ်ကွက်နှစ်ခုနှင့် ကျေးရွာများသို့ အချိန်မရွေးလွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်သည်။ ပုသိမ်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ တိုးချဲ့နိုင်ရန်အတွက် ပုသိမ်မြို့တစ်ဖက်ကမ်းတွင် မြို့ပြအိမ်ရာစခန်းများ၊ ဝန်ထမ်းအိမ်ရာများ၊ စက်မှုဇုန်များ၊ စီးပွားရေးဇုန်များ ပေါ်ထွက်လာတော့မည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများပေါ်ပေါက်လာသည်နှင့် ပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး စားဝတ်နေရေးများ အဆင်ပြေချောမွေ့လာမည် ဖြစ်သည်။ မြို့ပြနှင့် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်သည်။

**ပုသိမ်ဒေသနှင့် ချောင်းသာ၊ ငွေဆောင်ကမ်းခြေဒေသများ**

ပုသိမ်တံတားသစ်စီမံကိန်းမှ ပုသိမ်မြစ်အထက်ဘက် ၃ မိုင် ၂ ဖာလုံနေရာတွင် မူလပုသိမ်ကြိုးတံတားကြီးရှိသည်။ ပုသိမ်ကြိုးတံတား၏ ခံနိုင်ဝန်လျော့ကျလာမှုကြောင့်လည်းကောင်း၊ ပုသိမ်မြို့တစ်ဖက်ကမ်း မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လည်းကောင်း ပုသိမ်တံတားသစ်ကြီးကို ပုသိမ်မြို့လယ်မှာ တည်ဆောက်ရခြင်း ဖြစ်သည်။ စိန်ကုန်းဘက်ကမ်း၊ ပုသိမ်တံတားအသစ်ချဉ်းကပ်လမ်းမှ ပုသိမ်- ငွေဆောင်လမ်းဆုံသို့ သွားပြီး ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ရွှေသောင်ယံကမ်းခြေအပန်းဖြေစခန်းနေရာများသို့ အလွယ်တကူ သွားရောက်နိုင်တော့မည်ဖြစ်သည်။

**ပုသိမ်ခရိုင်နှင့် သံတွဲခရိုင်တို့ ဆက်စပ်ပေးမည့် ပင်လယ်ကမ်းခြေပတ်လမ်း**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းကမ်းခြေမှ ရခိုင်ပြည်နယ် ဂွမြို့နယ် ဂွကမ်းခြေအထိ ဆက်သွယ်သည့် ကမ်းခြေပတ်လမ်းရှိပြီး စုစုပေါင်းလမ်းအရှည်မှာ ၁၀၂ မိုင် ၆ ဖာလုံခန့်ရှိသည်။ အဆိုပါကမ်းခြေပတ်လမ်းမှာ ငရုတ်ကောင်းမှ ငွေဆောင်၊ ချောင်းသာ၊ ရွှေသောင်ယံကမ်းခြေများ၊ မကျီးဇင်-ကျောက်ချွန်းမှ ဂွကမ်းခြေအထိ ဆက်စပ်ပေးထားသည်။ ပုသိမ်တံတားသစ်ကြီးကြောင့် ပုသိမ်မြို့ပတ်ဝန်းကျင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး မြို့ပြလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ မြန်မာပြည်တစ်ဝန်းလုံးရှိပြည်သူများ ငွေဆောင်၊ ချောင်းသာကမ်းခြေ အပန်းဖြေစခန်းများသို့ ပုသိမ်တံတားသစ်ကြီးမှတစ်ဆင့် ခရီးသွားလာကြတော့မည်ဖြစ်သည်။ ပုသိမ်မြို့ပတ်ဝန်းကျင် တိုးတက်လာမှုနှင့်အတူ ပင်လယ်ကမ်းခြေပတ်လမ်းဒေသများဖြစ်သော ငရုတ်ကောင်း၊ ချောင်းသာ၊ ရွှေသောင်ယံ၊ မကျီးဇင်၊ ကျောက်ချွန်း၊ ဂွကမ်းခြေဒေသများတွင် အပန်းဖြေစခန်းများ၊ ဟိုတယ်ဇုန်များ၊ အထူးစီးပွားရေးလုပ်ငန်းဇုန်များ အမြန်ဆုံးပေါ်ပေါက်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

**ပုသိမ်တံတားသစ်ကြီးမှ ဆံတော်ရှင် မြတ်မော်တင်စွန်းဘုရားသို့**

ပုသိမ်မြို့ရှိ ပုသိမ်တံတားသစ်ကြီးမှ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း(လမ်းအရှည် ၉၅/ ၀မိုင်) အတိုင်းကားလမ်းမှတစ်ဆင့် ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားသို့ သွားရောက်ဖူးမြော်နိုင်သည်။ ပုသိမ်-မော်တင်စွန်းကားလမ်း မိုင်တိုင် (၅၁/ ၀)အနီးတွင် ငရုတ်ကောင်းတောင်ကျေးရွာမှ ငရုတ်ကောင်းမြို့လမ်းခွဲရှိသည်။ ထိုမှတစ်ဆင့်ငရုတ်ကောင်းကမ်းခြေသို့ သွားရောက်လည်ပတ်နိုင်မည် ဖြစ်သည်။ မော်တင်စွန်းဘုရား ရောက်ခါနီးတွင် ဟိုင်းကြီးကျွန်းလည်းရှိပြီး သွားရောက်လည်ပတ်နိုင်သည်။ မြတ်စွာဘုရားရှင်၏ ဆံတော်နှစ်ဆူကိန်းဝပ်တော်မူသော မြတ်မော်တင်စွန်းဘုရားမှာ တန်ခိုးကြီးမားလှပါသည်။ ဒေသခံပြည်သူများက တန်ခိုးကြီးသည့် ဆံတော်ရှင်မြတ်မော်တင်စွန်း ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့တိုင်း အစဉ်အလာမပြတ်ခမ်းနားစွာ ကျင်းပကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသည်နှင့်အညီ မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ကုန်းလမ်းခရီး၊ ရေလမ်းခရီးတို့ဖြင့် မြတ်မော်တင်စွန်းဘုရားကို ရာသီမရွေး လာရောက်ဖူးမြော်နိုင်ကြပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရသည်။ ။

# တာမွေမြို့နယ် တာမွေလေးရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် တာမွေလေးရပ်ကွက် သမာဓိလမ်း အမှတ် ၄၆(စီ) တွင် ယနေ့မွန်းလွဲ ၂ နာရီ ၅၂ မိနစ်က မီးလောင်မှု စတင်ဖြစ်ပွားခဲ့ရာ ငွေကျပ်သိန်း ၇၀ ခန့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း တာမွေမြို့နယ်မီးသတ်စခန်းမှ သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် ဟောင်ကောင်နှစ်ထပ်တိုက်အဆောက်အအုံ တစ်လုံး၊ ပျဉ်ထောင်အိမ် တစ်လုံး၊ နှစ်ခန်းတွဲတိုက်၏ ငါးထပ်နှင့် လေးထပ် ဘယ်ဘက်ခြမ်းအနောက်ဘက်မီးဖိုဆောင်တို့ မီးလောင်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ မီးငြိမ်းသတ်ယာဉ် ၄၇ စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး၊ လူနာတင်ယာဉ် နှစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၀ တို့ဖြင့် Level-2 အဆင့်ရှိ ယာဉ်များ ရောက်ရှိ မီးငြိမ်းသတ်ခဲ့ရာ **(အပေါ်ပုံ)** ညနေ ၃ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ အိမ်ရှင်အား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ မှူးခင်းအသိပညာပေး

**ဝမ်းတွင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာအုပ်စု ရွှေတောင်ကျေးရွာဓမ္မာရုံတွင် ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ယဉ်ထွေးနှင့် အဖွဲ့သည် ဩဂုတ် ၂၄ ရက်က မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုများ ပပျောက်စေရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးခြင်းနှင့် ကိုဗစ် - ၁၉ ဖြစ်ပွားမှုများနှင့် ပတ်သက်၍ ကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများ အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံ ၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **ရဲပြန်ကြား**

❁ *ကျောဖုံးမှ*

နည်းပြ အာတီတာသည် ကနဦးတွင် ၎င်း၏ အာဆင်နယ်ကွင်းလယ်ကစားဖော်ဟောင်းတစ်ဦးဖြစ်သည့် ကာဇိုလာကို နည်းပြအဖွဲ့ဝင်အဖြစ် ထည့်သွင်းရန် စဉ်းစားခဲ့ကြောင်း သိရသည်။ သို့သော်လည်း စပိန်ကစားသမားကာဇိုလာက ကာတာကလပ် အယ်ဆတ်အသင်းသို့ ပြောင်းရွှေ့သွားသည့်အတွက် အစီအစဉ်မှာ ပျက်ပြယ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဘားကမ့်သည် လက်ထောက်နည်းပြအဖြစ် အိုင်းယက်စ်အသင်းမှ ထွက်ခွာပြီး သုံးနှစ်အကြာတွင် အယ်မယ်ရီစီးတီးအသင်းတွင် အပျော်တမ်းနည်းပြလုပ်ကိုင်နေသူဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် ၎င်းသည် နည်းပြလောကထဲသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ဖို့ စိတ်ဝင်စားနေပြီး အာဆင်နယ်အသင်းထံသို့ ပြန်လာချင်နေကြောင်း ထုတ်ဖော်ပြောကြားထားသည်။ ဘားကမ့်သည် မိခင်နိုင်ငံ နယ်သာလန်အသင်းတွင် ၇၉ ပွဲ ပါဝင်ကစားထားပြီး ၃၇ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။

နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်ရာသီ ပရီမီယားလိဂ်တွင် ၃၈ ပွဲကစားရာ ၁၄ ပွဲသာ နိုင်ပွဲရပြီး ၁၄ ပွဲသရေကျကာ ၁၀ ပွဲအထိ ရှုံးနိမ့်ထားသည့်အတွက် ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၈) နေရာတွင်သာ ရပ်တည်ထားနိုင်သည်။ သို့သော်လည်း အာတီတာသည် ဩဂုတ် ၁ ရက်က ဝင်ဘလေအားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၉-၂၀ အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပြိုင်ဘက် ချယ်လ်ဆီးအသင်းကို အူဘာမီယန်၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အက်ဖ်အေဖလားကို ၁၄ ကြိမ် ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည့် နည်းပြတစ်ဦး ဖြစ်သည်။ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၈) နေရာဖြင့်သာ အဆုံးသတ်နိုင်ခဲ့သော်လည်း အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် လာမည့်နှစ် ယူရိုပါလိဂ်ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ဩဂုတ် ၂၉ ရက် စနေနေ့တွင် ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် ကွန်မြူနတီဒိုင်းလုပွဲအဖြစ် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**အောင်ဇော်**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဂျပန်နိုင်ငံတွင် သက်တမ်းအရှည်ဆုံးဝန်ကြီးချုပ်ဖြစ်လာ



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး။

**တိုကျို ဩဂုတ် ၂၅**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လက်ရှိရာထူးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်မှာ ဩဂုတ် ၂၄ ရက်က ၂၇၉၉ ရက်ရှိခဲ့သောကြောင့် ဂျပန်နိုင်ငံ၌ သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်တစ်ဦးဖြစ်လာခဲ့သည်။

မစ္စတာ အာဘေး မတိုင်မီ သက်တမ်း အရှည်ဆုံး ဝန်ကြီးချုပ်အဖြစ် စံချိန်တင်ခဲ့သူမှာ စာ့တိုအဲစာကု ဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ် ပထမတစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သည့် ရက်များပါ ထည့်တွက်ခဲ့ပါက မစ္စတာအာဘေးသည် ဂျပန်နိုင်ငံတွင် သက်တမ်းအရှည်ဆုံး နိုင်ငံ့ခေါင်းဆောင်အဖြစ် နောက်ထပ်မှတ်တိုင်တစ်ခုကို စိုက်ထူခဲ့ပြီး ၎င်း၏လက်ရှိ စုစုပေါင်း တာဝန်ထမ်းဆောင်ခဲ့သည့် ရက်ပေါင်းမှာ ၃၁၆၅ ရက်ရှိလာမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အောက်လွှတ်တော်ရွေးကောက်ပွဲပြီးနောက် မစ္စတာအာဘေးသည် ဝန်ကြီးချုပ်ရာထူးကို တစ်ကျော့ပြန်ရရှိခဲ့ပြီး အစိုးရအဖွဲ့ကို ဒုတိယတစ်ကြိမ်ဖွဲ့စည်းခဲ့သည်။

အာဘေးသည် ဂျပန်စီးပွားရေး ပြန်လည် အားကောင်းလာစေရေးကို ဦးစားပေးခဲ့ပြီး ငွေကြေး ကျဆင်းမှုကို ရှောင်ရှားနိုင်ရန်အတွက် အာဘေးနိုမစ်ဟု လူသိများသည့် ဝန်ကြီးချုပ် အာဘေး၏ စီးပွားရေးဆိုင်ရာ မူဝါဒများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

ဝန်ကြီးချုပ်ရာထူး ရရှိပြီးနောက် စတော့ဈေးကွက်တွင် နစ်ကေးပျမ်းမျှ အညွှန်းကိန်းသည် အမှတ် ၂၀၀၀၀ ကျော်အထိ ပြန်လည်မြင့်တက်လာခဲ့သည်။ ထို့အပြင် အလုပ်အကိုင်နေရာရရှိမှုနှင့် အလုပ်လျှော့ကျထားမှု အချိုးအစားလည်း မြင့်တက်လာခဲ့သည်။

သို့သော်လည်း ကိုဗစ်-၁၉၏ ရိုက်ခတ်မှုကို ဂျပန်နိုင်ငံ၏ စီးပွားရေးလည်း ခံခဲ့ရပြီး လူတစ်ဦးချင်းစီ၏ စားသုံးမှုကျဆင်းလာသည်နှင့် တစ်ပြိုင်နက် ဧပြီလမှ ဇွန်လသုံးလပတ်ကာလအထိ နိုင်ငံ၏ ပြည်တွင်း ထုတ်ကုန်တန်ဖိုး အကြီးမားဆုံး ကျဆင်းလာခဲ့သည်။ မစ္စတာ အာဘေး၏ အဓိက အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ အကြီးအကဲ တာဝန်သည် ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## ဂါဇာတွင် ပထမဆုံးအကြိမ် ဒေသတွင်း ကူးစက်မှု တွေ့ရှိ

**ဂါဇာ ဩဂုတ် ၂၅**

ဂါဇာကမ်းမြောင်ဒေသတွင် အသွားအလာ ကန့်သတ်ထားသည့် စင်တာများ အပြင်ဘက်တွင် ဒေသတွင်း ကူးစက်မှုကို ပထမဆုံးအကြိမ် တွေ့ရှိလာရသည်ဟု သိရသည်။

တစ်မိသားစုအတွင်းမှ လူလေးဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံသည်ကို တွေ့ရှိလာရသည်ဟု ဂါဇာရှိအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသည့် ပါလက်စတိုင်း ဟားမားစ်အဖွဲ့က ဂါဇာ ဒေသကို ၄၈ နာရီအကြာ အပြည့်အဝ အသွားအလာပိတ်ဆို့ကန့်သတ်လိုက်ကြောင်း ကြေညာခဲ့သည်။ ဂါဇာဒေသတွင် လူပေါင်း နှစ်သန်း နေထိုင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# တာတိုအပြေးချန်ပီယံ အူစိန်ဘော့ ကိုဗစ် – ၁၉ ကူးစက်ခံရ

ကင်စတန်း ဩဂုတ် ၂၅

**တာတိုအပြေးချန်ပီယံ အူစိန်ဘော့တွင် ကိုဗစ် -၁၉ ကူးစက်ခံရသည့်အတွက် ဩဂုတ် ၂၄ ရက်ကစတင်ကာ အသွားအလာကန့်သတ်ထားကြောင်း ဂျမေကာ မီဒီယာများတွင် ဖော်ပြထားသည်။**

၎င်း၏ ၃၄ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ကျင်းပပြီးနောက် ရက်မကြာမီမှာပင် ကိုဗစ် – ၁၉ ကူးစက်ခံရခြင်းဖြစ်သည်။ ရှစ်ကြိမ်တိုင်တိုင် အိုလံပစ် ချန်ပီယံဆုရရှိခဲ့သည့် အူစိန်ဘော့ က ၎င်းနှင့်ထိတွေ့မိသူများကို အသွားအလာ ကန့်သတ်ထား သည့်စင်တာများသို့ သွားရောက်ရန်တိုက်တွန်းထားသည်။

### တိုက်တွန်းထား

အလုပ်ကိစ္စအတွက် ဂျမေကာနိုင်ငံမှ ထွက်ခွာရန် ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရောဂါတွေ့ရှိရသည့်အတွက် အပြင်မထွက်ဘဲ လုံခြုံစိတ်ချစွာ နေထိုင်မည်ဟု တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

၎င်းတွင် မည်သည့်ရောဂါလက္ခဏာမျှ မပြသော်လည်း သီးခြားခွဲနေထိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများကိုခံယူမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းမတိုင်မီ ၎င်းနှင့်ထိတွေ့သူများနှင့် သူငယ်ချင်းများကို သီးခြားခွဲနေထိုင်ကြရန် တိုက်တွန်းမှုပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။

### စုံစမ်းလျက်ရှိ

အူစိန်ဘော့၏မွေးနေ့ပွဲသို့ တက်ရောက်ခဲ့သူများ၏ အခြေအနေများကို ရဲများက စုံစမ်းလျက်ရှိသည်ဟု ဂျမေကာဝန်ကြီးချုပ် အန်ဒရူး ဟိုးနက်စ်က ပြောသည်။ အူစိန်ဘော့သည် ၂၀၁၇ခုနှစ်က လန်ဒန်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ချန်ပီယံပြိုင်ပွဲတွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည်။

**ဘန်ကောက်ပို့စ်**



တာတိုအပြေးချန်ပီယံ အူစိန်ဘော့။

# ဘရာဇီးဘောလုံးကြယ်ပွင့်ဟောင်း ရော်နယ်ဒင်ဟို နေအိမ်အကျယ်ချုပ်မှလွတ်မြောက်

**အာဆွန်စီယွန် ဩဂုတ် ၂၅**

ဘောလုံးကြယ်ပွင့်ဟောင်း ရော်နယ်ဒင်ဟိုကို ပတ်စ်ပို့အတု ကိုင်ဆောင်မှုဖြင့် ပါရာဂွေးနိုင်ငံတွင် နေအိမ်အကျယ်ချုပ် ခြောက်လနီးပါး ဖမ်းဆီးထားပြီးနောက် ဩဂုတ် ၂၄ ရက်က ပြန်လွှတ်ပေးလိုက်ပြီဟု သိရသည်

ရော်နယ်ဒင်ဟိုတို့ ညီအစ်ကိုနှစ်ယောက်သည် အစိုးရရှေ့နေများထံ အသနားခံ လျှောက်လွှာချက် တင်ပြီးနောက် တရားသူကြီးတစ်ဦးက စွဲချက်များကို ဆိုင်းငံ့ခဲ့သည်။ ကြိုတင်ကာကွယ်မှုအနေဖြင့် ဖမ်းဆီးထားမှုကို လုံးဝ ဖယ်ရှားပေးလိုက်ပြီဖြစ်ပြီး နောက်ထပ် ကန့်သတ်ချက်များ ရှိတော့မည် မဟုတ်ဟု တရားသူကြီး ဂတ်စဘို အမာရီလာက တရားရုံးတွင် ပြောကြားခဲ့သည်။

ကြယ်လေးပွင့်အဆင့်ရှိ ပါမာရိုဂါ ဟိုတယ်သို့ ပြောင်းရွှေ့မနေထိုင်မီ ရော်နယ်ဒင်ဟိုနှင့် အဆစ်တို့သည် အကျဉ်းထောင်ထဲတွင် တစ်လကျော်ကြာနေထိုင်ခဲ့ရသည်။ အာမခံကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းပေးဆောင်ပြီးမှ ဟိုတယ်သို့ ပြောင်းရွှေ့ခွင့် ရခဲ့ခြင်းဖြစ်သည်။ ရော်နယ်ဒင်ဟိုတို့ ညီအစ်ကိုနှစ်ယောက်သည် ရီယိုဒီဂျနေရိုးသို့ လေယာဉ်စင်းလုံးငှားကာ ပြန်မည်ဟုလည်း မီဒီယာများတွင် ဖော်ပြထားသည်။ စုံစမ်းစစ်ဆေးသူများနှင့် သဘောတူညီချက်အရ ရော်နယ်ဒင်ဟိုသည် ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၉၀၀၀၀ ကို ပေးဆောင်ရန် သဘောတူထားပြီး နှစ် နှစ်တာကာလအတွင်း သုံးလတစ်ကြိမ် ဘရာဇီးတရားရုံးတွင် အစီရင်ခံရမည်ဖြစ်သည်။ အဆစ်သည်လည်း ဒဏ်ကြေး ၁၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်ပြီး နှစ် နှစ်တာကာလအတွင်း ဘရာဇီးနိုင်ငံအတွင်းမှ ထွက်ခွာခွင့် မရှိပေ။ ပါရာဂွေးနိုင်ငံတွင် ၎င်း၏ရာဇဝတ်မှုမှတ်တမ်းကျန်ရှိနေမည် ဖြစ်သည်။ စာအုပ်သစ် အရောင်းမြှင့်တင်ရေးနှင့် ကလေးများရန်ပုံငွေအတွက် ရော်နယ်ဒင်ဟိုနှင့် အဆစ်တို့သည် တောင်အမေရိကသို့ မတ်လ ၄ ရက်တွင် လာရောက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားလာမှုဆိုင်ရာ အထောက်အထားအတုများ လူဝင်မှုကြီးကြပ်ရေးသို့ ပေးခဲ့သည့်အတွက် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ရော်နယ်ဒင်ဟိုသည် ၂၀၁၈ ခုနှစ်တွင် ဘောလုံးလောကမှ အနားယူခဲ့သူလည်းဖြစ်သည်။ **ဆင်ဟွာ**



ဘောလုံးကြယ်ပွင့်ဟောင်း ရော်နယ်ဒင်ဟို။

# အိုင်အေအီးအေ အကြီးအကဲနှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ဟု အီရန်ပြော

**တီဟီရန် ဩဂုတ် ၂၅**

အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ )မှ အကြီးအကဲ ရာဖယ်မာရီယာနိုဂရော့ဆီ အီရန်သို့ လာရောက်လည်ပတ်နေချိန်တွင် အီရန်နျူကလီးယားအဖွဲ့သည် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

### အီရန်သို့လာရောက်

ကုလသမဂ္ဂက အီရန်အပေါ် ပိတ်ဆို့မှုပြစ်ဒဏ်များ ချမှတ်ပေးရန် အမေရိကန်က တောင်းဆိုနေသည့်အတွက် အကျပ်ရိုက်နေချိန်တွင် အိုင်အေအီးအေမှ အကြီးအကဲ အီရန်သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံ၏ အက်တောမစ်အေဂျင်စီအကြီးအကဲ အလီအက္ကဘာ ဆာလီဟီနှင့် ဦးစွာ တွေ့ဆုံခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်ဖ်နှင့် တွေ့ဆုံခဲ့သည်။

### အပြုသဘောဆောင်သည့် ဆွေးနွေးပွဲ

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသည် အပြုသဘောဆောင်သည့် ဆွေးနွေးပွဲဟု အလီအက္ကဘာ ဆာလီဟီက ပြောကြားခဲ့သည်။ လပေါင်းများစွာကြာပိတ်ထားခဲ့သည့် နေရာနှစ်ခုကို ဝင်ရောက်စစ်ဆေးခွင့်ပေးရန် တောင်းဆိုမှုနှင့်အတူ ဆွေးနွေးမှုများ စတင်ခဲ့သည်။

အီရန်ဘက်ကမူ အိုင်အေအီးအေ၏ ဝင်ရောက် စစ်ဆေးခွင့်ပေးရန် တောင်းဆိုမှုသည် အစ္စရေးနှင့် အခြားသော တရားမဝင် စွပ်စွဲချက်များကို အခြေခံပြီး တောင်းဆိုခြင်းဖြစ်သည်ဟု ဆိုကာ ငြင်းခုံခဲ့သည်။

အိုင်အေအီးအေ၏ အီရန်နိုင်ငံတွင် လုံခြုံစိတ်ချရေး အတည်ပြုနိုင်ရန် လုပ်ဆောင်မှုများအပေါ် သဘောတူညီမှုရရှိရေးနှစ်ဖက်စလုံးမှ ကြိုးပမ်းနေသည်ဟု ဂရော့ဆီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# နာဗယ်နီဖြစ်စဉ်တွင် လွတ်လပ်ပြီးပွင့်လင်းမြင်သာသော စုံစမ်းမှုများပြုလုပ်ရန် အီးယူတောင်းဆို

ဘရပ်ဆဲလ် ဩဂုတ် ၂၅

**ကရင်မလင်ကို ဝေဖန်သူ အဆိပ်မိထားသည်ဟု သံသယရှိနေသူ အလက်ဇီနာဗယ်နီဖြစ်စဉ်တွင် လွတ်လပ်ပြီး ပွင့်လင်းမြင်သာသော စုံစမ်းမှုများပြုလုပ်ရန် ဥရောပသမဂ္ဂသံတမန်အကြီးအကဲ ဂျိုးဆက်ဖ်ဘောရယ်လ်က ဩဂုတ် ၂၄ ရက်တွင် ထုတ်ပြန်ချက်၌ ရုရှားအာဏာပိုင်များကို တိုက်တွန်းလိုက်သည်။**

ဥရောပသမဂ္ဂအနေဖြင့် နာဗယ်နီ၏ အသက်ကို ခြိမ်းခြောက်လျက်ရှိသော ကြိုးပမ်းအားထုတ်မှုများကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ ရုရှားဝေဖန်ရေးသမားကို ကုသပေးနေသော ဂျာမနီဆေးရုံ၏ စစ်ဆေးမှုများက အလက်ဇီနာဗယ်နီ အဆိပ်မိထားသည်ကို ညွှန်ပြလျက်ရှိကြောင်း ၎င်းကထုတ်ပြန်ချက်တွင် ဆက်လက်ပြောကြားသည်။

မစ္စတာနာဗယ်နီ အဆိပ်မိမှုတွင် ရုရှားအာဏာပိုင်များက လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိသော စုံစမ်းစစ်ဆေးမှုများကို နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ စတင်လုပ်ဆောင်ရန် အလွန်အရေးကြီးကြောင်း ဘောရယ်လ်က ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ တာဝန်ရှိသူများအနေဖြင့်လည်း တာဝန်ခံရမည်ဖြစ်ကြောင်း ၎င်းက ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက မစ္စတာနာဗယ်နီ အဆိပ်မိသည့်နောက်ကွယ်က အကြောင်းတရားများကို တောင်းဆိုလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၂၄ ရက်အစောပိုင်းက ဘာလင်ရှိ ချာရစ်ဆေးရုံက နာဗယ်နီ၏ စစ်ဆေးမှုတွင် ပိုးသတ်ဆေးများနှင့် ဓာတုလက်နက်များတွင် အသုံးပြုသော ဓာတုပစ္စည်းတစ်မျိုးကို တွေ့ရှိခဲ့ကြောင်းနှင့် ယင်းက ခန္ဓာကိုယ်ကို ဆိုးကျိုးများစွာ ဖြစ်ပေါ်စေကြောင်း ပြောခဲ့သည်။ ထိုသို့ပြောခဲ့ပြီး နာရီအတော်ကြာတွင် ဆိုက်ဘေးရီးယား၌ နာဗယ်နီကို ကုသခဲ့သော ရုရှားဆရာဝန်တစ်ဦးက ၎င်းတို့စစ်ဆေးစဉ်က မည်သည့်အဆိပ်မှ မတွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘောရယ်လ်၏ကြေညာချက်သည် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်၏ ကြေညာချက်နှင့်ခပ်ဆင်ဆင်တူကာ အန်ဂျလာမာကယ်၏ ကြေညာချက်တွင် နာဗယ်နီ အဆိပ်မိအောင်လုပ်ခဲ့သည့် နောက်ကွယ်ကတရားခံများကို ပြစ်ဒဏ်ခံစားစေရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် သူက ပွင့်လင်းမြင်သာသော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်လည်း တောင်းဆိုထားသည်။

**အေအက်ဖ်ပီ**



နာဗယ်နီဖြစ်စဉ်တွင် ပွင့်လင်းမြင်သာပြီး လွတ်လပ်သောစုံစမ်းမှုများပြုလုပ်ရန် တောင်းဆိုနေစဉ်။

# ကိုဗစ်-၁၉ ကြောင့် ဆိုးလ်၌ ကျောင်းများ အွန်လိုင်းပေါ်တွင် ပြန်လည်သင်ကြားမှုများစတင်

**ဆိုးလ် ဩဂုတ် ၂၅**

ကိုဗစ်-၁၉ ရင်ဆိုင်နေရသောကြောင့် ဆိုးလ်နှင့် အနီးဝန်းကျင်ဒေသရှိ ကျောင်းများအားလုံးနှင့် မူကြိုကျောင်းများအားလုံး ပိတ်ထားရန် အစိုးရ အမိန့်ထုတ်ပြန်လိုက်ပြီး အွန်လိုင်းသင်တန်းများဖြင့် သင်ကြားခြင်းကို ပြန်လည်စတင်ရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

အလားတူ ဆိုးလ်မြို့တော်နှင့် အနီးတစ်ဝိုက်ရှိ ဂျောင်ဂီပြည်နယ်၊ အင်ချွန်းပြည်နယ်နှင့် ဆိုးလ်မြို့ အနောက်ပိုင်းရှိ မူကြိုကျောင်းများ၊ မူလတန်းနှင့် အလယ်တန်းကျောင်းများအားလုံးကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ အဝေးမှ လေ့လာသင်ယူခြင်း (အွန်လိုင်းမှတစ်ဆင့် စာသင်ခြင်း)ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနနှင့် ဆိုးလ်မြို့တော်၊ အင်ချွန်းနှင့် ဂျောင်ဂီပြည်နယ်များဆိုင်ရာ ပညာရေးရုံးများ၏ သတင်းများအရ သိရသည်။

အထက်တန်းကျောင်းများ အနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ကောလိပ်ဝင်ခွင့်စာမေးပွဲများဖြေဆိုရန် ရှိသဖြင့် ယခုကန့်သတ်ချက်များမှ ခြွင်းချက်ထားမည်ဖြစ်ကြောင်း သိရသည်။


ဆိုးလ်မြို့စာသင်ကျောင်းတစ်ကျောင်းသို့ သွားနေသော ကလေးနှင့်မိခင်ဖြစ်သူတို့ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

တောင်ကိုရီးယားနိုင်ငံတွင် အထူးသဖြင့် မြို့တော် ဧရိယာ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသောအတည် ပြုလူနာများ လတ်တလောတွင် တိုးလာသဖြင့် ယခုကဲ့သို့ ကန့်သတ်ချက်များ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံတွင် နောက်ဆုံးစာရင်းများအရ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၈၀ ကျော် ရှိလာခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၇၉၄၅ ဦးအထိ ရှိလာခဲ့သည်။ ဆိုးလ်မြို့တော်ဒေသတွင် ဘုရားရှိခိုးကျောင်းဝတ်ပြုမှုများနှင့် ဩဂုတ်လ အလယ်ပိုင်းက ဆိုးလ်မြို့လယ်၌ လူစုလူဝေးများနှင့် ဆက်စပ်၍ ရောဂါကူးစက်မှုများကြောင့် ပြီးခဲ့သည့် ၁၂ ရက် အတွင်း အတည်ပြုလူနာ အရေအတွက်မှာ ၃၁၇၅ ဦး အထိ ရောက်လာခဲ့သည်။

ဆိုးလ်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်ဒေသများတွင် ကျောင်းသား ၁၅၀၊ ကျောင်းဆရာ ဆရာမများနှင့် အခြားစာသင်ကျောင်း ဝန်ထမ်း ၄၃ ဦး ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ခဲ့သည်။

**အေအက်ဖ်ပီ ၊ ဆင်ဟွာ**

# တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးဆွေးနွေးမှုပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၂၅**

နှစ်နိုင်ငံ ထိပ်တိုက်တွေ့ဆုံမှုများကြောင့် တင်းမာမှုများ ဖြစ်နေလင့်ကစား တရုတ်နှင့် အမေရိကန် ထိပ်တန်းညှိနှိုင်းဆွေးနွေးသူများသည် ဩဂုတ် ၂၅ ရက်က ဖုန်းဖြင့်ပြောဆိုဆွေးနွေးခဲ့ပြီး ၎င်းတို့၏အဆင့်တစ် သဘောတူညီချက်ကို ရှေ့ဆက်ရန် သဘောတူခဲ့ကြသည်။

တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်-အမေရိကန်ဘက်စုံစီးပွားရေးညှိနှိုင်းဆွေးနွေးမှုဆိုင်ရာ တရုတ်နိုင်ငံ ခေါင်းဆောင် လျူဟဲနှင့် အမေရိကန်နိုင်ငံ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နျူချင်တို့က ဖုန်းဖြင့် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အဆင့်တစ် ကုန်သွယ်ရေးသဘောတူညီချက်ကို ဇန်နဝါရီလက လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် နှစ်နိုင်ငံတာဝန်ရှိသူများသည် ကုန်သွယ်ရေးသဘောတူညီမှု အကောင်အထည်ဖော်ရေး ဆက်လက်တွန်းအားပေးရန် အခြေအနေနှင့် ပတ်ဝန်းကျင်ဖန်တီးပေးရန် သဘောတူခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

## အာဖရိကတွင် ပိုလီယိုကင်းစင်ကြောင်း ကြေညာ

**အဘူဂျာ ဩဂုတ် ၂၅**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၂၅ ရက်တွင် အာဖရိကတိုက်ကို ပိုလီယိုကင်းစင်သော ကမ္ဘာအဖြစ် ကြေညာလိုက်သည်။ နိုင်ငံများ၏ အားထုတ်ကြိုးပမ်းမှုများနှင့် အလှူရှင်၊ ရှေ့တန်းမှ ပါဝင်ဆောင်ရွက်သူ ကျန်းမာရေးဝန်ထမ်းများနှင့် အသိုင်းအဝိုင်းများကိုလည်း ကျေးဇူးတင်ကြောင်း၊ ကလေးငယ်ပေါင်း ၁ ဒသမ ၈ သန်းအထိ ပိုလီယိုရောဂါမှ ကာကွယ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာချက်တွင်ထုတ်ပြန်ဖော်ပြလိုက်သည်။ မိမိတို့သည် ယင်းကိစ္စကို နှစ်ပေါင်း ၃၀ ကျော်ကြာအောင် အားထုတ်ကြိုးပမ်းခဲ့ရကြောင်း နိုင်ဂျီးရီးယားဆရာဝန် တန်ဂျီဖန်ရှိုက ပြောကြားသည်။

**အေအက်ဖ်ပီ**

# နယူးဇီလန်နိုင်ငံတွင် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရန် အမိန့်ထုတ်

**ဝယ်လင်တန် ဩဂုတ် ၂၅**

နယူးဇီလန်နိုင်ငံတွင် ဩဂုတ် ၂၅ ရက်က ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ခုနစ်ဦး ထပ်မံတွေ့ရှိခဲ့သည်။ ၎င်းတို့အားလုံးမှာ အော့ကလန်မြို့ဒေသတွင်းကူးစက်မှု၏ နောက်ဆက်တွဲ ကူးစက်ခံရသူများဖြစ်ကြသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြည်ပမှ ပြန်လာသူများတွင် ကူးစက်သူ မတွေ့ရှိဟု နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ အသစ်ကူးစက်ခံရသူ ခုနစ်ဦးတွင် လေးဦးမှာ အော့ကလန်မြို့ရှိ ချာ့ချ်ကျောင်းနှင့် ဆက်စပ်မှုရှိသည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် နယူးဇီလန်နိုင်ငံတွင် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၃၃၉ ဦးအထိ ရှိလာခဲ့သည်။ နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် သတိပေးမှုအဆင့်နှစ် သတ်မှတ်ပြီး နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရမည်ဟု ဩဂုတ် ၂၄ ရက်က ဆုံးဖြတ်ချက်ချခဲ့သည်။ ယင်းအမိန့်သည် ဩဂုတ် ၃၁ ရက်တွင် စတင် အသက်ဝင်မည်ဖြစ်သည်။

အဆိုပါစည်းကမ်းသတ်မှတ်ချက်အရ လေယာဉ်၊ ဘတ်စ်ကားနှင့် တက္ကစီများတွင် လိုက်ပါသည့်အခါ နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရမည်ဖြစ်သည်။ အော့ကလန်မြို့တွင် ကိုဗစ်-၁၉ ကန့်သတ်ချက်မှာ လက်ရှိတွင် အဆင့်သုံးအဖြစ် သတ်မှတ်ထားသည်။ တိုင်းပြည်၏အခြားနေရာများတွင်မူ အဆင့် - နှစ် သတ်မှတ်ထားသည်။ အဆင့်-သုံး သတ်မှတ်ချက်အောက်တွင် စီးပွားရေးလုပ်ငန်းများသည် ကိုဗစ် - ၁၉ ကာကွယ်ရေးအစီအမံများဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ လူအများစုမှာ နေအိမ်၌သာ နေထိုင်ရမည်ဖြစ်သည်။

အော့ကလန်မြို့တွင် ဒေသတွင်း ကူးစက်မှု ထိန်းချုပ်နိုင်ခြင်း ရှိမရှိ ဆုံးဖြတ်ရန် ဩဂုတ် ၂၄ ရက်က ဝန်ကြီးများ တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

**ဆင်ဟွာ**







# ကိုဗစ်- ၁၉ ဒုတိယလှိုင်းစိုးထိတ်မှုမှ လွန်မြောက်လာအောင် စုပေါင်းအားနဲ့ စွမ်းဆောင်မယ်

*ထွန်းသစ်စ*

ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုဟာ အခုဆိုရင် ၂၃ သန်း ကျော်လွန်လာခဲ့ပြီး ၂၃၈၁၂၂၂၁ ဦးအထိ ရောက်ရှိလို့လာခဲ့ပါပြီ။ ထို့အတူ ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုဟာလည်း ရှစ်သိန်းကျော်လွန်လာပြီး ၈၁၇၀၁၆ ဦးအထိ ရောက်ရှိလာခဲ့ပါတယ်။ ဒီအချိန်မှာ ကမ္ဘာသူ ကမ္ဘာသားတွေအနေနဲ့ ကိုဗစ်- ၁၉ ဒုတိယလှိုင်း ဖြစ်ပွားလာမယ့်အရေးကိုတွေးပြီး စိုးရိမ်ထိတ်လန့်နေကြပါတယ်။ ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးလည်း ထိခိုက်ခဲ့ရသလို အလုပ်လက်မဲ့နှုန်းတွေလည်း မြင့်တက်လာခဲ့ပါတယ်။ ထို့အတူ လူမှုဒုက္ခတွေနဲ့လည်း ပိုမိုရင်ဆိုင်လာရပါတယ်။

## ဒုတိယကမ္ဘာစစ် စီးပွားပျက်ကပ်ထက်ဆိုးတဲ့ အနေအထားနဲ့ ရင်ဆိုင်ရမယ်

ကမ္ဘာနဲ့တစ်ဝန်းမှာ ကိုဗစ်- ၁၉ ကူးစက်မှုတွေ ဖြစ်ပွားနေတယ်ဆိုတဲ့ သတင်းဖော်ပြချက်တွေဟာ ကိုဗစ်- ၁၉ ဒုတိယလှိုင်းဂယက် ထပ်မံရိုက်ခတ်လာနိုင်တယ်လို့ သတိပေးနေသလို ကိုဗစ်- ၁၉ ဟာ တောင်အမေရိကကို အရှိန်ပြင်းပြင်းနဲ့ ထိခိုက်စေခဲ့တဲ့ ကပ်ဆိုးကြီးတစ်ခုဆိုရင်လည်း မမှားနိုင်ပါဘူး။ တောင်အမေရိကသာမက ကမ္ဘာ့အစိတ်အပိုင်းအတော်များများကို ထပ်မံရိုက်ခတ်ခဲ့မယ်ဆိုရင်တော့ ဒုတိယကမ္ဘာစစ် စီးပွားပျက်ကပ်ထက်ဆိုးတဲ့ အနေအထားနဲ့ ရင်ဆိုင်ရတော့မှာပဲ ဖြစ်ပါတယ်။

အဆိုးအကောင်း ယှက်တင် ရောထွေးနေတဲ့ ကံကြမ္မာကို ကမ္ဘာတစ်ဝန်းအစိုးရတွေ ရင်ဆိုင်နေရချိန်မှာ ကိုဗစ်- ၁၉ ကြောင့် စီးပွားရေးကျဆင်းလာတာကိုလည်း နည်းလမ်းရှာပြီး ရှေ့ဆက်ဖို့ လုပ်ဆောင်ရပါတယ်။ အဲဒီလို အချိန်မှာ ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူဦးရေဟာ ရှစ်သိန်းကျော်အထိ ကြောက်ခမန်းလိလိ မြင့်တက်လာခဲ့ပါတယ်။



ကိုဗစ်- ၁၉ ကပ်ဆိုးမှ လွန်မြောက်အောင် စုပေါင်းအားဖြင့် စွမ်းဆောင်မည့်သရုပ်ဖော်ပုံကို တွေ့ရစဉ်။

## ကမ္ဘာသူကမ္ဘာသားတွေ အထိတ်တလန့်ဖြစ်ခဲ့

ဗြိတိန်ကလည်း ပုံမှန်အခြေအနေပြန်ရောက်အောင် အစီအစဉ်တွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသလိုပြင်သစ်နဲ့ စပိန်တို့ကလည်း ကန့်သတ်ချက်တွေကို လျှော့ပေါ့ပေးဖို့ လုပ်ဆောင်နေတဲ့အချိန်မှာ ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကူးစက်မှုတွေက ကမ္ဘာသူကမ္ဘာသားတွေကို အထိတ်တလန့် ဖြစ်စေခဲ့ပါတယ်။ တောင်ကိုရီးယားနိုင်ငံက တစ်လကျော်ကြာတဲ့အချိန်မှာ ကိုဗစ်- ၁၉ ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ခဲ့တယ်လို့ ကြေညာခဲ့ပါတယ်။ ကိုဗစ်- ၁၉ ကြောင့် လူသန်းချီ အလုပ်လက်မဲ့များ ဖြစ်ကုန်သလို စီးပွားရေးတွေလည်း ပြိုလဲခဲ့ရပါတယ်။ အစိုးရတွေကလည်း ကိုဗစ်- ၁၉ ဘေးအန္တရာယ်ကနေ လွတ်ကင်းဖို့ အကောင်းဆုံး လုပ်ဆောင်နေကြပါတယ်။ သို့သော်လည်း အများစုကတော့ ဒုတိယလှိုင်း ပြန်လည်ရိုက်ခတ်လာမယ့်အရေး တွေးပြီး တဖြည်းဖြည်းနဲ့ အောင်မြင်မှုဆီကို ချဉ်းကပ်တဲ့ ပုံစံနဲ့ ဒီကိုဗစ်- ၁၉ ကို ကိုင်တွယ်နေကြပါတယ်။

အမေရိကန်ပြည်ထောင်စုပြီးလျှင် ဘရာဇီးနိုင်ငံဟာ ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်လာပါတယ်။ ဘရာဇီးနိုင်ငံရဲ့ ကိုဗစ်- ၁၉ ကြောင့် သေဆုံးနှုန်းဟာ ဗြိတိန်ကိုတောင် ကျော်လွန်လာပါပြီ။ ချီလီကျန်းမာရေးဝန်ကြီးလည်း နိုင်ငံတွင်း ကိုဗစ်- ၁၉ ကြောင့် အမှန်တကယ် သေဆုံးသူ အရေအတွက်နဲ့ ပတ်သက်ပြီး ဆူပူမှုဖြစ်ပွားနေတဲ့ အတောအတွင်းမှာ ရာထူးက နုတ်ထွက်ခဲ့ပါတယ်။

## အာရှမှာ ဒုတိလှိုင်းရိုက်ခတ်လာမယ့်အရေးကို ရင်တမမ ဖြစ်နေ

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အစိုးရတွေဟာ စီးပွားရေးလုပ်ငန်းတွေ၊ လူမှုဘဝအခြေအနေတွေကို ပုံမှန်ပြန်လည်ရောက်ရှိစေမယ့် အစီအစဉ်တွေရေးဆွဲထားချိန်မှာ အာရှနိုင်ငံတွေမှာတော့ ကိုဗစ်- ၁၉ ဒုတိယလှိုင်း ပြန်လည်ရိုက်ခတ်လာမယ့်အရေးကိုတွေးပြီး ရင်တမမနဲ့ စိုးရိမ်နေကြပါတယ်။

အိန္ဒိယနိုင်ငံဟာ ကိုဗစ်- ၁၉ ကူးစက်မှု ကမ္ဘာ့တတိယထိပ်ဆုံးအဆင့်ကို ရောက်ရှိလို့လာခဲ့ပါပြီ။ အိန္ဒိယနိုင်ငံမှာရှိတဲ့ လူပေါင်းသုံးသန်းကျော်ဟာ ကိုဗစ်- ၁၉ အတည်ပြုလူနာတွေ ဖြစ်ခဲ့ပြီးတော့ သေဆုံးသူပေါင်းဟာလည်း ၅၈၅၄၆ ဦးအထိ ရောက်ရှိလာခဲ့ပါတယ်။

အာရှတစ်လွှားစီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်ဖို့ သတိကြီးကြီးနဲ့ လုပ်ကိုင်ဆောင်ရွက်နေသလို အလုပ်အကိုင်ဆုံးရှုံးမှုကြောင့် ဒေသတွင်းရွှေ့ပြောင်းအလုပ်သမားတွေရဲ့ဘဝကို ထိခိုက်နစ်နာစေပါတယ်။

## ကိုဗစ်-၁၉ ကို တားဆီးဖို့ တင်းကျပ်တဲ့ ကန့်သတ်ချက်တွေ ချမှတ်

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးဖို့ ကမ္ဘာတစ်ဝန်းလုံးတင်းကျပ်တဲ့ တားမြစ်ကန့်သတ်ချက်တွေ ချမှတ်ခဲ့ရပါတယ်။ တားမြစ်ကန့်သတ်ချက်တွေအနက် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ရေး၊ လူစုလူဝေး မပြုလုပ်ရေးနဲ့ လူစည်ကားရာနေရာတွေကို သွားလာတဲ့အခါမှာ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရေး၊ လက်ကိုဆပ်ပြာနဲ့ ရေအသုံးပြုပြီး စက္ကန့် ၂၀ ကြာ ခဏခဏဆေးပေးရေးများကို တစ်ကမ္ဘာလုံး တွင်တွင်ကျယ်ကျယ် လိုက်နာကျင့်သုံးလျက်ရှိသလို အခုအခါမှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး အသက် ၁၂ နှစ်အရွယ်ကလေးများ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ကြဖို့လည်း ထုတ်ပြန်ထားပါတယ်။

ကိုဗစ်- ၁၉ ဟာ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ လွန်ခဲ့တဲ့ နှစ်နှောင်းပိုင်း ဒီဇင်ဘာလမှစပြီး ကူးစက်ပျံ့နှံ့ခဲ့တာဖြစ်ပါတယ်။ ထိုမှတစ်ဆင့် တစ်ကမ္ဘာ့လုံးသို့ ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့ခဲ့တာဖြစ်ပါတယ်။

## ပြည်သူများရဲ့ စည်းလုံးအားနဲ့ ဒုတိယလှိုင်းကို လွန်မြောက်အောင် စွမ်းဆောင်

အခုအချိန်အထိ ကိုဗစ်-၁၉ ကို မကုသနိုင်သေးပါဘူး။ သို့သော်လည်း ဆေးဝါးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အက်စ်ထရာဇီနီကာက ဥရောပမိတ်ဖက်နိုင်ငံတွေကို ကာကွယ်ဆေးဖြစ်လာနိုင်တဲ့ တစ်ခါသောက်ဆေးပမာဏအရေအတွက်သန်း ၄၀၀ ကို ထောက်ပံ့ပေးဖို့ သဘောတူခဲ့သလို ဂျာမနီအစိုးရကတော့ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အခုနှစ်ကုန်မှာ ရရှိနိုင်မယ်လို့ ပြောထားပါတယ်။

ထို့အတူ ရုရှားနိုင်ငံကထုတ်လုပ်မယ့် စပွန့်နစ်လို့ နာမည်ပေးထားတဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးဟာလည်း လူအများအပြားနဲ့ စမ်းသပ်စစ်ဆေးလျက်ရှိပြီး မကြာမီမှာ ဘေးအန္တရာယ်ကင်းစွာ ထုတ်လုပ်ဖြန့်ချိနိုင်တော့မယ့် အနေအထား ဖြစ်နေပါတယ်။ အလားတူ တခြားကာကွယ်ဆေးထုတ်လုပ်နေတဲ့အဖွဲ့တွေလည်း အပြိုင်အဆိုင် ထုတ်လုပ်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ကာကွယ်ဆေးသာ ခန့်မှန်းထားတဲ့ အချိန်ထက် စောစောရရှိခဲ့မယ်ဆိုရင်၊ ကမ္ဘာ့ပြည်သူတွေ စည်းလုံးညီညွတ်မှုရှိမယ်ဆိုရင်၊ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင်၊ ကိုဗစ်- ၁၉ တိုက်ဖျက်မှုမှာ အားလုံးစိတ်တူကိုယ်တူ ပူးပေါင်းပါဝင်မယ်ဆိုရင် အခုလို ရင်ဆိုင်နေရတဲ့ အခြေအနေတွေကနေ ကျော်လွှားနိုင်တော့မှာဖြစ်ပြီး ကမ္ဘာကြီးလည်း သာယာလှပလာမှာ ဖြစ်ပါတယ်။ အလားတူ လူသားတွေလည်း ပြန်လည်ပြုံးပျော်လာနိုင်တော့မှာပဲ ဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့လူသားတွေ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်မှာ ရင်ဆိုင်ခံစားနေရတဲ့ စိုးတထိတ်ထိတ် စိတ်တွေလည်း အေးချမ်းနိုင်တော့မှာပဲဖြစ်သလို ဒုတိယလှိုင်းရဲ့ စိုးထိတ်မှုမှလည်း လွန်မြောက်လာမှာပဲဖြစ်ပါတယ်။

**“ကာကွယ်ဆေးသာ ခန့်မှန်းထားတဲ့ အချိန်ထက် စောစော ရရှိခဲ့မယ်ဆိုရင်၊ ကမ္ဘာ့ပြည်သူတွေ စည်းလုံးညီညွတ်မှု ရှိမယ်ဆိုရင်၊ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင်၊ ကိုဗစ်- ၁၉ တိုက်ဖျက်မှုမှာ အားလုံး စိတ်တူကိုယ်တူ ပူးပေါင်းပါဝင်မယ်ဆိုရင် အခုလို ရင်ဆိုင် နေရတဲ့ အခြေအနေတွေကနေ ကျော်လွှားနိုင်တော့မှာ ဖြစ်ပြီး ကမ္ဘာကြီးလည်း သာယာလှပလာမှာဖြစ်”**

ကိုးကား - အေအက်ဖ်ပီ

# နိုင်ငံတကာသတင်းတိုထွာ

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်အတည်ပြုလူနာပေါင်း သုံးသန်းကျော်လွန်လာ

နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်အတည်ပြုလူနာ ၃၁၆၇၃၂၃ ဦးရှိလာပြီဖြစ်ကြောင်းနှင့် သေဆုံးသူပေါင်းမှာ ၅၈၅၄၆ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ အတည်ပြုလူနာ ၆၀၉၇၅ ဦး ရှိလာကြောင်းနှင့် သေဆုံးသူများမှာလည်း ၈၄၈ ဦးဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ရောဂါမှ သက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းသွားသူပေါင်း ၂၄၀၄၅၈၅ ဦး ရှိလာပြီဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဩဂုတ် ၂၄ ရက်အထိ နမူနာပေါင်း ၃၆၈၂၇၅၂၀ စစ်ဆေးခဲ့ပြီး အစိုးရအနေဖြင့် ပိုမိုစစ်ဆေးမှုများလုပ်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ဗဟိုအစိုးရအနေဖြင့် ကိုဗစ်- ၁၉ ဆန်းသပ်စစ်ဆေးမှုများကို မူဝါဒတစ်ခုအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## အိန္ဒိယတွင် အဆောက်အအုံပြိုကျမှုကြောင့် တစ်ဦးသေဆုံးပြီး အများအပြားပိတ်မိလျက်ရှိ

နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ဩဂုတ် ၂၄ ရက်နှောင်းပိုင်းက ငါးထပ်အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး အမြောက်အများ ပိတ်မိနေခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားခဲ့သည်။ ပိတ်မိပျောက်ဆုံးနေသူအရေအတွက်သည် ၅၁ ဦးမှ ၂၀၀ ခန့်အထိဖြစ်နိုင်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ပြိုကျမှုဖြစ်ပွားခဲ့သော ယင်းအဆောက်အအုံတွင် တိုက်ခန်း ၄၇ ခန်းပါဝင်ပြီး မွမ်ဘိုင်းမှ တောင်ဘက် ကီလိုမီတာ ၁၂၀ ကွာဝေးသော မာဟတ်မြို့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မတော်တစ်ဆဖြစ်ပွားရသည့်အကြောင်းရင်းကို ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း သို့သော်လည်း ယခုလို အဆောက်အအုံများ ပြိုကျခြင်းသည် မိုးရာသီဖြစ်သည့် ဇွန်လမှ စက်တင်ဘာလကြားတွင် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ကယ်ဆယ်ရေးအဖွဲ့သုံးဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ အထူးကိရိယာပစ္စည်းများ၊ အနံ့ခံခွေးများနှင့်အတူ ရောက်ရှိလာခဲ့ပြီး ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း အိန္ဒိယအမျိုးသား သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုဆိုင်ရာအဖွဲ့ (အင်န်ဒီအာရ်အက်ဖ်) က ပြောကြားလိုက်သည်။

ပြည်ထဲရေးဝန်ကြီး အာမစ်ရှာက လူတိုင်းအားလုံး ဘေးအန္တရာယ်ကင်းရှင်းရန် ဆန္ဒပြုကြောင်း တွစ်တာပေါ်တွင် ပြောကြားလိုက်သည်။ အင်န်ဒီအာရ်အက်ဖ်ပြောရေးဆိုခွင့်ရှိသူ ဆာချီဒါနန်ဂေါ်ဒယ်က အရေးပေါ်ကယ်ဆယ်ရေးအလုပ်သမားများသည် သေဆုံးသူတစ်ဦး၏ အလောင်းကို တူးဖော်တွေ့ရှိခဲ့ကြောင်းပြောကြားခဲ့သည်။ မာဟတ်ရဲများက အဆောက်အအုံအောက်တွင် ပိနေသူ၇၀ ထက်မနည်းရှိမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ဒဏ်ရာရရှိသူ ၁၅ ဦးကို ကယ်ဆယ်လိုက်ပြီး ဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်း ရဲတပ်ဖွဲ့က ကြေညာချက်တွင်ပြောကြားထားသည်။

အေအက်ဖ်ပီ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၄ ရက်သာ**

**လိုတော့သည်။**

## နမ့်ခမ်းမြို့၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်

**နမ့်ခမ်း ဩဂုတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယနေ့တွင် မဲဆန္ဒရှင်များ၏ အချက်အလက် မှန်ကန်မှုရှိစေရန်နှင့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ ကျန်ရှိမှုမရှိစေရန် မြို့နယ်ကော်မရှင် ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ မြို့ရွေးကောက်ပွဲအရာရှိ ဦးဇင်မောင်နှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ရပ်/ကျေး စာရေးများ အဖွဲ့များခွဲ၍ တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြသည်။




အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ဆန္ဒမဲစာရင်းတွင် အချက်အလက်မှန်ကန်မှု ရှိ/မရှိ၊ အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်း မဲစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ၊ မပါဝင်ဘဲ ကျန်ရှိသူများစာရင်းကို ပုံစံ(၃-က) ဖြင့် လျှောက်ထားနိုင်ခြင်းကို လည်းကောင်း၊ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားနိုင်ရေးကို လည်းကောင်း၊ မပါဝင်သင့်သည့် အမည်စာရင်းများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်းကို လည်းကောင်း၊ မဲစာရင်းပါအချက်အလက် မှားယွင်းမှုများကို ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင် လျှောက်ထားနိုင်စေရေးကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ နမ့်ခမ်းမြို့နယ်၌ ပထမအကြိမ် မဲဆန္ဒရှင် စာရင်းမှာ ၈၃၁၉၄ ဦးရှိပြီး ယနေ့အထိ မဲစာရင်း လာရောက်ကြည့်ရှုသူပေါင်း ၂၂၄၇၆ ဦးရှိကြောင်း သိရသည်။

**ဝေမွန် (ရွှေရည်မြေ)**

## ဆီဆိုင်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ဆီဆိုင် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင် မြို့နယ်တွင် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရေး လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

**ရွေးကောက်ပွဲများသည်-**

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ကောင်းမွန်သည့်လက္ခဏာ



မဲစာရင်းတွင် ပါ၊ မပါ နှင့် မဲစာရင်း မှား၊ မမှား လာရောက်ကြည့်ရှုစစ်ဆေးသူများ အလွန်များသည်ဆိုသည့်အချက်သည် ကောင်းမွန်သည့်လက္ခဏာဖြစ်ပါကြောင်း၊ ယင်းအချက်သည် ရွေးကောက်ပွဲအပေါ်တွင် ပြည်သူများ စိတ်ဝင်စားမှုရှိကြောင်း၊ ရွေးကောက်ပွဲ၏ အရေးပါမှုကို အသိအမှတ်ပြု နားလည်ကြောင်းကို ပြသခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၅–၈–၂၀၂၀ ရက်နေ့တွင် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၃၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၀၄ ဦးရှိသွားပြီ

နေပြည်တော် ဩဂုတ် ၂၅

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၃၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၅၀၄ ဦး ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၃၀ မှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ခရီးသွားရာဇဝင်မရှိသူ ၂၉ ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၅၀၄ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၉ ဦးနှင့် ဩဂုတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာ အသစ် ၃၂ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၇၈၂၀ | ၅၀၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၄၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၃၁၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၃၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၆ | ၅ |
| ၂ | ရခိုင် | ၁၂၂ | |
| ၃ | ချင်း | ၁၉ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၈ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၅ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၅၀၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅–၈–၂၀၂၀ ရက်၊ ည (၉:၄၀) နာရီ

### ၂၅-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၉၁၇၄၆၇ | ၃၂၁၈၉၄၁ | ၁၈၁၂၀၄ |
| ၂။ | ဘရာဇီး | ၃၆၂၇၂၁၇ | ၂၇၇၈၇၀၉ | ၁၁၅၄၅၁ |
| ၃။ | အိန္ဒိယ | ၃၁၇၂၀၇၇ | ၂၄၀၅၆၄၄ | ၅၈၅၉၂ |
| ၄။ | ရုရှား | ၉၆၆၁၈၉ | ၇၇၉၇၄၇ | ၁၆၅၆၈ |
| ၅။ | တောင်အာဖရိက | ၆၁၁၄၅၀ | ၅၁၆၄၉၄ | ၁၃၁၅၉ |
| ၆။ | ပီရူး | ၆၀၀၄၃၈ | ၄၀၇၃၀၁ | ၂၇၈၁၃ |
| ၇။ | မက္ကဆီကို | ၅၆၃၇၀၅ | ၃၈၉၁၂၄ | ၆၀၈၀၀ |
| ၈။ | ကိုလံဘီယာ | ၅၅၁၆၉၆ | ၃၈၄၁၇၁ | ၁၇၆၁၂ |
| ၉။ | စပိန် | ၄၂၀၈၀၉ | စိစစ်ဆဲ | ၂၈၈၇၂ |
| ၁၀။ | ချီလီ | ၃၉၉၅၆၈ | ၃၇၂၄၆၄ | ၁၀၉၁၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၉၇၁၆၄ | ၁၃၂၉၃၆ | ၃၀၃၈ |
| အင်ဒိုနီးရှား | ၁၅၇၈၅၉ | ၁၁၂၈၆၇ | ၆၈၅၈ |
| စင်ကာပူ | ၅၆၄၃၅ | ၅၄၅၈၇ | ၂၇ |
| မလေးရှား | ၉၂၈၅ | ၈၉၇၁ | ၁၂၅ |
| ထိုင်း | ၃၄၀၂ | ၃၂၂၉ | ၅၈ |
| ဗီယက်နမ် | ၁၀၂၉ | ၅၉၂ | ၂၇ |
| မြန်မာ | ၅၀၄ | ၃၄၁ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၆၃ | ၀ |
| ဘရူနိုင်း | ၁၄၄ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၅-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၅၅)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၃၇)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၅၅)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၁၄၉)ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၅)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု

စုစုပေါင်း (၁,၄၇၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀) ဦး တွေ့ရှိရပါသည်။

၂။ (၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၅၀၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၄၁)ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၉) ဦး အား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၄-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၅-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၂) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၅) ခု |
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၃၇) ခု |
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၅) ခု |
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၉) ခု |
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၅) ခု |
| (၂၅-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃၀) ဦး |

## COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃၀) ဦး | (၅၀၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## (၂၅-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVIC - 19 လူနာ တွေ့ရှိမှု

ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *475 | ၃၆ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 476 | ၆၀ နှစ် | ကျား | ဟားခါးမြို့နယ်၊ ချင်းပြည်နယ် | ရှိ | ရှိ (အမေရိကန်) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 477 | ၄၅ နှစ် | မ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး) |
| *478 | ၃၄ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| *479 | ၂၉ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *480 | ၄၆ နှစ် | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *481 | ၂၅ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| *482 | ၅၅ နှစ် | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မော်လမြိုင်မြို့နယ်) |
| *483 | ၁၅ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *484 | ၃၉ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *485 | ၃၃ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *486 | ၁၅ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *487 | ၁၆ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *488 | ၃၉ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *489 | ၄၄ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *490 | ၇ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *491 | ၁၆ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *492 | ၁၅ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *493 | ၁၅ နှစ် | မ | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| *494 | ၅၃ နှစ် | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပေါက်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပေါက်တောမြို့နယ်) |
| 495 | ၂၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case- 445) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| 496 | ၄၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့နယ်) |
| 497 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | ရောဂါကူးစက်နိုင်ခြေများသော အုပ်စုအား စစ်ဆေးခြင်းဖြစ်ပါသည်။ |
| 498 | ၃၂ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 499 | ၃၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 500 | ၂၆ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 501 | ၄၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | |
| 502 | ၂၉ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့နယ်) |
| 503 | ၅၀ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့နယ်) |
| 504 | ၄၅ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့နယ်) |

* စစ်တွေမြို့သို့ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၅-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၂၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် - အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၁၈)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)( NHL) မှ (ပထမ + ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၁၈၃ )ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၉၁)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၉၀)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၁၇၆)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၆)ခု၊
- စုစုပေါင်း (၁၇၈၆ )ခုအား စစ်ဆေးပြီးစီးခဲ့ရာတွင် -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ (အဆိုပါ လူနာသစ်(၁၁)ဦး၏ သတင်းအား (၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

၃။ (၂၅-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၇၄)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၅-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၁၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID-19 ရောဂါ ဖြစ်ပွားကူးစက်ပျံ့နှံ့မှုမရှိစေရန် စစ်တွေမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားမှုများ ရှိနေသော မြို့နယ်များ သို့/မှ ခရီးသွားလာမှုများရှိခဲ့ပါက သတင်းပေးပို့ကြပါရန် သတိပေးနှိုးဆော်ပန်ကြားချက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်)

မြန်မာနိုင်ငံတွင် (၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) နာရီအချိန်ထိ COVID-19 ဓာတ်ခွဲအတည်ပြု လူနာ (၅၀၄) ဦးရှိပြီး (၆) ဦးသေဆုံးခဲ့ပါသည်။

(၁၆-၈-၂၀၂၀) ရက်နေ့မှ (၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) နာရီအချိန်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် နေထိုင်သူများနှင့် စစ်တွေမြို့နယ် သို့/မှ ခရီးသွားလာသူများတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း (၁၁၀) ဦးရှိပြီ ဖြစ်ပါသည်။

COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ရန်နှင့် ရခိုင်ပြည်နယ်အပါအဝင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ထပ်မံ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ပြည်သူများအနေဖြင့် (၁၀-၈-၂၀၂၀) ရက်နေ့မှစ၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက် ဖြစ်ပွားမှုများရှိနေသော မြို့နယ်များ သို့/မှ ခရီးသွားလာမှုများရှိခဲ့ပါက ရောက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ နီးစပ်ရာကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။

သို့မှသာ မိမိတွင်ရောဂါကူးစက်မှုရှိပါက အချိန်မီကုသမှုခံယူနိုင်မည်ဖြစ်ပြီး မိမိမှတစ်ဆင့် မိမိ၏မိသားစုနှင့် နီးစပ်ရာများသို့ ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါ၍ သတင်းပေးပို့ကာ ကျန်းမာရေးစစ်ဆေးမှုခံယူရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းဈေး၌ တောင်ညိုနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မြင့်မြတ် ဦးစီးတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ကိုဗစ်-၁၉ ရောဂါအန္တရာယ် ပညာပေးဟောပြောကာ နှာခေါင်းစည်းများဝေငှတပ်ဆင်ပေးစဉ်။

မြို့နယ် (ပြန်/ဆက်)

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**




## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဘရာဇီးမှ တစ်ဦး၊ ဆွစ်ဇာလန်မှ နှစ်ဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ ကနေဒါမှ သုံးဦး၊ ဗြိတိန်မှ နှစ်ဦး၊ အီတလီမှ သုံးဦး၊ ဂျာမနီမှ နှစ်ဦး၊ ဂျပန်မှ လေးဦး၊ ဘယ်လ်ဂျီယံမှ ငါးဦး၊ အီဂျစ်မှ သုံးဦး၊ အမေရိကန်ပြည်ထောင်စုမှ ၂၄ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၃၁ ဦး၊ သင်္ဘောသား ၂၁ ဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၄ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁) ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ကိုရီးယားသမ္မတနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် (၁၉) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ခရီးသွားပြည်သူများ ပါးစပ် နှာခေါင်းစည်းတပ်ဆင်စီးနင်းရန် အသိပညာပေးလှုပ်ရှားမှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာပေါင်း ၁၃ နေရာ၌ တစ်ပြိုင်နက်တည်းပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ YBS ခရီးသည်တင်ယာဉ်များ စီးနင်းရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ခရီးသွားပြည်သူများအနေဖြင့် ပါးစပ် နှာခေါင်းစည်းတပ်ဆင်စီးနင်းရန် အသိပညာပေးလှုပ်ရှားမှုကို ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့နှင့် YBS ယာဉ်လိုင်း/ ကုမ္ပဏီများ ပူးပေါင်းကာ ယနေ့နံနက် ၇ နာရီခွဲက ပြုလုပ်ကြသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ရန်အတွက် ခရီးသွားပြည်သူများအား ပါးစပ် နှာခေါင်းစည်းများ ဝေငှခြင်း၊ လက်သန့်စင်ဆေးရည်ဖြင့် လက်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသောရောဂါကာကွယ်ရေးဆိုင်ရာ အချက်များပါဝင်သည့် လက်ကမ်းစာစောင်များဝေငှခြင်းတို့ကို ရန်ကုန်မြို့လှည်းတန်းမှတ်တိုင် (အင်းစိန်လမ်း) အပါအဝင် နေရာပေါင်း ၁၃ နေရာ၌ တစ်ပြိုင်တည်း ပြုလုပ်ခဲ့ကြသည်။

YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "ခရီးသွား ပြည်သူတွေကလည်း အများကြီးသွားချင်တယ်။ ကားကလည်း အများကြီးတော့ ထွက်နေတာပဲ။ သို့သော် ဒီအပေါ်မှာ အကွာအဝေးတွေကို မလုပ်နိုင်ဘူး။ ဒါကို ကျွန်တော်တို့အနေနဲ့လည်း စိတ်ပူတယ်။ လူစုလူဝေးကြောင့် ကူးစက်မှုမြန်တယ်ဆိုတာလည်း စိုးရိမ်စရာ ကောင်းတဲ့အချက်ဖြစ်တဲ့အတွက် တစ်ကိုယ်ရေ ကာကွယ်မှုဖြစ်တဲ့ ပါးစပ် နှာခေါင်းစည်းနဲ့ ကာကွယ်တာကို မဖြစ်မနေလုပ်ကြဖို့ ဦးစားပေးပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု ပြောသည်။

**ထင်ပေါ်ဝင်း**



## သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို ကိုဗစ် - ၁၉ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ထားရှိနိုင်ရေး ဘားအံမြို့၌ ပြင်ဆင်ထား

**ဘားအံ ဩဂုတ် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် သံလွင်မြစ်ရေသည် ဩဂုတ် ၂၄ ရက်က စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက် ၈၄၈ စင်တီမီတာ မြင့်တက်လာမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ထားရှိသည်။

အဆိုပါ သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် ဘားအံမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်လျက်ရှိရာ ရေဘေးကယ်ဆယ်ရေးစခန်းများကို အမှတ်(၁)မိုးလုံလေလုံ အားကစားခန်းမ၊ ရွှေယာဉ်မျှော်ဘုရား၊ ဆိုင်ကလုန်းရှပ်တာများတွင် ဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကိုဗစ် - ၁၉ ကူးစက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်/ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (ဇွဲကပင်ပုံရိပ်) အဖွဲ့များက စိစစ်နေရာချထားပေးလျက်ရှိကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

## ကွတ်ခိုင်မြို့နယ်ရှိ ပန်ကူ IDPs စခန်းသို့ တစ်ကိုယ်ရေသုံးအထောက်အကူပြု ပစ္စည်းများပေးအပ်

**ကွတ်ခိုင် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ပန်ကူကျေးရွာရှိ တိုက်ပွဲရှောင်စခန်း (IDPs) မှ တိုက်ပွဲရှောင်ပြည်သူများအတွက် တစ်ကိုယ်ရေသုံး အထောက်အကူပြုပစ္စည်းများနှင့် ထုံးအိတ်များကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဩဂုတ် ၂၃ ရက်က ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ခေတ္တတာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုင်းညီလောင်းနှင့် ဝန်ထမ်းများက ပန်ကူကျေးရွာရှိ တိုက်ပွဲရှောင်စခန်းက အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၆၃၆ ဦးအတွက် တစ်ဦးလျှင် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသုံးပြုရန် ဆပ်ပြာခဲများနှင့် စခန်းအတွင်း အသုံးပြုရန် ထုံးအိတ် ၁၀ အိတ် ပေးအပ်ကြောင်း သိရသည်။

ကိုမိုင်း(ပြန်/ဆက်)

## လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှုဥပဒေသများ ဘဝနှင့် လူမှုရေး – ၁

**နေပြည်တော် ဩဂုတ် ၂၅**




စာရေးသူ ဒေါက်တာအေးကျော် ရေးသားသည့် လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှုဥပဒေသများ၊ ဘဝနှင့်လူမှုဆက်ဆံရေး – ၁ စာအုပ် ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် မှန်ကန်သောအမြင်ကဏ္ဍတွင် လူမှုဆက်ဆံရေးဆိုင်ရာ ရှုထောင့်များ၊ မှန်ကန်သော ပြောဆိုဆက်ဆံမှု၊ မှန်ကန်သော ပြုမူဆက်ဆံရေး၊ မှန်ကန်သော အသက်မွေးမှု၊ မှန်ကန်သော အားထုတ်ပြောင်းလဲမှု၊ မှန်ကန်သော သတိ၊ မှန်ကန်သော သမာဓိတို့နှင့်ပတ်သက်၍ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ အတုယူလေးစားဖွယ် လူမှုဆက်ဆံရေးဆိုင်ရာ အပြုအမူများအကြောင်း လေ့လာဖတ်ရှုနိုင်သည်။

ဘဝတက်လမ်းစာပေ၊ ဖုန်း ၀၉၅၁၃၇၅၂၆၊ ၀၉၄၂၅၂၈၉၀၃၁၊ ၀၉၄၀၁၄၁၃၇၅၈ တို့တွင် တန်ဖိုးငွေကျပ် ၄၀၀၀ နှုန်းဖြင့် တစ်ပြည်လုံး အိမ်အရောက်ပို့စနစ်ဖြင့် ဝယ်ယူရရှိနိုင်သည်။

မြန်မာ့အလင်း




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၈ - ၂၀၂၀

| ရွှေ | | |
|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၃၀၄၀၀၀ |
| မန္တလေး ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၃၀၄၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၅/၅၉၀ ကျပ် | ၅၇၅/၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၅/၅၃၅ ကျပ် | ၅၅၅/၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၂၅/၆၅၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၆ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၀၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၉၀ . ၂၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၇၅ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၇၁ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၆ . ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၂၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၄ . ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၅ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ . ၀၅၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၂၂၉ | ၂၂၆၇၁၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၇၆၀ | ၆၆၀၀၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၉၃ | ၁၉၉၉၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၇၃ | ၄၇၅၇၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၉၀၀ | ၅၇၁၅၀၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၃၂)

# ဥပဒေဆိုင်ရာအမြင်တစ်ရပ်



ဦးဟန်ညွန့် (ဥပဒေ)

**မောင်ပျင်းရိ၏မေးခွန်း**

"ဆရာကြီးခင်ဗျာ ဆရာကြီး၏ အမည်နှင့် စာအုပ်တစ်အုပ် စာတိုက်က ရောက်လာပါတယ်။ ပေးပို့သူက ဥပဒေပါမောက္ခ ဒေါက်တာမြင့်ဇံ ဖြစ်ပါတယ်။ စာအုပ်အမည်က " ဥပဒေဆိုင်ရာအမြင်တစ်ရပ်နှင့် အခြားစာစုများ" ဖြစ်ပါတယ်။ အဲဒီစာအုပ်နဲ့ပတ်သက်ပြီး စာအုပ်သုံးသပ်ချက် ရေးပေးပါလား ခင်ဗျာ။ ဆရာကြီးရဲ့ စာအုပ် ဝေဖန်ချက်၊ သုံးသပ်ချက်များကို ဖတ်ရှုလိုပါတယ် ခင်ဗျာ" ဟု အလုပ်သင်ရှေ့နေမောင်ပျင်းရိက ကျွန်တော့်အား တင်ပြလာပါသည်။

**ဥပဒေဆိုင်ရာအမြင်တစ်ရပ်**

အလုပ်သင်ရှေ့နေမောင်ပျင်းရိ မေးမြန်းသော မေးခွန်းများကို ကျွန်တော် ဉာဏ်မီသမျှ ဖြေကြားပါမည်။ ဒေါက်တာမြင့်ဇံ ရေးသားပြုစုသော စာအုပ်အမည်မှာ "စတီဖင်ဟောကင်း၏ ဥပဒေဆိုင်ရာ အမြင်တစ်ရပ်နှင့် အခြားစာစုများ" စာအုပ် ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ရန်ကုန်မြို့ ရွှေစာပေတိုက်က ထုတ်ဝေပါသည်။

**မာတိကာ**

ဒေါက်တာမြင့်ဇံ၏ "စတီဖင်ဟောကင်း၏ ဥပဒေဆိုင်ရာ အမြင်တစ်ရပ်နှင့် အခြားစာစုများ" စာအုပ်တွင် အပိုင်း(၆)ပိုင်း ပါဝင်ပါသည်။ ယင်းတို့မှာ အပိုင်း(၁) ပုဂ္ဂိုလ်ရေးဂုဏ်ပြုမှုဆောင်းပါးများ၊ အပိုင်း(၂) ပညာရေး(မ)ပြောင်းလဲမှုဆိုင်ရာ ဆောင်းပါး၊ (၃) သမိုင်းမှတ်တမ်း ပြင်ဆင်ပြောင်းလဲမှုဆိုင်ရာဆောင်းပါး၊ (၄) တရားစီရင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေစိုးမိုးရေးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆောင်းပါးများ၊ အပိုင်း(၅) သိပ္ပံဆိုင်ရာဆောင်းပါးများ၊ အပိုင်း(၆) သိပ္ပံနှင့် ဥပဒေဒဿနဆိုင်ရာ ဆောင်းပါးများဟူ၍ ခွဲခြားရေးသား တင်ပြထားသည်ကို တွေ့ရှိရပါသည်။




အပိုင်း(၆)ပိုင်းတွင် အပိုင်း(၄)မှာ တရားစီရင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေစိုးမိုးရေးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဆောင်းပါးများ ဖြစ်ပါသည်။ အပိုင်း(၆)တွင် သိပ္ပံနှင့်ဥပဒေဆိုင်ရာဆောင်းပါးများ ပါဝင်ကာ စတီဖင်ဟောကင်း၏ ပြဋ္ဌာန်းစီရင်ပြီးအယူအဆနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာ အမြင်တစ်ရပ်ဆောင်းပါး ပါရှိပါသည်။

**စတီဖင်ဟောကင်းဆိုတာ ဘယ်သူလဲ**

စတီဖင်ဟောကင်းဆိုတာ ဘယ်သူပါလဲ။

သိပ္ပံပညာရှင် စတီဖင်ဟောကင်းမှာ (၈ ဇန်နဝါရီလ ၁၉၄၂ တွင် မွေးဖွားပြီး၊ ၁၄ မတ် ၂၀၁၈)တွင် ကွယ်လွန်သည်။ သူသည် "လူပြိန်း" နားလည်နိုင်သော စာသား၊ စကားများဖြင့် စာအုပ်ပေါင်း များစွာကို အင်္ဂလိပ်ဘာသာစကားဖြင့် ရေးသားခဲ့ရုံမက သူ့ဘာသာရပ်နယ်ပယ် (subject domain) မဟုတ်သော "ကိစ္စရပ်များ၊ကောက်ချက်များနှင့်စပ်လျဉ်းပြီး မှတ်ချက်ပြုခဲ့သူဖြစ်ပါသည်။ သိပ္ပံပညာရှင် စတီဖင်ဟောကင်းသည် ၁၉၉၀ ပြည့်နှစ် ဧပြီလတွင် အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်၌ "အရာရာဟာ ပြဋ္ဌာန်းစီရင်ပြီးသားလား"ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။

စတီဖင်ဟောကင်းသည် သိပ္ပံပညာရှင်ဖြစ်သည်နှင့်အညီ လူ့အပြုအမူတချို့ကို ဟောကိန်းမှန်မှန်ထုတ်ဖို့ ဦးနှောက်နှင့် နာဗ်ကြောဆိုင်ရာ သိပ္ပံပညာရပ်များ (brain and neuro sciences) ကို မူတည်ပြီး ဥပမာပေးပါသည်။ ထိုအကြောင်းကို ဥပဒေဆိုင်ရာ အမြင်တစ်ရပ်နှင့် အခြားစာစုများ စာအုပ် (စာ-၂၄၈)တွင် အကျယ်ဖတ်ရှုနိုင်ပါသည်။ မောင်ပျင်းရိတို့ လူငယ်အလုပ်သင်ရှေ့နေများ ဆက်လက်ဆွေးနွေးလေ့လာစေလိုပါသည်။

"Free Will" မရှိသော်လည်း ရှိဘိသည့်အလား လူ့အပြုအမူတို့ကို တိုင်းတာအကဲဖြတ်ရမည်ဆိုသော စတင်ဖင်ဟောကင်း၏ တင်ပြချက်ကို ဒေါက်တာမြင့်ဇံ၏ စာအုပ်စာစုများ(စာ-၂၄၉)တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ စတင်ဖင်ဟောကင်း၏ အာဘော် (သို့မဟုတ်) ဆိုလိုရင်းမှာ စိတ်မနှံ့လို့၊ ရောဂါဖိစီးလို့၊ တချို့သောအခြေအနေများမှာ အရက်သေစာမူးယစ်သောက်စား(မိ)လို့ ရာဇဝတ်မှုကို ကျူးလွန်ခဲ့ (မိ)သူများဟာ သူတို့စိတ်(နှင့်ရုပ်)ကို သူတို့မနိုင်လို့၊ မထိန်းသိမ်းနိုင် (they can't help it)လို့ အပြစ်မပေးဘူးဆိုလျှင် ကျန်လူများ၊ အနည်းဆုံးတော့ ရာဇဝတ်မှုကျူးလွန်သူ အားလုံးဟာလည်း ပြဋ္ဌာန်းစီရင်ပြီး ဝါဒအယူအဆအရ ထိုသူများဟာလည်း သူတို့ကိုယ်သူတို့ ရာဇဝတ်မှုကျူးလွန်ခြင်းမှ ရှောင်ကြဉ်လို့မရတဲ့ (မရတဲ့) အခြေအနေကို ရောက်အောင် "ပြဋ္ဌာန်းစီရင်ပြီး" ဖြစ်တဲ့အတွက် သူတို့ကိုလည်း ဥပဒေအရ တာဝန်ရှိမှုအဖြစ်မှ လွတ်ကင်းလျော့ပါးခွင့် မပေးသင့်ဘူးလားလို့ဆိုတဲ့ မေးခွန်းမှတ်ချက်နှင့် စတီဖင်ဟောကင်းက (diminished responsibility) အယူအဆကို သုံးသပ်ဝေဖန်ထားကြောင်း ဒေါက်တာမြင့်ဇံက ရေးသားထားပါသည်။

**မောင်ပျင်းရိ၏ ကြားဖြတ်မေးခွန်း**

"ဆရာကြီးခင်ဗျာ စတီဖင်ဟောကင်း၏ ဥပဒေဆိုင်ရာအမြင်တစ်ရပ်နှင့် ပတ်သက်ပြီး စိတ်ကျန်းမာရေး ချို့ယွင်းမှုကြောင့် ရာဇဝတ်မှုကျူးလွန်သူတို့ အကြောင်းကို အကျဉ်းမျှ ကျွန်တော်နားလည်ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ ရာဇသတ်ကြီး ပုဒ်မ ၈၄ မှာ စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှုအကြောင်းကို ပြဋ္ဌာန်းထားပါတယ်။ စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုလည်းကောင်း၊ မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားပါတယ်။ ဤပြဋ္ဌာန်းချက်နဲ့ ရည်ညွှန်းကိုးကား နိုင်ပါသလား" ဟု မောင်ပျင်းရိက ကျွန်တော့်အား မေးမြန်းလာပါသည်။

မောင်ပျင်းရိ၏ မေးမြန်းချက်မှာ သဘာဝကျပြီး ရည်ညွှန်းကိုးကားနိုင်သော အချက်ဖြစ်သည်ကို ကျွန်တော်လေ့လာ တွေ့ရှိရပါသည်။ ဆက်စပ်ယှဉ်တွဲ သုံးသပ်နိုင်ပါသည်။

**ဥပဒေသိပ္ပံပညာ (Jurispruence)**

ဥပဒေသိပ္ပံပညာကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဥပဒေပညာအဓိက သင်တန်း (ဒုတိယ)နှစ်တွင် တစ်ချိန်တစ်ခါက သင်ယူလေ့လာခဲ့ရသည်။ ဥပဒေသိပ္ပံဆိုသော စကားရပ်မှာ အင်္ဂလိပ်ဘာသာအားဖြင့် (Jurispruence) ကို ခေါ်ဆိုပြီး တစ်ဖန် ယင်းအင်္ဂလိပ်ဘာသာ စကားမှာလည်း လက်တင်ဘာသာစကားရပ်များဖြစ်ကြသော Jus(Juris)နှင့် Prudentia တို့မှတစ်ဆင့် ပေါက်ဖွားလာသော ဘာသာစကားရပ်ဖြစ်ပေသည်။ ယုစ် သို့မဟုတ် ဂျူရစ်မှာ ဥပဒေဟု အဓိပ္ပာယ်ရှိပြီး ပရူဒင်ရှားမှာ အသိပညာဟူ၍ အဓိပ္ပာယ်ရှိပေသည်။ သို့ဖြစ်ရာ စာပေဆိုင်ရာ သဘောအားဖြင့် ဥပဒေသိပ္ပံပညာဆိုသည်မှာ ဥပဒေအသိပညာဟူ၍ အဓိပ္ပာယ်ရလေသည်။ သို့ရာတွင် သင်ကြားလေ့လာမှုအရ သို့မဟုတ် ယေဘုယျအားဖြင့် ဥပဒေသိပ္ပံပညာဆိုသည်မှာ ဥပဒေ၏ ပထမ သဘောတရားများကို ခွဲခြမ်းစိတ်ဖြာ လေ့လာသောပညာ၊ သို့မဟုတ် ဥပဒေ၏ သိပ္ပံပညာဟူ၍ အဓိပ္ပာယ်ရရှိလေသည်။ အင်္ဂလိပ်ဥပဒေပညာရှင် ဟော်လန်ကမူ ဥပဒေသိပ္ပံပညာကို ဥပဒေရေးရာ အကျိုးသက်ရောက်မှုများရှိသည်ဟု ယေဘုယျအားဖြင့် အသိအမှတ်ပြုထားသော လူသားအချင်းချင်း ဆက်ဆံရေးများ၏ သာမန်သိပ္ပံပညာဟူ၍ ယူဆခဲ့ကြောင်း ဥပဒေပါမောက္ခ ဆရာကြီးဦးတင်အုံးက ၎င်းရေးသားသည့် ဥပဒေသိပ္ပံပညာဟူသော စာအုပ်(စာမျက်နှာ-၃) တွင် ရေးသားခဲ့သည်ကို လေ့လာမှတ်သားရပါသည်။

ဥပဒေသိပ္ပံပညာတွင် ခွဲခြမ်းစိတ်ဖြာသောအခါ လူမှုရေးပညာဆိုင်ရာ၊ ဥပဒေသိပ္ပံပညာ၊ ကိုယ်ကျင့်တရားပညာနှင့် ဥပဒေသိပ္ပံပညာ၊ နိုင်ငံရေးနှင့် ဥပဒေသိပ္ပံပညာ၊ ဘောဂဗေဒနှင့် ဥပဒေသိပ္ပံပညာ၊ စိတ်ပညာနှင့် ဥပဒေသိပ္ပံပညာ စသည်ဖြင့် ခွဲခြားနိုင်ပေသည်။ ဥပဒေအမျိုးမျိုး သတ်မှတ်ပိုင်းခြားရာတွင်လည်း အမိန့်နှင့် သတ်မှတ်သည့် ဥပဒေ၊ သိပ္ပံနည်းကျ(သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာဥပဒေ၊ သဘာဝ (သို့မဟုတ်) ကိုယ်ကျင့်တရားဆိုင်ရာဥပဒေ၊ သဘောတူညီမှုဆိုင်ရာဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေ၊ လက်တွေ့(သို့မဟုတ်)အတတ်ပညာဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် နိုင်ငံတွင်းဥပဒေဟူ၍လည်း ပိုင်းခြားနိုင်ပေသေးသည်။ မောင်ပျင်းရိတို့ လူငယ်များ ဆက်လက်လေ့လာသင့်ပါသည်။

**အကြောင်းခြင်းရာ ပြဿနာ**

ဥပဒေပြဿနာများကို စဉ်းစားရာတွင် တရားရုံးသည် မည်သည့်အချက်များကို အခြေခံ၍ စဉ်းစားရကြောင်း စူးစမ်းကြရပေသည်။ ဥပဒေပြဿနာနှင့် အကြောင်းခြင်းရာပြဿနာကို ဝေဖန်ပိုင်းခြား စဉ်းစားဆုံးဖြတ်ကြရပေသည်။ ဥပမာ-

(၁) ဥပဒေနှင့်ပတ်သက်၍ တရားရုံးများက မဆုံးဖြတ်ဘဲ မနေနိုင်သည့် ပြဿနာ။

(၂) ဥပဒေတစ်ရပ်၏ အဓိပ္ပာယ်ကို ကောက်ယူရာ၌ အယူအဆလွဲနေလျှင် မည်သည့်အယူအဆက မှန်ကန်သည်ကို ဖြေရှင်းရန် ပြဿနာ။

(၃) အနောက်နိုင်ငံများတွင် အမှုများကို ဂျူရီလူကြီးများနှင့် စစ်ဆေးကြရာ၌ ဥပဒေ ပြဿနာနှင့် ပတ်သက်လာလျှင် တရားသူကြီးကသာ ဆုံးဖြတ်ပေးနိုင်ခွင့်ရှိသည်။ ဂျူရီလူကြီးမင်းများမှာ အကြောင်းခြင်းရာများနှင့် ပတ်သက်၍သာ ဆုံးဖြတ်နိုင်ခွင့် ရှိကြလေသည်။ သို့ရာတွင် အကြောင်းခြင်းရာများအနက်မှ အချို့ကိစ္စရပ်များကို ဂျူရီလူကြီးများက မဆုံးဖြတ်ဘဲ တရားသူကြီးက ဆုံးဖြတ်ရသဖြင့် ယင်းအကြောင်းခြင်းရာများကို ဥပဒေပြဿနာထဲ၌ သွတ်သွင်းရကြောင်း လေ့လာမှတ်သားရပေသည်။

**စေတနာ**

ဒေါက်တာမြင့်ဇံ ပေးပို့လာသော "စတီဖင်ဟောကင်း၏ ဥပဒေဆိုင်ရာ အမြင်တစ်ရပ်နှင့် အခြားစာစုများ စာအုပ်" အကြောင်းကို သုံးသပ်ပေးရန် အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေးမြန်းလာသောကြောင့် ဥပဒေဆိုင်ရာ အမြင်တစ်ရပ်အပေါ် တွေးခေါ်မိသော ကျွန်တော့်၏ စေတနာဥပဒေ အတွေးမျှသာပါ....။ ။

နိုင်ငံတကာအနုပညာသတင်းပဒေသာ

## The Batman ရုပ်ရှင်နမူနာ ပွဲဦးထွက်ပြသ

The Batman ရုပ်ရှင် ပွဲဦးထွက်နမူနာကို ဝင်းနားဘရားသားကုမ္ပဏီကနေ ဩဂုတ် ၂၂ ရက်ညပိုင်းမှာ စတင်ပြသခဲ့ပြီး Batman အဖြစ် သရုပ်ဆောင်တဲ့ ရောဘတ်ပတ်တင်ဆန်ဟာ Batman ဝတ်စုံနဲ့ လိုက်ဖက်ပြီး ခံ့ညားနေတာကို တွေ့မြင်ရပါတယ်။

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (S-354)၊ ဧရိယာ၀ဒသမ၂၉ကေရှိ ဒေါ်ဝင်းမြတ်သူ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို အမည်ပေါက်သူ ဒေါ်ဝင်းမြတ်သူ (ဘ)ဦးကိုကို ၉/ပဘန(နိုင်)၀၀၁၂၂၄မှ ဒေါ်ချစ်ကြည် (ဘ)ဦးလျောက်ပေါင်း ၁/မကန(နိုင်)၀၉၉၈၂၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

စလင်းမြို့နယ်အသင်း(ရန်ကုန်)
## ရဲအုပ်ကျော်မြင့်(ငြိမ်း)
**(ယာဉ်ထိန်း၊ SIP Cadet 16/84)**
**အသက် (၆၆)နှစ်**

စလင်းမြို့နေ(ဦးစောမောင်-ဒေါ်ခင်နွဲ့)တို့၏သားလတ်၊ ဒေါ်သီတာထွန်း (Manager Parisian Cake & Coffee)၏ခင်ပွန်း၊ (ဦးမောင်မောင်ကြီး)-ဒေါ်ဝင်းရီ၊ ဦးလန်ဆန်ပေါင်-(ဒေါ်အေးမြိုင်)၊ (ဦးမျိုးညွန့်-ဒေါ်ရွှေအိ)တို့၏ ညီ-မောင်၊ ဦးဝင်းမောင်-ဒေါ်ခင်စောနွဲ့၊ ဦးတင်အုန်း-ဒေါ်ဝင်းပပတို့၏အစ်ကိုသည် ၂၄-၈-၂၀၂၀ရက် ညနေ ၃:၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

(အမှတ် -၇၀၆၊ (ပ)ထပ်၊ Chira Town Tower Condo၊ စဥ့်အိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်၊ လသာမြို့နယ်၊ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ် (၁)လမ်း၊ အမှတ် (၃၃ဘီ)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၇ဂျီ၊ မြေကွက်အမှတ် ၄၃၈ ပီ-၁/၁၁-ဘီ-၁၊ ဒေါ်စောမြရီ ၁၂/ဗဟန(နိုင်)၀၀၆၄၈၀ အမည်ပေါက် ဂရန်ရှိမြေ ပိုင်မြေကွက်ကို ဒေါ်စောမြရီထံမှ SP အမှတ် -၉၅၄၁/၂၀၀၇ ဖြင့် SP ရရှိသူ ဒေါ်ရန်ဆီ ၁၃/မဆတ(နိုင်) ၀၄၂၂၅၉မှ ဒေါ်စောမြရီကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတွင် ၎င်းသို့လွှဲအပ်သည့် SP နှင့် ယင်း SP ရုပ်သိမ်းခြင်းမရှိသေးကြောင်းနှင့် SP လွှဲအပ်သူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာနှင့်အတူ မြေအမည်ပေါက်ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၃၈/ ၁၉၉၉ (စာချုပ်ရုံးလက်ခံအမှန်)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာခြင်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

## ဒေါ်မြစိန်(အလုံ)
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လျှပ်စစ်မိုးကောင်းဝင်းနေ (ဦးပု-ဒေါ်အေးစိန်)တို့၏သမီးကြီး၊ (ဦးသောင်းငွေ)၏ဇနီး၊ ဦးအောင်(လျှပ်စစ်ရုံး-ငြိမ်း၊ နေပြည်တော်)-(ဒေါ်လှဝင်း)၊ (ဦးမြင့်စိုး)-ဒေါ်ခင်ခင်စိန်(ခ)စနိုး(ဟိုတယ်/ခရီး-ငြိမ်း)၊ (ဦးမြသောင်း)-ဒေါ် ညွန့်ညွန့်စိန်(YESC-ငြိမ်း)၊ (ဒေါ်မမကြီး)(ဓာတ်အားစနစ်ဌာန)၊ (ဦးမောင်မောင်ကြီး)-ဒေါ်နော်စေးပို(YESC)၊ (ဦးသန်းဝင်း)-ဒေါ်ညွန့်ညွန့်ထွေး(မီတာစမ်းသပ်စစ်ဆေးရေးဌာန)တို့၏ မိခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအေးထွန်းရွှေ(ငြိမ်း)
**တေဇ(၁)**
**အသက်(၇၀)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၂၉ရပ်ကွက်၊ မီးဒုံးလမ်းသွယ်၁၊ အမှတ် ၁၄၇/၆နေ (ဦးဘစိုး)-ဒေါ်တင်ခတို့၏သား၊ ဒေါ်ခင်မွှေး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီး အေးထွန်းရွှေ (ငြိမ်း)သည် ၂၅-၈-၂၀၂၀ရက် နံနက်၇နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၁)မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
## ဒေါ်ကြည်မြင့်(သိမ်ကြီးဈေး) (B ရုံ)
**အသက် (၉၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၁၅)၊ သီရိမင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ (ဦးချစ်-ဒေါ်ရှင်)တို့၏ သမီးကြီး၊ ဦးညွန့်မောင်(ရွှက်လှေ)၏ဇနီး၊ ဦးဝင်းဖေ[အင်ဂျင်နီယာချုပ် (ငြိမ်း)-ကုန်သွယ်/လယ်ယာ]-(ဒေါ်ညွန့်ညွန့်ဝင်း)တို့၏ အစ်မ၊ ဒေါ်သင်းသင်းနွဲ့(ခ)မီးမီး (ရွှက်လှေချည်ထည်၊ ပိုးထည်နှင့် ရွှေကမ္ဘာအင်ဂျင်ဝိုင်ဖြန့်ချိရေး)၊ ဒေါ်စမ်းစမ်းနွဲ့(ခ)စူးစူး၊ ဦးတင်စိုး(စိုး+အင်ကြင်း ပုံနှိပ်တိုက်)-ဒေါ်ဝင်းဝင်းနွဲ့(ခ)Dolly (Joyful စာအုပ်ချုပ်လုပ်ငန်း)တို့၏ချစ်လှစွာသောမိခင်၊ ဦးဉာဏ်လင်းအောင်၊ ဦးဝေမင်းသူ-ဒေါ်အိမွန်အောင်၊ ဦးရန်လင်းအောင်(ခ)ကမ္ဘာ၊ ဒေါက်တာပြည့်ဖြိုးဟိန်း၊ မဝင့်ထက်စိုးတို့၏ချစ်လှစွာသောအဘွား၊ မြစ် သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၈-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄:၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အုံးကျင်
**အသက် (၇၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၂၂၈)နေ ပန်းထိမ်ဆရာ (ဦးသောင်း)၏ဇနီး၊ နတ်တလင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၂၂၈)နေ ဒေါ်မြမြသန်း(ထက်/ပြ)၊ ဒေါ်လှလှသန်း၊ ဒေါ်အေးအေးသန်း-(ဦးကျော်နိုင်)၊ နတ်တလင်းမြို့၊ မြို့မရပ်ကွက်၊ မြို့မကျောင်းလမ်းနေ ဦးစိုးသောင်းလှိုင်၊ နတ်တလင်းမြို့နယ်၊ ပေါက်တန်းကျေးရွာနေ ဦးတင်စိုးလှိုင်တို့၏မိခင်သည် ၁၅-၈-၂၀၂၀ရက် နံနက် ၆:၃၀နာရီတွင် ဈေးလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၀ရက် တွင် အနောက်ပေါက်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ဥမ္မာအောင်(B.Sc,Physics)
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်(၅၉)၊ အခန်း(၁၃)နေ (ဦးအောင်မြင့်-ဒေါ် မြင့်မြင့်စံ)တို့၏သမီး၊ ဦးရဲဝင်းအောင်-ဒေါ်ဝင်းမာအောင်(T.K.S Co.,Ltd)၊ ဦးတင့်နိုင်-ဒေါ်အေးသန္တာအောင်၊ ဦးနေမျိုးအောင်-ဒေါ်မာမာ သိန်းတို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်၊ မြေးတစ်ယောက်တို့၏အဘွားသည် ၂၅-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၃:၃၀နာရီ တွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ ၈၉လမ်း၊ မြေညီ(ခြေရင်းခန်း)၊ အမှတ်(၅၄) တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်သန်း၁၁/မတန(နိုင်)၀၃၀၀၄၆]ထံမှ ကျွန်တော် ဦးရှိန်းသူအောင်က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက် ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးရှိန်းသူအောင် [၁၂/မရက(နိုင်)၁၄၁၉၈၃]**
**ဖုန်း-၀၉-၄၂၁၀၀၀၆၁၇**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်(ရခိုင်ချောင်)
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်(၅)လမ်း၊ အမှတ်(၄၉)နေ (ဦးဘ-ဒေါ်လှ)တို့၏သမီး၊ ဦးကြည်ဝင်း-ဒေါ်ခင်မိမိ၊ ဒေါ်ခင်ငွေငွေ၊ ဦးကျော်သူရ(ခ)ဘိုဘိုတို့၏မိခင်၊ (ဦးအေး)၏ ဇနီး၊ ကိုကျော်ထက်ဝင်း-မဇင်ဇင်သန့်၊ မခိုင်ဇာသင်း(ခ)မဥ္စူဝင်းတို့၏ အဘွား၊ ရှင်းမြတ်ခ၏ဘွားဘွားကြီးသည် ၂၅-၈-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဒေါ်ညွန့်ညွန့်ကြည်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
ဟင်္သာတမြို့
**အသက်(၇၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဘုရားကြီးရပ်ကွက်(၂)လမ်း၊ အမှတ် ၁၅၃ နေ ဦးညွန့်တင်(မန်နေဂျာ၊ ကုန်သွယ်/လယ်ယာ ၊ ငြိမ်း)၏ဇနီး၊ ဦးမျိုးဇော်ညွန့် (Manager Cyber Security, Jardine Int Motors- ခေတ္တစင်ကာပူ)-ဒေါ်သန္တာဝင်း၊ ဦးအောင်ဇော်ညွန့် (အောင်ဟိန်း လျှပ်စစ်ပြုပြင်ရေး)-ဒေါ်စုနှင်းဟန်(ကထိက၊ သတ္တဗေဒဌာန၊ လားရှိုးတက္ကသိုလ်)၊ ဒေါက်တာ ကျော်စိုးညွန့်(ညွှန်ကြား ရေးမှူး၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်)-ဒေါက်တာ သီဂီဝင်း(မျက်စိအထူးကု၊ စဝ်စံထွန်းဆေးရုံကြီး)၊ ဦး အောင်ရဲဝင်း-ဒေါ်နှင်းဝေလွင်(Galaxy Software Company ၊ရန်ကုန်)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၄-၈-၂၀၂၀ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဟင်္သာတမြို့ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ညွန့်ကြည် အသက်(၇၉)နှစ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)
ဟင်္သာတမြို့

ဒေါက်တာကျော်စိုးညွန့်(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန)-ဒေါက်တာသီဂီဝင်း(အထူး ကုဆရာဝန်၊ မျက်စိ၊ စဝ်စံထွန်းဆေးရုံ)တို့၏မိခင် ဒေါ်ညွန့်ညွန့်ကြည်သည် ၂၄-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

---

## ဒေါ်ခင်ခင်မြင့်
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ ဝေဇယန္တာ ဥယျာဉ် ရိပ်သာ ၁လမ်း၊ အမှတ် ၁၈၈နေ (ဦးကျော်ရှိန်-ဒေါ်သန်း)တို့ ၏ သမီး၊ (ဒေါ်ခင်ခင်မြ)-ဒေါက်တာ အောင်ကြည်(UK)၊ဦးခင်မောင်တင့်(UK)၊ ဒေါ်ခင်ခင်နွဲ့၊ ဦးခင်မောင်လှ-ဒေါ်မိမိစိုး၊ ဦးခင်မောင်ညွန့် -ဒေါ်ရီရီငြိမ်း၊ ဦးခင်မောင်ချို-ဒေါ်သက်ဝါဝင်းတို့၏အစ်မ၊ တူ၊တူမ ခြောက်ယောက်တို့၏ ကြီးတော်သည် ၂၁-၈-၂၀၂၀ရက် ညနေ ၆:၅၀နာရီတွင် Ar- Yu International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမောင်မောင်လွင်
ထားဝယ်မြို့
**အသက်(၅၄)နှစ်**

ထားဝယ်မြို့၊ ကညွှံရပ်၊ မြေတိုက်ကျောင်းလမ်း၊ အမှတ် ၂၈၆နေ (ဦးဖေလွင်)(မြေစာရင်း-ငြိမ်း)-ဒေါ်သန်းကြည်(အထက-လောင်းလုံး-ငြိမ်း)တို့၏သား၊ ဒေါ်ချိုချို(ကျောက်မတ္တပ်ရွာ၊ လောင်းလုံး)၏ခင်ပွန်း၊ ဦးကိုကိုလွင်(ဥပဒေအထောက်အကူပေးရေး အဖွဲ့-ထားဝယ်)- ဒေါ်အေးအေးဝင်း၊ ဒုတိယဗိုလ်မှူးကြီး ညီညီလွင်(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်မိဇာဇာထွန်းတို့၏ညီ/မောင်၊ ဦးညီလေးမောင်(လက်ထောက်အထွေထွေမန်နေဂျာ၊ကကဝယ်-နေပြည်တော်)-ဒေါ်နန်းမွန်မွန်ကျော်တို့၏အစ်ကို၊ မောင် ကောင်းဆက် လွင်( G-8၊ အထက-၁၊ ထားဝယ်)၊ မသက်စုစံ(G-4၊ အထက-၁၊ ထားဝယ်)၊ မောင်ကောင်းမြတ်မောင်တို့၏ ဖခင်သည် ၂၅-၈-၂၀၂၀ ရက်(အင်္ဂါနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဘာသာပေါင်းစုံ ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဗညားဒလ၊မြေကွက်အမှတ် ၁၁၁၇၊ ဧရိယာ (၄၀'X ၆၀')မြေကွက်တည် နေရာ အမှတ် (၁၁၁၇)၊ သံလွင်လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်( အမည် ပေါက် ဒေါ်လှစိန် ၁၂/ကမန(နိုင်)၀၅၁၃၅၂ နှစ် (၆၀) ဂရန်မြေအား ဒလမြို့နယ် တရားရုံး ၂၀၂၀ ပြည့်နှစ် တရားမကြီးမှု အမှတ်(၆) တွင် တရားလို ဦးကျော်စိုးက တရားပြိုင် ဒေါ်ဟာစီနာ(ခ)နူရ်ယဘေ ဂေါင်နှင့် ဒေါ်လှစိန်တို့အပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ အနိုင်ဒီကရီချမှတ်သည့် (၃၀-၄-၂၀၂၀)ရက်စွဲပါ စီရင်ချက်နှင့် အမိန့် ၊ ဒလမြို့နယ်တရား ရုံး ၂၀၂၀ ပြည့်နှစ် တရားမဇာရီမှု အမှတ် ၁၀ ၏ တရားရုံးနေ့စဉ်မှတ်တမ်းအမိန့် နှင့် (၁၀-၇-၂၀၂၀)ရက်စွဲပါ ဘီလစ်ခန့်စာ၊ နှစ် (၆၀) ဂရန်မူရင်းတို့ တင်ပြ၍တရား ရုံးများကိုယ်စား ဒလမြို့နယ်တရားရုံးဘီလစ် ဒေါ်သီတာဝင်း ၁၂/ဆကခ(နိုင်) ၀၀၆၁၅၁ မှ အရောင်း အဝယ်စာချုပ်ချုပ် ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံတကာတွင် ပုံနှိပ်မီဒီယာအများအပြားသည် မီဒီယာအသစ်သို့ ကူးပြောင်းသွားခဲ့ကြပြီး အချို့လည်း ပုံနှိပ်မီဒီယာနှင့် မီဒီယာအသစ်ကို ပူးတွဲလုပ်ကိုင်လျက်ရှိ




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

နေပြည်တော် ဩဂုတ် ၂၅

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄) မှ ဦးလင်းတင်ဋ္ဌေး၏ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ဆယ်ပလာကျေးရွာရှိ ဆယ်ပလာ ကျန်းမာရေးဌာန(ခွဲ) ဝန်ထမ်းအိမ်ရာကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ၂၀၂၀ - ၂၀၂၁ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများအတွက် စီမံကိန်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးဖြစ်နေပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးနိုင်ခြင်း မရှိပါသော်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွဋ်၏ ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသော ပုံနှိပ်မီဒီယာများ ဈေးကွက်တွင် အရှုံးပေါ်ကာ ဆက်လက်ထုတ်ဝေရန် မတတ်နိုင်တော့ဘဲ တစ်စောင်ပြီး တစ်စောင် ပိတ်သိမ်းရပ်စဲ နေကြရပါသဖြင့် ပုံနှိပ်မီဒီယာလောက ပြန်လည်ထူမတ်လာစေရန်အတွက် မည်သို့ ကူညီပံ့ပိုးဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယနေ့အချိန်တွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသောပုံနှိပ်မီဒီယာများ ဈေးကွက်တွင် အရှုံးပေါ်ကာ ဆက်လက်ထုတ်ဝေနိုင်ရန် မတတ်နိုင်တော့ဘဲ တစ်စောင်ပြီးတစ်စောင် ပိတ်သိမ်းရပ်စဲနေကြသည် ဆိုခြင်းမှာ မှန်ကန်ပါကြောင်း၊ သို့သော် ယင်းပြဿနာသည် မြန်မာနိုင်ငံ ပုံနှိပ်မီဒီယာလောက တစ်ခုတည်းတွင် ကြုံတွေ့နေရခြင်းမဟုတ်ဘဲ နိုင်ငံတကာပုံနှိပ်မီဒီယာလောကတစ်ခုလုံးက ရင်ဆိုင်နေရသည့် ဘုံစိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်ကို ဦးစွာတင်ပြလိုပါကြောင်း။

ယခု မြန်မာနိုင်ငံ၏ လက်ရှိပုံနှိပ်မီဒီယာများ အခြေအနေကို အနည်းငယ် ရှင်းလင်းတင်ပြခွင့်ပြုစေလိုပါကြောင်း၊

*စာမျက်နှာ ၈ ကော်လံ ၁* ●

## ရောဝတီ၊ ချင်းတွင်းနှင့် သံလွင် မြစ်ရေကြီးမှုအခြေအနေ

### ညောင်ဦးနှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန်

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်၊ လေရှီး၊ နန်းယွန်း မြို့နယ်များသို့ နိုင်ငံတော်အရန်ရိက္ခာ စားအုန်းဆီပုံး ၁၅၇၁ ပုံးရောက်ရှိ

မုံရွာ ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်တို့တွင် လူဦးရေ ၁၃၂၆၂၈ ဦးအပေါ် မူတည်ပြီး စားအုန်းဆီခွဲတမ်းမှာ ၁၈ လီတာပုံး ၁၅၇၁ ပုံးကို စားသုံးသူရေးရာဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူး ဦးသန်းရွှေက ပြောသည်။

နိုင်ငံတော်အရန်ရိက္ခာ စားအုန်းဆီပုံးများကို လဟယ်မြို့နယ်ရှိ လူဦးရေ ၅၆၅၂၂ ဦးအတွက် ၆၅၇ ပုံး၊ လေရှီးမြို့နယ်ရှိ လူဦးရေ ၁၈၄၇၅ ဦး အတွက် ၂၂၆ ပုံး၊ နန်းယွန်းမြို့နယ် လူဦးရေ ၅၇၆၃၁ ဦးအတွက် ၆၈၈ ပုံး

*စာမျက်နှာ ၉ ကော်လံ ၅* ❂



## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ ညနေ ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## အာဆင်နယ်မှ ထွက်သွားသည့် လက်ထောက်နည်းပြ ယွန်းဘတ်၏ နေရာကို ဘားကမ့်ဖြင့် အစားထိုးလိုနေသည့် နည်းပြ အာတီတာ

အာဆင်နယ်နည်းပြ အာတီတာသည် အသင်းမှ ထွက်ခွာသွားပြီဖြစ်သော လက်ထောက်နည်းပြ ယွန်းဘတ်၏ နေရာကို အာဆင်နယ်ဂန္ထဝင်ကစားသမား တစ်ဦးဖြစ်သူ ဒင်းနစ်ဘားကမ့်ဖြင့် အစားထိုးလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အသက် ၅၁ နှစ်အရွယ်ရှိ ဘားကမ့်သည် အာဆင်နယ်အသင်းတွင် ၁၉၉၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ၁၁ နှစ်ကြာ ကစားခဲ့ပြီး ပြိုင်ပွဲအရပ်ရပ် ၄၂၃ ပွဲ ပါဝင်ကစားခဲ့ကာ ဂိုး ၁၂၀ သွင်းယူပေးထားသူဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့်အတူ ၁၉၉၇-၉၈ ခုနှစ်၊ ၂၀၀၁-၀၂ ခုနှစ်နှင့် ၂၀၀၃-၀၄ ခုနှစ်တို့တွင် ပရီမီယာလိဂ်အမှတ်ပေးဖလားကို ဆွတ်ခူးရရှိထားသူဖြစ်ပြီး အက်ဖ်အေဖလားကို ၂၀၀၁-၀၂ ခုနှစ်၊ ၂၀၀၂-၀၃ ခုနှစ်နှင့် ၂၀၀၄-၀၅ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထားသည်။ ဘားကမ့်သည် ဘောလုံးကစားခြင်းမှ အနားယူပြီးနောက်တွင် အသင်းဟောင်းဖြစ်သည့် အိုင်းယက်စ်အသင်းတွင်



ဘားကမ့်နှင့် အာတီတာ

လက်ထောက်နည်းပြအဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❁


### ပုသိမ်တံတားကြီးကြောင့် ပုသိမ်မြို့နှင့် ဒေသပတ်ဝန်းကျင် လမ်းပန်းလည်းချောမွေ့စေ၊ မြို့ပြ လူမှုစီးပွားလည်း တိုးတက်စေ

ဆောင်းပါး | စာ-၁၀

### ကိုဗစ်- ၁၉ ဒုတိယလှိုင်း စိုးထိတ်မှုမှ လွန်မြောက်လာအောင် စုပေါင်းအားနဲ့ စွမ်းဆောင်မယ်

နိုင်ငံတကာရေးရာ | စာ-၁၄

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

# YBS နှင့် ပုံမှန်ပြေးဆွဲမှု

▲ ဇင်လင်းမြင့်

အင်းလျားကန်ပေါင်ရှိ ပြည်လမ်းမပေါ်မှာ ကားမျိုးစုံနဲ့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေပါတယ်။ ကိုလူမောင်စီးလာတဲ့ YBS ဘတ်စ်ကားလည်း ယာဉ်ကြောပိတ်မိပြီး ရပ်တန့်ထားပါတယ်။ ကားရှေ့ကိုလိုက်ကြည့်တဲ့အခါ YBS ကား သုံးစီးကိုလည်း လှမ်းမြင်ရပါတယ်။ YBS ကားတွေပေါ်မှာ ခရီးသည်တွေ ထိုင်ခုံအပြည့် ဖြစ်နေသလို မတ်တပ်ရပ်စီးသူတွေကို တွေ့နေရပါတယ်။ ကိုလူမောင် စီးလာတဲ့ကားပေါ်မှာလည်း ခရီးသည်တွေက ခပ်ကျပ်ကျပ် ဖြစ်နေပါတယ်။ ရန်ကုန်မြို့မှာ ကိုဗစ်-၁၉ ကြောင့် YBS ပြေးဆွဲမှုတွေ အစီးရေ နည်းပါးခဲ့ရာက အခုဆို အရင်အတိုင်း ပုံမှန်ပြေးဆွဲနိုင်ဖို့အတွက် တဖြည်းဖြည်း ယာဉ်အစီးရေ ပိုမိုပြေးဆွဲလာပြီ ဖြစ်ပါတယ်။

### နှာခေါင်းစည်းတပ်ဆင်ပြီး စီးနင်းကြဖို့လိုအပ်

“ရန်ကုန်မြို့မှာ နေ့စဉ် YBS စီးသူတွေ များပြားလာတဲ့အတွက် ယာဉ်အစီးရေကိုလည်း ပိုမိုပြေးဆွဲပြီး ပြည်သူတွေ အဆင်ပြေစေအောင် ကြိုးစားပြီး ဝန်ဆောင်မှုပေးနေပါတယ်။ ပြည်သူတွေအနေနဲ့ YBS စီးတဲ့အခါ တစ်ဦးချင်း ကျန်းမာရေးအသိနဲ့ နှာခေါင်းစည်းတွေ တပ်ဆင်ပြီး စီးနင်းကြဖို့လိုအပ်ပါတယ်” လို့ YRTA တွဲဖက် အတွင်းရေးမှူး ဦးလှအောင်က ပြောပါတယ်။ YBS စီးသူတွေ များပြားလာတာနဲ့အမျှ ဘတ်စ်ကားပေါ်မှာ တစ်ဦးနဲ့တစ်ဦး သတ်မှတ်အကွာ အဝေးအတိုင်း လိုက်ပါစီးနင်းဖို့ အခက်အခဲရှိနေတာတော့ အမှန်ပါပဲ။

### တိုးတက်များပြားလာ

ရန်ကုန်မြို့မှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ ရက်အထိ နေ့စဉ် YBS စီးနင်းသူ ခရီးသည် ရှစ်သိန်းကျော်ရှိနေပြီး ပြီးခဲ့တဲ့ ဇူလိုင်လကထက် စီးနင်းတဲ့ ခရီးသည် တိုးတက်များပြားလာတာ ဖြစ်ပါတယ်။ YBS ယာဉ်ပြေးဆွဲမှုကလည်း အစီးရေ ၃၅၀၀ ကျော် ၄၀၀၀ နီးပါးရှိလာပြီ ဖြစ်ပါတယ်။ ဒီလို YBS ယာဉ်တွေ ပြေးဆွဲမှုအစီးရေဟာ အရင်ပုံမှန် ပြေးဆွဲနေတဲ့ YBS ယာဉ်အစီးရေ အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းခန့်ထိ ရှိနေပြီ ဖြစ်တယ်လို့ YRTA တာဝန်ရှိသူတွေက ပြောပါတယ်။

**စာမျက်နှာ (ဃ) သို့**



ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YRTA က ကြီးကြပ်ကွပ်ကဲနေတဲ့ YBS ယာဉ်လိုင်းပေါင်း ၁၂၄ လိုင်း ရှိပါတယ်။ အဲဒီယာဉ်လိုင်း ၁၂၄ လိုင်းက ကိုဗစ်-၁၉ မတိုင်မီ YBS ယာဉ် အစီးရေ တစ်နေ့ကို ၄၅၀၀ ခန့် ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။ ယာဉ်မောင်းသူအရေ အတွက် ၄၈၀၀ ကျော်နဲ့ နေ့စဉ်ပြေးဆွဲပေးနေတဲ့ YBS ဟာ ရန်ကုန်မြို့မှာတော့ ကြီးမားတဲ့ သယ်ယူပို့ဆောင်တဲ့ကွန်ရက်ကြီး တစ်ခုဖြစ်ပါတယ်။

# ချစ်သော ရန်ကုန်

■ ရှင်နော်

မြန်မာနိုင်ငံ၏ အဓိက ပင်လယ်ကူးသင်္ဘော ဆိပ်ကမ်းများတည်ရှိရာ ရန်ကုန်မြို့တော်သည် ရှေးဟောင်းသမိုင်းဝင်နေရာတို့နှင့် ပြည့်နှက်လျက်ရှိသည်။ အရှေ့တောင်အာရှတွင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံပေါင်းများစွာ ကျန်ရှိနေဆဲ မြို့တစ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်သို့ ကုန်းလမ်း၊ လေလမ်းနှင့် ရေလမ်းခရီးဆက်သွယ်သွားလာနိုင်သည့် မြို့ဖြစ်သည်။ နိုင်ငံအတွင်းရှိ အခြားမြို့ပြ ဒေသများနှင့် နှိုင်းယှဉ်လျှင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးမှုအားကောင်းသော မြို့တစ်မြို့ ဖြစ်သည်။

ခေတ်ကာလအဆက်ဆက်ကို ဖြတ်သန်းပြီးလည်း ရန်ကုန်မြို့တော်သည် ပျိုမျစ်နေဆဲ၊ နုပျိုနေဆဲဖြစ်သည်။ နှစ်ထောင်ပေါင်းများစွာက တည်ရှိခဲ့သော သမိုင်းကြောင်းနှင့် ဘုရားစေတီများ၊ ရှေးဟောင်းအဆောက်အအုံများ၊ လူနေထိုင်မှုပုံစံသစ်နှင့် လိုက်လျောညီထွေစွာ ဆောက်လုပ်ထားသည့် ခေတ်သစ်အဆောက်အအုံများ၊ တိုးပွားလာသော လူဦးရေအပေါ် လိုက်ဖက်ညီစွာ ချဲ့ထွင်ထားသော မြို့သစ်များဖြင့် မြို့တော်ရန်ကုန်သည် သက်တမ်းကာလ တစ်ခုကို ဖြတ်ကျော်နေဆဲဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုပြုလိုကြသည့် မြို့တော်စီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ ဆိပ်ကမ်းစီမံကိန်းများ တစ်စတစ်စ ဝင်ရောက်လာလျက်ရှိရာ မကြာတော့သည့် နှစ်ပိုင်းများအတွင်း ရန်ကုန်မြို့တော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့တော်ကြီးတစ်ခုအသွင်ဖြင့် မြင်ရမည့်အရေးက ရှိနေသည်။ သို့သော် ရန်ကုန်မြို့ကြီး ဖွံ့ဖြိုးတိုးတက်ရေးသည် ရုပ်ပိုင်းဆိုင်ရာတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်၍ ရနိုင်သည်မဟုတ်ဘဲ မြို့သူမြို့သားတို့၏ စိတ်ပိုင်းဆိုင်ရာများလည်း ဖွံ့ဖြိုး တိုးတက်ရန် လိုအပ်နေသည်။ ရန်ကုန်မြို့သူ မြို့သားဟုဆိုရာတွင် ရန်ကုန်တွင် မွေးဖွားကြီးပြင်းသူများကိုသာ ဆိုလိုသည်မဟုတ်ဘဲ အနယ်နယ်အရပ်ရပ်မှ လာရောက်အခြေချ နေထိုင်သူအားလုံးကို ဆိုလိုပါသည်။

**စာမျက်နှာ (ဃ) သို့**

# ကိုဗစ်-၁၉ နဲ့ ရန်ကုန်အနေအထား

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ပထမလှိုင်းက အကျပိုင်းကို ရောက်ရှိနေပြီဖြစ်တယ်လို့ ဩဂုတ် ၁၈ ရက်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီက ထုတ်ပြန်တဲ့ ပြည်သူသို့ပန်ကြားချက်ကို ဖတ်ရှုလိုက်ရပါတယ်။**



ကြည့်မြင်တိုင် ထီးတန်းဈေးအတွင်း နှာခေါင်းစည်းများ တပ်ဆင်ရန် ဈေးတာဝန်ခံနှင့်အဖွဲ့က လိုက်လံနှိုးဆော်စဉ်။

ဝမ်းသာစရာ သတင်းကောင်းတစ်ရပ်ကို ကြားလိုက်ရခြင်းပါ။ ဆရာတော်သံဃာတော်ကြီးတွေရဲ့ မေတ္တာ၊ နိုင်ငံတော်အစိုးရရဲ့ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ဝေဒနာဆိုးကြီးကနေ ပထမအဆင့်ကို ကျော်ဖြတ်နိုင်ကြတော့မှာမို့ အားလုံးက ကျေးဇူးတင်မိခဲ့ကြပါတယ်။

## ပြည်သူအားလုံးက စိုးရိမ်ထိတ်လန့်

ဒီရောဂါဆိုးကြီးဟာ ၂၀၂၀ မတ်လ လောက်ကတည်းကနေ မြန်မာပြည်ထဲကို ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ ပြည်သူများသို့ ပန်ကြားချက်တွေ၊ မေတ္တာရပ်ခံချက်တွေ၊ တားဆီးပိတ်ပင်စီမံမှုတွေ ပြုလုပ်ပြီး ဆောင်ရွက်လာခဲ့တာ ဖြစ်ပါတယ်။ ဖြစ်စမှာ ပြည်သူအားလုံးက စိုးရိမ်ထိတ်လန့်ကြောက်ရွံ့မှုတွေနဲ့ လိုက်နာ နေထိုင်သွားလာနေခဲ့ကြပါတယ်။

ကူးစက်မှုတွေက ဆယ်ဂဏန်း အောက်နဲ့ ဆယ်ဂဏန်းဝန်းကျင်လောက်မှာပဲ ရှိနေခဲ့ပါတယ်။ အချို့သော ရက်တွေမှာ ဆက်တိုက်ဆိုသလို ပိုးတွေ့လူနာမရှိခဲ့ပါဘူး။ ကူးစက်မှုတွေကလည်း ပြည်တော်ပြန်တွေဆီကပဲဆိုတော့ ထိန်းချုပ်မှုက နိုင်နင်းခဲ့ပါတယ်။ ပြည်တွင်းကူးစက်မှုဆိုတာက ဩဂုတ်လအလယ်လောက်ထိ လုံးဝမရှိခဲ့ပါဘူး။

## ဆေးရုံကြီးတွေရှိတဲ့ မြို့ကြီး

မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဟာ ရန်ကုန်ပါ။ မြန်မာပြည်ရဲ့ ခံတပ်ကြီးလို့လည်း ပြောရင်ရပါတယ်။ စီးပွားရေးမြို့တော်ပီပီ လူနေမှု သိပ်သည်းပါတယ်။ အလုပ်အကိုင်ပေါများပါတယ်။ ကုသထိန်းချုပ်မှုအတွက်ကို အားထည့်ဆောင်ရွက်နိုင်တဲ့ ဆေးရုံကြီးတွေလည်းရှိတဲ့ မြို့ကြီးဖြစ်ပါတယ်။

ဒါ့ကြောင့် အခု ကိုဗစ်-၁၉ ဖြစ်စဉ်မှာ ရန်ကုန်မြို့က ပိုးတွေ့လူနာဦးရေ ပိုများပြားရခြင်းဟာ အထိတ်တလန့် ဖြစ်စရာတော့ မဟုတ်ပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေ ဩဂုတ် ၂၁ရက်က ထုတ်ပြန်တဲ့ ပိုးတွေ့လူနာ စာရင်းအရဆိုရင် ရန်ကုန်မှာ ၃၀၂ ဦး ရှိခဲ့ပါတယ်။ ဒါကလည်း တကယ်တမ်းကျတော့ လူနာအများအပြားမှာ အဲဒီရောဂါလက္ခဏာတွေ မတွေ့ရတော့တဲ့အတွက်ဆေးရုံကနေ ဆင်းသွားကြပြီလည်း ဖြစ်ပါတယ်။

## အယောက် ၃၀ အထိ စုဝေးခွင့်တွေရ

ဒါ့ကြောင့် ဖြေလျှော့ခြင်းတွေကို တစ်ဆင့်ချင်း လျှော့လာလိုက်တာပါ။ လူစုလူဝေး ငါးယောက်ထက် ပိုမိုစုဝေးခြင်း မပြုလုပ်ရဆိုတဲ့ တားမြစ်ကန့်သတ်ချက်ကနေ အခုဆို အယောက် ၃၀ အထိ စုဝေးခွင့်တွေရခဲ့ကြပါပြီ။

## ရိုက်ကူးရေးတွေတောင် ခွင့်ပြု

အစိုးရဌာနဆိုင်ရာတွေ၊ ကုမ္ပဏီတွေမှာ ဝန်ထမ်းတွေ ရက်ပြည့်တာဝန်ထမ်းဆောင်နေကြပါပြီ။ ဝန်ထမ်းတွေ လုပ်ငန်းခွင် ပြန်ဝင်ကြပြီဆိုတော့ အများပြည်သူစီး လိုင်းကားတွေ အပြည့်ပြန်ထွက်နေကြပါပြီ။ စားသောက်ဆိုင်တွေကိုလည်း သတ်မှတ်စည်းကမ်းတွေနဲ့အညီ ပြန်လည်ဖွင့်ခွင့်တွေ ပေးခဲ့ပါပြီ။ ခရီးဝေးလိုင်းကားကြီးတွေ ပြန်ထွက်ခွင့်ပြုခဲ့ပါပြီ။ အစည်းအဝေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့သတ်မှတ်ညွှန်ကြားချက်တို့နဲ့အညီ ပြုလုပ်ခွင့်တွေ ပေးထားပြီးဖြစ်ပါတယ်။ နောက်ဆုံး ရုပ်ရှင်လောကသားတွေအတွက် ရိုက်ကူးရေးတွေတောင် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကနေ့ရန်ကုန်ဟာ အရင်အတိုင်းပဲ ပုံမှန်ပြန်လည်ပတ်လှုပ်ရှားနေပါပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ကြည့်လိုက်ရင် အရင်ကဖြစ်ခဲ့ဖူးတယ်လို့ မထင်ရလောက်အောင်ကို ရှိနေပါပြီ။

## ခရီးသည်အပြည့်အကျပ်

ဈေးတွေမှာဆို တိုးမပေါက်အောင်ရှိနေပါပြီ။ ဈေးရောင်း၊ ဈေးဝယ်အားလုံး နှာခေါင်းစည်း တပ်ပြီး အရောင်းအဝယ်လုပ်ဖို့ကို ဈေးတာဝန်ခံများကိုယ်တိုင်က နေ့စဉ် လိုက်လံသတိပေးနေပေမယ့် လိုက်နာမှုအားနည်းသူတွေကို တွေ့မြင်နေရဆဲပါ။ လိုင်းကားကြီးတွေဆိုလည်း နံနက်၊ ညနေမှာ ခရီးသည်အပြည့်အကျပ်နဲ့။ အချို့ နှာခေါင်းစည်းတောင် မတပ်ကြပါဘူး။ လမ်းသွားခရီးသည် အတော်များများကို ကြည့်လိုက်ရင် နှာခေါင်းစည်းတော့ ပါပါရဲ့ မေးမှာ ချိတ်သူအရေအတွက်က ပိုလို့များနေတာကိုတွေ့မြင်ရမှာဖြစ်ပါတယ်။

ရန်ကုန်မြို့လယ်ကနေ မော်တော်ကားနဲ့ တစ်နာရီကျော်ကျော်လောက် သွားလို့ရတဲ့ မြို့နယ်တစ်ခုမှာဆို အခပေး အပျော်တမ်းရေကစားကန်ကြီး (ရေလွှာလျှောစီး) က အကြီးကြီးပါ။ မြို့နယ်အသီးသီးကလာတဲ့သူတွေနဲ့ စည်ကားလိုက်တာမှ မော်တော်ကားတောင် ရပ်စရာမရှိအောင်ပါ။ အဲဒီအနေအထားကိုကြည့်ရင် ရန်ကုန်မှာ ကိုဗစ်-၁၉ ဆိုတာ လုံးဝမရှိတော့ဘူးလို့တောင် ထင်ရပါတယ်။

ပြောစရာတစ်ခုတော့ရှိပါတယ်။ ရန်ကုန်က ဘုရားကျောင်းကန်တွေ လုံးဝမဖွင့်သေးပါဘူး။ ဟုတ်ပါတယ်။ ဇူလိုင် ၃၀ ရက်မှာ ဖွင့်မယ်လို့ ဆိုခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မဖွင့်နိုင်သေးပါဘူး။ ခုအချိန်မှာ မဖွင့်ဖြစ်တာကိုပဲ ပြန်ကျေးဇူးတင်ရမှာပါ။

## တိုးမပေါက်အောင် စည်ကား

အဲဒီအချိန်တုန်းကလည်း ဝါဆိုလပြည့်နေ့ကြီးနေ့မြတ်နဲ့ အလွန်နီးကပ်နေတာကြောင့်လို့လည်း ယူဆမိပါတယ်။ တကယ်လို့ အဲဒီရက်ကသာ ဖွင့်ခွင့် ဖူးမြော်ခွင့်များပေးလိုက်မယ်ဆို ရွှေတိဂုံဘုရားစတဲ့ ရန်ကုန်မြို့က တန်ခိုးကြီးဘုရားတွေမှာ တိုးမပေါက်အောင် စည်ကားများပြားသွားမှာ ဖြစ်ပါတယ်။

တစ်ဦးနဲ့တစ်ဦး တိုးတိုးဝှေ့ဝှေ့ထိတွေ့ရာကနေ တကယ်လို့များ အဲဒီရောဂါကူးစက်မှု စဖြစ်လာခဲ့ရင်ဆိုတဲ့ စေတနာစိတ်နဲ့ ချက်ချင်း ပြန်ပိတ်လိုက်တာလို့ အကောင်းဘက်က တွေးမိခဲ့ပါတယ်။

ဒါ့ကြောင့် ရန်ကုန်အပါအဝင် မြို့ကြီးတွေမှာ တစ်လျှောက်လုံးထိန်းလာနိုင်ခဲ့ပြီး အစက ဆိုခဲ့သလို ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းက အရှိန်တွေ လျော့နည်းလို့ အကျဘက်ကို ဦးတည်နေပြီလို့ ဆိုခြင်းဖြစ်ပါတယ်။

ဒါပေမယ့် အဆုံးမသတ်ခင်မှာ ဇာတ်လမ်းက ပြန်စချင်ခဲ့ပါပြီ။ ဒုတိယလှိုင်းလို့ ပြောပြောနေတဲ့လှိုင်းက အရှိန်ရော၊ အလုံးရော၊ အမြင့်ပါ အားကြီးကြီးနဲ့ လာဖို့ပြင်နေပါပြီ။ ကာရံထားတဲ့ စည်းရိုးက စစ်တွေဘက်က စပေါက်ခဲ့ပါပြီလို့ ဆိုရမှာဖြစ်ပါတယ်။

*အချပ်ပို (ဂ) သို့*

> **“ဈေးတွေမှာဆို တိုးမပေါက်အောင်ရှိနေပါပြီ။ ဈေးရောင်း၊ ဈေးဝယ်အားလုံး နှာခေါင်းစည်းတပ်ပြီး အရောင်းအဝယ်လုပ်ဖို့ကို ဈေးတာဝန်ခံများကိုယ်တိုင်က နေ့စဉ် လိုက်လံသတိပေးနေပေမယ့် လိုက်နာမှုအားနည်းသူတွေကို တွေ့မြင်နေရဆဲပါ။ လိုင်းကားကြီးတွေဆိုလည်း နံနက်၊ ညနေမှာ ခရီးသည်အပြည့်အကျပ်နဲ့။ အချို့ နှာခေါင်းစည်းတောင် မတပ်ကြပါဘူး။ လမ်းသွားခရီးသည် အတော်များများကို ကြည့်လိုက်ရင် နှာခေါင်းစည်းတော့ ပါပါရဲ့ မေးမှာချိတ်သူအရေအတွက်က ပိုလို့များနေတာကို တွေ့မြင်ရမှာဖြစ်”**



ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။

# ရန်ကုန်မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှုရပ်ဝန်းတစ်ခု

**ဆွေဦးဝေ**

ရန်ကုန်မြို့မှာ ပြည်သူ့အိမ်ရာတွေ တည်ဆောက်ခဲ့တာဟာ သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ အသွင်သစ်နဲ့ အထပ်မြင့်အဆောက်အအုံတွေ၊ အထပ်မြင့်တာဝါတွေ၊ တိုက်တာအသစ်တွေ အပြိုင်းအရိုင်းထွက်ပေါ်လာနေတဲ့ ရန်ကုန်မြို့မှာ သက်တမ်းရင့်အစိုးရအိမ်ရာတွေက ကြံ့ခိုင်မှုနဲ့ ဘေးကင်းမှုတွေအတွက် စိုးရိမ်စရာအနေအထား ဖြစ်လာပါတယ်။ ဒီလိုအခြေအနေတွေရှိနေတဲ့ ပြည်သူ့အိမ်ရာတွေအနက် လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်းကို ပြန်လည်တည်ဆောက်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

**၄ ဒသမ ၇ ဧကပေါ်မှာ တည်ဆောက်**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနဲ့ မော်တင်လမ်းကြားမှာ တည်ရှိတဲ့ လမ်းသစ်ပြည်သူ့အိမ်ရာက အဆောက်အအုံဟောင်းတွေနေရာရဲ့ မြေအကျယ်အဝန်း ၄ ဒသမ ၇ ဧကပေါ်မှာ တည်ဆောက်နေတဲ့ ဒီစီမံကိန်းဟာ အဆောက်အအုံတွေ ဆောက်လုပ်ဆဲအနေအထားတွေ ရှိနေပြီဖြစ်ပါတယ်။ ဒီစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းပြီး တင်ဒါအောင်မြင်ခဲ့တဲ့ စေပိုင်ဖွံ့ဖြိုးရေးလီမိတက်က တည်ဆောက်နေတာဖြစ်ပါတယ်။

ဒီစီမံကိန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး လာမယ့် ၂၀၂၁ ခုနှစ်မှာ ပြီးစီးမယ်လို့ မျှော်မှန်းထားပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ ရိုက်ခတ်နေတဲ့ ကိုဗစ်-၁၉ ကြောင့် တည်ဆောက်မှုလုပ်ငန်းတွေ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရပေမယ့် အတတ်နိုင်ဆုံး ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည်စတင်နေပါတယ်။

ဒီလို ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်တဲ့အခါ မူလနေထိုင်သူတွေကို ပြောင်းရွှေ့နေထိုင်ခတွေ ဖြည့်ဆည်းပေးပြီး စီမံကိန်းကာလအတွင်း တာဝန်ယူဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်း ပြန်လည်တည်ဆောက်ပြီးစီးတဲ့အခါ မူလကနေထိုင်သူအိမ်ထောင်စု ၂၆၄ စု၊ အိမ်ခန်းပေါင်း ၂၆၄ ခန်းကို ပြန်လည်နေရာချထားပေးမှာဖြစ်ပါတယ်။

**ပိုမိုကျယ်ဝန်းပြီး အဆင့်မြင့်တဲ့ တိုက်ခန်း**

ဒီလို ပြန်လည်တည်ဆောက်တဲ့အခါ မူလက တိုက်ခန်းတစ်ခန်းအကျယ်စတုရန်းပေ ၆၀၀ ရှိခဲ့ပေမယ့် အသစ်တည်ဆောက်ပြီးစီးသွားရင် တိုက်ခန်းတစ်ခန်းအကျယ်ပေ ၇၀၀ ကျယ်ဝန်းတဲ့ တိုက်ခန်းသစ်တွေကို မူလပိုင်ရှင်တွေကို ပြန်လည်ပေးအပ်နေရာချထားမှာဖြစ်တယ်လို့ သိရပါတယ်။ အရင်ကထက် ပိုမိုကျယ်ဝန်းပြီး အဆင့်မြင့်တဲ့ တိုက်ခန်းတွေ ရရှိကြမှာ ဖြစ်ပါတယ်။

လောလောဆယ်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ တဖြည်းဖြည်းနဲ့ပြန်လည်စတင်နေပြီဖြစ်လို့ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ပါ့မလားဆိုတဲ့ စိုးရိမ်မှုတွေလျော့နည်းစေမှာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေအပေါ် အမျိုးမျိုးသောဝေဖန်မှုတွေ ထွက်ပေါ်နေပေမယ့် စီမံကိန်းလုပ်ငန်းတစ်ခုလုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးတဲ့အခါ ပကတိအခြေအနေကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။

**ခြောက်ထပ်ရှိတဲ့ အဆောက်အဦ ၂၈ လုံး**

လမ်းသစ်ပြည်သူ့အိမ်ရာ စီမံကိန်းတည်ဆောက်နေတဲ့အခါ အဓိကအနေနဲ့အပိုင်းလေးခုပါဝင်ကြောင်း သိရပါတယ်။ အဲဒီအပိုင်းတွေကတော့ အထပ်အမြင့် ၂၅ ထပ်ရှိတဲ့ အဆောက်အအုံ နှစ်ခု၊ ဈေးရောင်းဖို့အတွက်ရော နေအိမ်အတွက်ပါ အသုံးပြုလို့ရမယ့် ခြောက်ထပ်ရှိတဲ့ အဆောက်အအုံ ၂၈ လုံးလည်း ပါရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကားအစီးရေ ၈၀၀ ဆံ့ ကားပါကင်နဲ့ ရေကူးကန်အပါအဝင် လူနေအိမ်ခန်းတွေနဲ့ ရုံးခန်းတွေလည်း ပါဝင်မှာဖြစ်ကြောင်း သိရပါတယ်။

အဲဒီအပိုင်းတွေအပြင် ဘတ်စ်ကားနဲ့ တက္ကစီရပ်နားနေရာလည်းပါဝင်မှာ ဖြစ်သလို ကျုံးကြီးမြောင်းတစ်လျှောက်ရှိ အများပြည်သူအသုံးပြုနိုင်တဲ့ အဆင့်မြင့်အမိုးအကာပါရှိတဲ့ အရှည်ပေ ၈၇၀ ခန့်ရှိ လူသွားစင်္ကြံလမ်းလည်း ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီလို စင်္ကြံလမ်းပါဝင်တဲ့အတွက် အသုံးပြုသွားလာမယ့် ပြည်သူတွေ မိုးဒဏ်၊ နေဒဏ်တို့မှ အကာအကွယ်ရရှိပြီး စိတ်အနှောင့်အယှက်ကင်းကင်းနဲ့ သွားလာနိုင်ကြမှာ ဖြစ်ပါတယ်။

အခုလို အကောင်အထည်ဖော် တည်ဆောက်နေတဲ့ လမ်းသစ်ပြည်သူ့အိမ်ရာ စီမံကိန်းအဆင့်မြှင့်တင် တည်ဆောက်နေမှုနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ပြည်သူတွေရဲ့လက်ရှိနေထိုင်မှု ဘဝကိုမြှင့်တင်ပေးခြင်းဟာ သူတို့ရဲ့လူမှုဘဝအခြေအနေကို တိုးတက်အောင် ဆောင်ရွက်ပေးတာဖြစ်သလို နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးခြင်းလည်းဖြစ်ပါတယ်" လို့ ပြောထားပါတယ်။

**ပြည်တော်သစ်အိမ်ရာစီမံကိန်း**

ရန်ကုန်မြို့မှာ ပြည်သူ့အိမ်ရာစီမံကိန်းတွေဟာ သက်တမ်းရင့်နေပြီဖြစ်ပြီး အခု လမ်းသစ်ပြည်သူ့အိမ်ရာ စီမံကိန်းဟာလည်း ၁၉၅၈ ခုနှစ်က တည်ဆောက်ခဲ့တဲ့ အိမ်ရာ

> **"လမ်းသစ်ပြည်သူ့အိမ်ရာ ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်တဲ့ စီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတာမို့ စီးပွားရေးလုပ်ငန်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေကို ရရှိစေမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်နဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ အနေအထားဖြစ်တဲ့အပြင် ရန်ကုန် - ဒလမြစ်ကူးတံတားလည်း ထွက်ပေါ်လာတော့မှာမို့ ဒီရပ်ဝန်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အရှိန်အဟုန်နဲ့ဖြစ်ပေါ်လာမှာဖြစ်"**



တစ်ခုဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အစိုးရက တည်ဆောက်ခဲ့တဲ့ ပြည်သူ့အိမ်ရာပေါင်း ၁၁ ခုရှိနေပြီး ၅၂ လမ်း ပြည်သူ့အိမ်ရာနဲ့ ပုဇွန်တောင်မြို့နယ်အတွင်းက ပြည်တော်သစ်အိမ်ရာစီမံကိန်းတွေကတော့ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲအနေအထားတွေ ရှိနေပြီဖြစ်ပါတယ်။ ကျန်ရှိတဲ့ ပြည်သူ့အိမ်ရာတွေကို ပြန်လည်တည်ဆောက်ဖို့ အစီအစဉ်တွေလည်း ရှိနေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အခုလိုပြည်သူ့အိမ်ရာစီမံကိန်းတွေကို ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်တဲ့အခါ ပိုမိုပြည့်စုံနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်အားဖြည့်ပူးပေါင်းဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။ ဒီလိုတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ဆောင်ရွက်နေတာကြောင့် ပြည်သူတွေရဲ့ မြေပြင်လိုအပ်ချက်အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်ရေးကူညီနိုင်မှာ ဖြစ်ပါတယ်။

လမ်းသစ်ပြည်သူ့အိမ်ရာ ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်တဲ့ စီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတာမို့ စီးပွားရေးလုပ်ငန်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေကို ရရှိစေမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်နဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ အနေအထားဖြစ်တဲ့အပြင် ရန်ကုန်-ဒလမြစ်ကူးတံတားလည်း ထွက်ပေါ်လာတော့မှာမို့ ဒီရပ်ဝန်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အရှိန်အဟုန်နဲ့ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

ဒီလိုအနေအထားတွေနဲ့ ပေါ်ထွက်လာမယ့် လမ်းသစ်ပြည်သူ့အိမ်ရာစီမံကိန်းဟာ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုရဲ့ ခေတ်မီလှပတဲ့ ပုံရိပ်သစ်တစ်ခုအဖြစ် တည်ရှိလာမှာဖြစ်သလို လူနေမှုဘဝမြှင့်တင်ပေးနိုင်တဲ့ နေရာတစ်ခုအဖြစ်လည်း ရောက်ရှိလာမှာ ဖြစ်ပါတယ်။

---

*အချပ်ပို (ခ) မှ*

ဖြစ်စဉ်တစ်ခုလုံးမှာ ပြည်တွင်းကူးစက်မှုလုံးဝမရှိဘူးဆိုပြီး တစ်နိုင်ငံလုံးဝမ်းသာနေကြရာက ဩဂုတ် ၁၆ ရက်ကစပြီး မမျှော်လင့်ဘဲ ဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။

**စောင့်ကြည့်ရတဲ့အနေအထား**

အဲဒီကူးစက်မှုခရီးစဉ်က ရန်ကုန်ကို အလစ်အငိုက် ထပ်ပြီးဝင်လာခဲ့ပါပြီ။ လူနာနဲ့ ထိတွေ့ခဲ့ဖူးတဲ့ ရန်ကုန်ကသူတွေကိုစောင့်ကြည့်ရတဲ့အနေအထားတွေ ဖြစ်လာပါပြီ။

နောက်တစ်ခုက ပထမဖြစ်တဲ့ ကိုဗစ်-၁၉ ထက် ပိုကြောက်စရာကောင်းပြီး ဆယ်ဆမက မြန်နှုန်းနဲ့ ရောဂါကူးစက်နိုင်တဲ့ (D-614 G) အမျိုးအစားဆိုတာကြီးကို မြန်မာပြည်မှာ စတင်တွေ့ရှိနေပြီလို့ မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်ထွန်းညွှန့်က ဩဂုတ် ၂၁ ရက်က ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားမှုကလည်း ရှိခဲ့ပါတယ်။

**ကြိုတင်ကာကွယ်**

ဖြစ်မှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းနဲ့ အနိုင်ယူနိုင်စေဖို့ ရန်ကုန်သူရန်ကုန်သားတွေ အရင်လိုပဲ အိမ်မှာနေကြပါ။ မလိုအပ်ဘဲ အပြင်မထွက်ကြပါနဲ့၊ လိုအပ်လာရင်လည်း မိသားစုထဲမှတစ်ဦးသာ ထွက်ကြပါ၊ အိမ်ပြင်ထွက်တိုင်း နှာခေါင်းစည်းကို တပ်ကြပါ၊ အပြင်ကပြန်လာပြီးတိုင်း လက်ကို စင်စင်ကြယ်ကြယ် ဆေးကြပါ။

**ဈေးနှုန်းက အဆမတန် ခုန်တက်**

ဒီရက်ထဲမှာ သတင်းတစ်ခုကို ဖတ်လိုက်ရပါတယ်။ YBS ယာဉ်တွေမှာ နှာခေါင်းစည်းများကို မဖြစ်မနေ တပ်ဆင်ဖို့လှုပ်ရှားမှုတွေ ပြုလုပ်မယ်တဲ့ ဝမ်းသာစရာပါ။ ဒါပေမယ့် ပြည်တွင်းကူးစက်မှုကို ညက အသံကြားတာနဲ့ နောက်ရက်မနက်စောစောမှာပဲ နှာခေါင်းစည်းဈေးနှုန်းက အဆမတန် ခုန်တက်သွားခဲ့ပါပြီ။ အရေအတွက် ၅၀ ပါ ဘူးတစ်ဘူးကို ငွေကျပ် ၆၀၀၀ ကျော်အထိ ဖြစ်သွားခဲ့ပါတယ်။ သက်ဆိုင်ရာ အဖွဲ့အစည်းများက ဝိသမလောဘသမားများကို ထိန်းသိမ်းပေးကြပါ။

**ဒုတိယလှိုင်းကို ကြိုတင်ကာကွယ်**

ဒါ့အပြင် YBS မစီးမဖြစ် စီးနင်းနေကြရသူတိုင်း လက်ဆေးဂျယ်လေးများကို ဆောင်ထားစေလိုပါတယ်။ ကားပေါ်က ဆင်းဆင်းချင်း မိမိလက်ကို ဂျယ်ဖြင့် သန့်စင်ကြပါ။ နောက်တစ်ခါ စားသောက်ဆိုင်များအနေဖြင့် ပြန်ဖွင့်ဖို့ စစ်ဆေးခံစဉ်က ပြင်ဆင်မှုအတိုင်း အကာအရံများ ပြန်ထားကြပါ။ ဆိုင်ရှေ့မှာ လက်ဆေးကန်များ ပြန်ထားကြပါ။ ဆိုင်လာတဲ့သူတိုင်းကို တစ်ယောက်မကျန် ကိုယ်အပူချိန်တိုင်းဖြစ်အောင် တိုင်းကြပါ။ မြို့နယ်က တာဝန်ရှိသူများကလည်း စားသောက်ဆိုင်များ စစ်ဆေးမှုကို မကြာမကြာ ပြုလုပ်ပေးကြပါ။ လျှပ်တစ်ပြက် ရှောင်တခင်ဝင်ရောက်စစ်ဆေးပေးကြပါ။ လမ်းသွားလမ်းလာများကို နှာခေါင်းစည်း အမြဲတပ်ဆင်ဖို့ သတိပေးနှိုးဆော်မှုတွေ ပြုလုပ်ပေးကြပါ။ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိပါက ထိထိရောက်ရောက်အရေးယူခြင်းဖြင့် ကိုဗစ်-၁၉ ကို ကာကွယ်အနိုင်ယူကြပါစို့။

*ချစ်သောရန်ကုန် ... မှ*

ရန်ကုန်မြို့နေလူထု၏ စိတ်ဓာတ်ပိုင်းဆိုင်ရာများ ကျန်းမာသန်စွမ်းစေရေးအတွက် အမြော်အမြင်ရှိသူတို့က လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ ထူထောင်လှုပ်ရှားကြသည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့တွင် လူထုအခြေပြုပရဟိတအဖွဲ့များ အများအပြား ပေါ်ပေါက်လာသည်။ ရန်ကုန်မြို့တွင် ပရဟိတအဖွဲ့များကို ဖွဲ့စည်းထူထောင်ရာတွင် မိမိကြိုက်နှစ်သက်ရာ အခန်းကဏ္ဍအလိုက် ဖွဲ့စည်းထားကြလေ့ရှိသည်။

**ဖွဲ့စည်းထူထောင်ထား**

ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်အမှိုက်များ လိုက်လံသိမ်းဆည်းသောအဖွဲ့၊ ရန်ကုန်မြို့တော်ကြီး စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းမန်များ လိုက်လံစိုက်ပျိုးပေးသောအဖွဲ့၊ မြို့နေလူထု၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ နာရေးဖြစ်ပွားလာပါက ကူညီမှုပြုနိုင်ရန် နာရေးကူညီမှုအဖွဲ့ စသည်ဖြင့် စိတ်သဘောထားတူညီသူများ ဝိုင်းဖွဲ့ကာ အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ထားကြသည်။

ထို့အပြင် မြို့တော်ရန်ကုန်ရှိ ပရဟိတအဖွဲ့အစည်းများ၊ တစ်ဦးချင်း စီးပွားရေးလုပ်ငန်းရှင်များ၊ ရန်ကုန်မြို့ကို ချစ်မြတ်နိုးသူများ၊ သန့်ရှင်းသာယာလှပစေချင်သူများ စုဖွဲ့ပူးပေါင်းကာ We Love Yangon အဖွဲ့ကြီးကို ၂၀၂၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့က ဖွဲ့စည်းထူထောင်ခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးလည်းဖြစ်၊ စာရေးဆရာတစ်ဦးလည်းဖြစ်သူ ဒေါ်သန်းမြင့်အောင်ကို အဖွဲ့သားအားလုံးက ဥက္ကဋ္ဌအဖြစ် ဝိုင်းဝန်းတင်မြှောက်ခဲ့ကြသည်။ We Love Yangon အဖွဲ့ကြီး ဖွဲ့စည်းရခြင်းနှင့် ပတ်သက်၍ ဆရာမကြီးက "နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမှာ အစိုးရကောင်းက ဘယ်လောက်မူဝါဒကောင်းတွေ ချမှတ်ချမှတ် အဲဒီအပေါ်မှာ စိတ်ပါဝင်စားစွာအချိန်နဲ့ တစ်ပြေးညီ တက်တက်ကြွကြွ ပါဝင်ကြမယ့် ပြည်သူလူထုအားကသိပ်ကိုအရေးကြီးပါတယ်။ အဲဒီအတွက် အစိုးရနဲ့ပြည်သူကြား မှန်မှန်ကန်ကန် ချိတ်ဆက်ဆောင်ရွက်ပေးကြမယ့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများရဲ့ အင်အားဟာ မရှိမဖြစ် လိုအပ်တယ်လို့ ယူဆတဲ့အတွက် ဒီအဖွဲ့အစည်းကို ဖွဲ့စည်းဆောင်ရွက်ဖြစ်တာပါ" ဟု ပြောကြားခဲ့သည်။



> **" ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရေးအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက် အခြေချနေထိုင်သူများ အားလုံးပါဝင်ကြသော We Love Yangon လူထုအခြေပြု ပရဟိတအဖွဲ့ကြီးသည် ယခုအခါ သက်တမ်းကာလအားဖြင့် ခြောက်လနီးပါး ကြာမြင့်ခဲ့ပြီဖြစ် "**

**ပါဝင်အားဖြည့်**

ရန်ကုန်မြို့တော်အတွက် အများအကျိုး၊ ပြည်သူ့အကျိုးဆောင်ရွက်မည့် အဖွဲ့ကြီးဖြစ်သည့် အားလျော်စွာ ပရဟိတအင်အားများ၏ အကူအညီလိုအပ်ပုံနှင့်ပတ်သက်၍ ဆရာမကြီး ဒေါ်သန်းမြင့်အောင်က "နိုင်ငံတကာနဲ့ယှဉ်လိုက်ရင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုသိပ်ကိုနောက်ကျကျန်နေခဲ့ပြီဖြစ်တဲ့ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်လူငယ်လေးတွေ ဗလငါးတန်နဲ့ပြည့်စုံဖို့ အချိန်ရှိသရွေ့၊ အင်အားရှိသရွေ့ မဖြစ်မနေ ကြိုးပမ်းအားထုတ်ပေးကြဖို့အတွက်လည်း ပရဟိတအင်အားစုတွေရဲ့ အကူအညီများစွာ လိုပါတယ်။ အဓိကကတော့ ဘက်စုံထောင့်စုံကနေပြီးတော့ အစိုးရရဲ့ မူဝါဒကောင်းတွေကို နောက်ကနေ ပါဝင်အားဖြည့်ပေးဖို့ပါ" ဟု ပြောကြားသည်။

ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရေးအတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်အခြေချနေထိုင်သူများ အားလုံးပါဝင်ကြသော We Love Yangon လူထုအခြေပြုပရဟိတအဖွဲ့ကြီးသည် ယခုအခါ သက်တမ်းကာလအားဖြင့် ခြောက်လနီးပါး ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ထိုကာလအတွင်း လမ်းပြုပြင်ခြင်း၊ ရေကန်ဆယ်ခြင်း၊ ရေကန်ပြန်လည်တူးဖော်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ မြက်ရိတ်ခြင်း၊ အမှိုက်ကောက်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ လက်ဆေးဘေစင်လှူဒါန်းခြင်း၊ လမ်းအချက်ပြ ဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေစီးရေလာကောင်းရန် ဆောင်ရွက်ခြင်းတို့ကို သာမက ကိုဗစ်စင်တာများအတွက် အစားအသောက်များ ထောက်ပံ့ခြင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားဆဲကာလအတွင်း ဆေးဖျန်းခြင်း၊ စားသောက်ရေးခက်ခဲသောမိသားစုများအား စားနပ်ရိက္ခာဝေငှလှူဒါန်းခြင်း၊ သောက်သုံးရေများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အားဖြည့်ကူညီရန်လို**

ယခုကာလသည် ရန်ကုန်မြို့တော် အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်းဒဏ်ကို ကြံ့ကြံ့ခံကာကွယ်ရန် ပြင်ဆင်နေဆဲ ကာလဖြစ်သည်။ ကိုဗစ်-၁၉ ပထမလှိုင်းရိုက်ခတ်ခဲ့စဉ်က ရန်ကုန်မြို့နေလူထုနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ကျန်းမာရေးအဖွဲ့အစည်းများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ခဲ့သည့်နည်းတူ ကိုဗစ်ဒုတိယလှိုင်းဒဏ်ကိုလည်း ကြံ့ကြံ့ခံကာကွယ်နိုင်ရန် လွန်စွာအရေးကြီးလှသည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ အစပြုနေသော ရန်ကုန်ကို စိတ်ဓာတ်ခွန်အားဖြင့် အားဖြည့်ကူညီရန် လိုအပ်နေသည်။ ထို့ကြောင့်ပင် ရန်ကုန်လူထုနှင့်အတူ ရန်ကုန်ပရဟိတအဖွဲ့သားများ အားလုံးစုပေါင်းကာ ချစ်သောရန်ကုန်မြေ စောင့်ရှောက်ရန် လိုအပ်လျက်ရှိပါကြောင်း။

---

*YBS နှင့် ပုံမှန်ပြေးဆွဲမှု ... မှ*

ရန်ကုန်မြို့မှာ နေ့စဉ် ရုံးတက်ရုံးဆင်းသွားလာနေကြတဲ့ ကိုလူမောင်တို့လို ဝန်ထမ်းတွေအဖို့ YBS ယာဉ်တွေကိုပဲ အားကိုးအားထားစီးနေရတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် YBS ယာဉ်တွေ အစီးရေလျှော့ပြီး ပြေးဆွဲခဲ့တဲ့ကာလတွေဟာ ရုံးတက်ရုံးဆင်းတွေမှာ အခက်အခဲတွေကြုံတွေ့ခဲ့ရပါတယ်။ ရန်ကုန်မြို့တွင်းလမ်းတွေပေါ်မှာ ကားတွေရှင်းပြီး လူနည်းပါးတဲ့ ဘတ်စ်ကားမှတ်တိုင်မှာ ကိုလူမောင်တစ်ယောက် YBS ကားအလာကို အချိန်အကြာကြီး စောင့်မျှော်ခဲ့ရတဲ့ နေ့ရက်တွေကို ဖြတ်သန်းခဲ့ရပါတယ်။ ဒါပေမယ့် ဒီလိုအခက်အခဲတွေကို နေ့စဉ်ကျော်ဖြတ်ရင်း ကိုလူမောင်တို့လို ရုံးဝန်ထမ်းသမားတွေရော စက်ရုံ၊ အလုပ်ရုံ အလုပ်သမားတွေအပါအဝင် ခရီးသွားပြည်သူတွေအားလုံး လုပ်ငန်းခွင်ကို သွားရောက်ခဲ့ကြတာ ဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့မှာ YBS ယာဉ်လိုင်းအားလုံး ပြန်လည်ပြေးဆွဲနေပြီဖြစ်ပြီး ယာဉ်အစီးရေ ပြေးဆွဲမှုကလည်း ၄၀၀၀ ခန့်ရှိနေပြီဖြစ်လို့ ကိုလူမောင်တို့လို ရုံးတက်ရုံးဆင်းဝန်ထမ်းတွေအတွက် အရင်ကထက် ပိုပြီးတော့ သွားလာရတာ ပိုပြီး အဆင်ပြေလာပါတယ်။ YBS ယာဉ်လိုင်းအလိုက် သတ်မှတ်ထားတဲ့အစီးရေအတိုင်း အပြည့်အဝပြန်လည်ပြေးဆွဲပေးနိုင်ရင်တော့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားပြည်သူတွေအားလုံး သွားလာရေးအဆင်ပြေချောမွေ့သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆိုရင် YBS ယာဉ်ပေါ်မှာလည်း ခရီးသည်တွေ သတ်မှတ်အကွာအဝေးအတိုင်း လိုက်ပါစီးနင်းမှုမရနိုင်ရင်တောင်မှ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာအနေအထားမျိုးနဲ့ စီးနိုင်ကြမှာ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကြောင့် တစ်ဦးချင်း ကျန်းမာရေးအသိနဲ့ လိုက်နာကျင့်သုံးနေထိုင်သွားလာရမှာဖြစ်သလို YBS ယာဉ်တွေပေါ်မှာလည်း ကျန်းမာရေးနဲ့အညီ စီးနင်းနိုင်ကြဖို့ ယာဉ်ပိုင်ရှင်တွေဘက်ကလည်း တတ်နိုင်သမျှ ဝန်ဆောင်မှုပေးဖို့ လိုအပ်ပါတယ်။ အခုဆိုရင် YBS ယာဉ်တွေပေါ်မှာ နှာခေါင်းစည်းမတပ်ဘဲ လိုက်ပါစီးနင်းတဲ့ခရီးသည်တွေ များလာသလို အကာအကွယ်မဲ့ နှာချေ၊ ချောင်းဆိုးသူတွေလည်း တွေ့နေရပါတယ်။ ဒီလိုအခြေအနေမျိုးတွေနဲ့ YBS စီးရတိုင်း ကိုလူမောင်တစ်ယောက် စိတ်မသက်မသာဖြစ်ရသလို ကျန်းမာရေးအသိနဲ့လိုက်နာမှုအားနည်းတဲ့အပေါ်မှာ စိုးရိမ်စိတ်တွေဖြစ်ပေါ်တာ အခါခါပါပဲ။ ကိုဗစ်-၁၉ အပေါ် ပေါ့လျော့စွာ နေထိုင်တဲ့ YBS စီးခရီးသည်တွေကို နှာခေါင်းစည်းတပ်ဖို့ အမူအရာပြ၍တစ်မျိုး၊ သတိပေးစကား တိုးတိုးပြော၍တစ်ဖုံ အသိပေးရတာလည်း အကြိမ်ကြိမ်ပါပဲ။

ရန်ကုန်မြို့မှာ ကိုဗစ် – ၁၉ မတိုင်မီ YBS ယာဉ်စီးနင်းသူအရေအတွက်ဟာ တစ်နေ့ကို ၁၈ သိန်းကျော်ရှိနေပြီး ယာဉ်တစ်စီးကို ခရီးသည်စီးနင်းခ ငွေကျပ် ရှစ်သောင်းမှ တစ်သိန်းခန့်အထိ ရရှိခဲ့တယ်လို့ YRTA စာရင်းတွေအရ သိရပါတယ်။ အခုဆိုရင် နေ့စဉ် YBS စီးနင်းသူခရီးသည်ဟာ ၆၀ ရာခိုင်နှုန်းကျော် စီးနင်းနေကြောင်း သိရပါတယ်။ ၂၀၂၀ ဇွန်လ ပထမအပတ်အထိ YBS ယာဉ်အစီးရေ ၃၅၀၀ ခန့် ပြေးဆွဲနေခဲ့တာဖြစ်ပြီး ဒါဟာ ပုံမှန်ပြေးဆွဲမှုအနေအထားရဲ့ ၇၉ ရာခိုင်နှုန်းရှိတယ်လို့ YRTA တာဝန်ရှိသူတွေက ဆိုထားပါတယ်။ အခုဆိုရင် ယာဉ်အစီးရေ ၄၀၀၀ ခန့် ပြေးဆွဲနေတာဖြစ်လို့ တစ်လထက်တစ်လ အစီးရေပိုမိုတိုးချဲ့ပြေးဆွဲပေးနေတာဖြစ်ပါတယ်။

ကိုလူမောင်အနေနဲ့ကတော့ YBS ယာဉ်တွေ ယာဉ်လိုင်းအလိုက် သတ်မှတ်ထားတဲ့အခေါက်ရေပြည့်ပြည့်နဲ့ သတ်မှတ်ထားတဲ့ ယာဉ်အစီးရေပြည့်ပြည့် ပြေးဆွဲပေးစေချင်တဲ့ဆန္ဒဖြစ်ပေါ်မိတာ အကြိမ်ကြိမ်ပါပဲ။ YBS ယာဉ်လိုင်းအလိုက် ရှိနေတဲ့ ယာဉ်အစီးရေအတိုင်းသာပြည့်ပြည့်ဝဝပြေးဆွဲနိုင်ရင် ကိုဗစ်-၁၉ ကာကွယ်မှုသာမက ခရီးသွားလာရေးအတွက်ပါ အဆင်ပြေစေမှာ ဖြစ်ပါတယ်။ ဒါကလည်း ကိုလူမောင်တစ်ယောက်တည်းရဲ့ ဆန္ဒမဟုတ်ပါဘူး။ YBS စီးသူတွေအားလုံးရဲ့ ဆန္ဒပဲဖြစ်ပါတယ်။

YRTA အနေနဲ့လည်း YBS ယာဉ်စီးနင်းသူတွေ သွားလာရေးအဆင်ပြေအောင် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ယာဉ်စီးခအကြွေ ငွေကျပ် ၂၀၀ ပေးပြီး စီးနင်းဖို့အခက်အခဲမဖြစ်အောင် ငွေပေးကတ်စနစ်ကိုလည်း ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်က စတင်ပြီး ယာဉ်လိုင်းအချို့မှာ စတင်အသုံးပြုစေခဲ့ပါတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ YBS ယာဉ်လိုင်းအများအပြားမှာ ငွေပေးကတ်စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီလို ငွေပေးကတ်စနစ်ကို အလွယ်တကူအသုံးမပြုနိုင်သူတွေအနေနဲ့လည်း တိုက်ရိုက်ငွေပုံးထဲထည့်တဲ့စနစ်ကို ဆက်လက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နေ့စဉ်သွားလာနေကြတဲ့ ပြည်သူတွေအတွက် ဘတ်စ်ကား၊ မြို့ပတ်ရထား၊ ကူးတို့သင်္ဘော၊ ဝါးတားဘတ်စ်နဲ့ စက်တပ်သမ္ဗန်လေးတွေ ရှိနေပေမယ့် ပြည်သူအများစုအသုံးပြုနေတာတော့ YBS ဘတ်စ်ကားတွေပဲဖြစ်ပါတယ်။ ဒုတိယအများဆုံးကတော့ မြို့ပတ်ရထားဖြစ်ပြီး တတိယကတော့ ကူးတို့သင်္ဘောနဲ့ ရေယာဉ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားတွေစတဲ့ လုပ်ငန်းခွင် ဝင်နေသူတွေအတွက် သက်ဆိုင်ရာအလုပ်တွေက အလုပ်အသွားအပြန် အကြို၊ အပို့ ဖယ်ရီကားတွေ စီစဉ်ပေးထားပေမယ့် YBS ယာဉ်တွေကို နေ့စဉ်စီးနင်းသွားလာသူတွေ ရှိနေဆဲပါပဲ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ YRTA က ကြီးကြပ်ကွပ်ကဲနေတဲ့ YBS ယာဉ်လိုင်းပေါင်း ၁၂၄ လိုင်း ရှိပါတယ်။ အဲဒီယာဉ်လိုင်း ၁၂၄ လိုင်းက ကိုဗစ်-၁၉ မတိုင်မီ YBS ယာဉ်အစီးရေတစ်နေ့ကို ၄၅၀၀ ခန့် ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။ ယာဉ်မောင်းသူအရေအတွက်၄၈၀၀ ကျော်နဲ့ နေ့စဉ်ပြေးဆွဲပေးနေတဲ့ YBS ဟာ ရန်ကုန်မြို့မှာတော့ ကြီးမားတဲ့ သယ်ယူပို့ဆောင်တဲ့ကွန်ရက်ကြီး တစ်ခုဖြစ်ပါတယ်။ အဲဒီ YBS ယာဉ်လိုင်းတွေပေါ်မှာ နေ့စဉ်စီးနင်းလိုက်ပါနေတဲ့ ခရီးသည်အရေအတွက်ဟာ ကိုဗစ်-၁၉ မတိုင်မီက ၁၈ သိန်းခန့်ရှိတယ်လို့ ဆိုပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့ရဲ့ အကြီးမားဆုံး သယ်ယူပို့ဆောင်ရေးကွန်ရက်တစ်ခုဖြစ်တဲ့ YBS ယာဉ်လိုင်းတွေမှာ ယာဉ်အစီးရေပြေးဆွဲမှု အရင်အတိုင်း ပြည့်ပြည့်ဝဝ ပြေးဆွဲနိုင်ရေးအတွက် ကိုလူမောင်တို့လို ပြည်သူတွေ မျှော်လင့်နေမိပါတယ်။ အခက်အခဲတွေရှိနေပေမယ့် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ကာ YRTA ကလည်း ကြိုးစား အကောင်အထည်ဖော် ပေးမယ်လို့လည်း ကိုလူမောင် ယုံကြည်နေမိပါတယ်။

■